
www.burmeseclassic.com

# စဝင် ဒုန်းခ

## ကိုယ်ရောင်ကိုယ်ဝါအမှုန်း



BURMESE CLASSIC .com

design : myintthura 095132212

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်၊

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး၊

BURMESE CLASSIC .com

ရွှေသမင်

စာပေမှ စီစဉ်တင်ဆက်သည်။

# ဒိုင်းခ

## ကိုယ်ရောင်ကိုယ်ဝါအမုန်း

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | – | ၅၀၀၉၈၄၀၇၀၉ |
| မျက်နှာဖုံးခွင့်ပြုချက် | – | ၅၀၁၁၉၄၀၉၀၉ |
| အကြိမ် | – | ပထမအကြိမ် |
| | | ၂၀၁၀–ခုနှစ်၊ မေလ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀၀/– |
| ထုတ်ဝေသူ | – | ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉) |
| | | ရွှေသမင်စာပေ |
| | | ၃၇/၄၄လမ်း၊ |
| | | ဗိုလ်တထောင်မြို့နယ်၊ |
| | | ရန်ကုန်တိုင်း။ |
| အတွင်း/အဖုံးပုံနှိပ်သူ | – | ဒေါ်အေးအေး (မြ–၀၇၄၉၅) |
| | | စန်းသော်တာပုံနှိပ်တိုက် |
| | | တိုက် (၅၃)၊ ၅၅ လမ်း |
| | | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။ |

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

ဒီနိုင်း၊ခ

ကိုယ်ရောင်ကိုယ်ဝါအမှုန်း/ ဒီနိုင်း၊ခ၊ – ရန်ကုန်။

ရွှေသမင်စာပေ၊ ၂၀၀၉။

၂၄၀ – စာ ၊ ၁၅ စင်တီ x ၁၈ စင်တီ ။

(၁) ကိုယ်ရောင်ကိုယ်ဝါအမှုန်း


BURMESE CLASSIC .com



လျှို့ဝှက်ချက် ဇာပဝါကို လွှမ်းခြုံထားပါ ...

တိတ်ဆိတ်ခြင်း ဝန်းရံနဲ့တွေ ထုံမွှမ်း .....

ရတ်စက်တဲ့ ကျမ်းသစ္စာကို ရွတ်ဆို ....

မျက်ရည်တွေချိုနိုင်ရဲ့လား ...။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သိုလာဘ်ကိုးမလဲ ...

ကပ်ဆိုးတွေ သယ်လာတဲ့ မိုးနတ်သမီး ...

ဖျာလိုခင်း နင်းလို့ချေ ....

သွေးမျက်ရည်စက်ခြေ ...



BURMESE CLASSIC .com



# ပထမမြောက်

# ပန်းနုရောင် တစ္ဆေ ....



www.burmeseclassic.com

www.burmeseclassic.com



ခမ်းနားကြီးကျယ်တောက်ပမှုတို့ရဲ့ သက်တန့်ရောင်သဘင် ...။ ရတနာ့ပြပွဲတစ်ခုလို အဆင်အယင်နဲ့ ပရိသတ်တွေ ...ဒါဟာ မိုးကုတ်မြို့ရဲ့ လူပြောစမတ်ဖြစ်စေခဲ့တဲ့ မင်္ဂလာပွဲသဘင် တစ်ခုဆို လည်း မမှားပါဘူး ...။

သတို့သားရဲ့ ကြွယ်ဝချမ်းသာမှု သတို့သမီးရဲ့ ဆုတောင်းကောင်းတဲ့ လှပမှုဟာ ဧည့်ခံပွဲကို လာကြသူတွေအတွက် ချီးမွမ်းအားကျ တဲ့ လေသံတွေက တအုံနွေးနွေး ...

"ဒီလိုကြီးကျယ်တဲ့ မင်္ဂလာပွဲတစ်ခုကို စီစဉ်ဖို့ဆိုတာ ...အိပ်မက်တစ်ခု မက်ရသလိုပဲနော်"

"သိပ်သေချာတာပေါ့ဗျာ ...သတို့သားဘက်က ပြည့်စုံကြွယ် ဝမှု သတို့သမီးကလည်း လှလိုက်တာ ...ဘယ်ဘဝက ဆုတောင်း ကောင်းခဲ့သလဲမသိပါဘူး။ ကျွန်တော်တို့ မိုးကုတ်မြို့အတွက် ပြောစ





မတ်ဖြစ်မယ့် လက်ထပ်မင်္ဂလာပွဲပဲဗျို့ ...."

ဧည့်ခံပွဲက ကျင်းပဖို့နီးပါပြီ ခန်းမဆောင်အတွင်းမှာ ပျော်ရွှင် ရယ်မောနေသလောက် ... မင်္ဂလာခန်းမဆောင်ရဲ့ တစ်ဖက်နားနေ ဆောင်မှာတော့ ...လူတချို့ ပျာယာခတ်နေပါသည်။

သတို့သားရဲ့ ဖခင် ဦးမိုးကောင်းက သားဖြစ်သူ သတို့သား မိုးဟိန်းနိုင်ကို ဇောကပ်နေသူတစ်ယောက်လို ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်းပြောသည်။

"ဆိုဖီယာ ဘာကြောင့်ရောက်မလာသေးတာလဲ သား"

"သူ အရေးတကြီး ရှိတယ်ဆိုပြီး ..."

မိုးဟိန်းနိုင်က ဖခင်ကို စိတ်ပျက်တဲ့ လေသံနဲ့ ပြောသည်။ ဒီလိုအရေးကြီးတဲ့ အချိန်မှ ဘယ်သွားမှန်းမသိ လွှတ်ပေးလိုက်ရ တဲ့ သားဖြစ်သူကြောင့် ဦးမိုးကောင်း စိတ်ပျက်မိရသည်။

"ဆရာကြီး ပွဲစဖို့ အဆင်သင့်ဖြစ်ရင် ထွက်ခဲ့လို့ရပြီတဲ့ ..."

ဦးမိုးကောင်းရဲ့ တပည့် ကောင်လေးတစ်ယောက်က အခန်း ထဲဝင်လာပြီးပြောသည်။

"အဆင်သင့်ဖြစ်ရင် ထွက်ခဲ့မယ်လို့ ပြောလိုက် မောင်ငယ်"

မောင်ငယ်ဆိုတဲ့ ကောင်လေး တလေးတစား ဦးညွှတ်ပြီး အခန်းအပြင်ကို ပြန်ထွက်သွားပါတယ်။

မိုးဟိန်းနိုင် အတွေးတွေက ချာလည်လည် ...



www.burmeseclassic.com

www.burmeseclassic.com



ဆိုဖီယာကို သူစတွေ့ခဲ့တဲ့ သူ့မိတ်ဆွေ ဦးစောလှိုင်ရဲ့ မိတ်ဆက်ပေးမှုကြောင့်ဖြစ်သည်။ ဆိုဖီယာက ယဉ်ကျေးနူးညံ့တဲ့ မိန်းကလေး။ ရန်ကုန်က ကျေးဇူးကပ်ပွဲစား ဦးစောလှိုင်က ...သူ့ဆီက ပစ္စည်းတွေကို အရောင်းအဝယ်ဖြစ်စေရန် ရည်ရွယ်ပေးမယ့် သူ့နှလုံးသားကိုပဲ ဈေးဖြတ်ဝယ်ယူသွားခဲ့တဲ့ ဆိုဖီယာကို သူ ဘယ်အရပ်က လာသလဲ ...မိဘအသိုင်းအဝိုင်း ဘယ်သူလဲ သူမသိခဲ့ရ ဆိုဖီယာကိုယ်တိုင်ကလည်း ဟိုလိုလို ဒီလိုလို အဖြေစကား။ ဆိုဖီယာဆိုတဲ့ မိန်းကလေးက လှို့ဝှက်ချက်ဆန်တဲ့ ပန်းကလေး တစ်ပွင့်လိုပါပဲ ...ရန့်က တိတ်ဆိတ်ခြင်း စိတ္တဇဆန်လွန်းသည်။

ဆိုဖီယာဟာ ကျွန်တော့် ပတ်ဝန်းကျင်အတွက်တော့ ဆောင်းဥတု တစ်ခုလို ဝန်းကျင်တစ်ခုလုံးကို သိမ်သိမ်မွေ့မွေ့ ချုပ်ကိုင်နိုင်သည်။ ဘာဖြစ်လို့လဲဆိုတော့ အချိန်တိုတိုအတွင်းမှာ ကျွန်တော် ဖေဖေ ဦးမိုးကောင်းနဲ့ မေမေ ...ဒေါ်နှင်းချယ်ရီတို့ သည်းသည်းလှုပ် တဲ့အထိ အချစ်ပိုခဲ့ရတဲ့ မိန်းကလေးတစ်ယောက်လေ ...သူ သက် ပြင်းတွေ ဗရမ်းဗတာ ချရင်း နာရီကို ကြည့်လိုက်တော့ ...ညေ့ခံပွဲ ကပွဲ စချိန်ထက် မိနစ်နှစ်ဆယ်နောက်ကျနေပါပြီ ...

"ကလေးမ ...ဘာဖြစ်လို့ နောက်ကျနေပါလိမ့် ..."

တွင်းသူဌေး ဦးမိုးကောင်းတစ်ယောက် ကာယကံရှင် သားဖြစ်သူရဲ့ ကိုယ်စား ဒေါသပြန်ချင်နေသည်။ တစ်ဦးတည်းသော သားဖြစ်





သူ့အတွက် ဒီနယ်မြေမှာ ဟိုးဟိုးကျော်သွားအောင် သူစီမံခဲ့တဲ့ပွဲ ...။

"ဆရာကြီး ..."

ဝတ်စားကောင်းလှနဲ့ ဝင်လာတဲ့ သူတပည့် တစ်ယောက် ....

"ဘာလဲ ပြော ..."

"လူတစ်ယောက်က ဦးမိုးကောင်းကို ပေးပေးပါ။ နောက်ပြီး ဒီလက်ဆောင်ထုပ်ကို ရရချင်း ဖွင့်ကြည့်စေချင်တယ်တဲ့ ...မွန်မြတ်ကောင်းမွန်သော လက်ဖွဲ့လို့ ပြောပါတယ်"

သူတပည့်လှမ်းပေးတဲ့ အထုပ်ကို ကြည့်ပြီး ဦးမိုးကောင်းမျက်မှောင်ကြုတ်သည်။

"ဘယ်သူလဲ"

ကောင်လေးက ခေါင်းခါပြသည်။ အထုပ်ကိုကြည့်ကာ ဇဝေဇဝါ ဖြစ်မိရင်း ပါကင်ထုပ်ထားတဲ့ စက္ကူကို အမှတ်တမဲ့ကြည့်တော့ နှင်းဆီအနီပွင့်တွေကို အလှဆင်ထားသည့်ဟန် ...။

ဦးမိုးကောင်း စက္ကူပါကင်ကို ဖြုတ်ရင်း အထဲက ကတ္တီပါအနက်ရောင်ဗူးကို အဆန်းတကြယ် ငေးမောမိသည်။

သားဖြစ်သူ မိုးဟိန်းနိုင် နဲ့ သူ့ဇနီး ဒေါ်နှင်းချယ်ရီ ကလည်း မိတ်ဝင်တစား ကြည့်နေကြသည်။

တကယ်လို့ ဒီဘူးလေးအတွင်းမှာ ကံကြမ္မာ အပြောင်းအလဲတစ်ခု ဖြစ်စေလောက်တဲ့ အလှည့်အပြောင်းတွေ ခိုဝင်နေတယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



တာ ဦးမိုးကောင်း သိခဲ့ရင် ဖွင့်ကြည့်ဖြစ်မယ်မထင်ပါ။

ဦးမိုးကောင်း ဘူးလေးကို ဖွင့်လိုက်သည်။ ကတ္တီပါ ဘူးလေးအတွင်းမှာ ရှားပါးလှတဲ့ အနက်ရောင် နှင်းဆီ တစ်ပွင့်လဲလျောင်းနေပါသည်။ မွှေးပျံ့သော ရနံ့က သူ့စိတ်ကို အုံ့မှိုင်းသွားခဲ့ပြီး ....တစ်ခုခုကို လှုံ့ဆော်နေသလို ...ကျိန်စာတွေ ပူးကပ်နေတဲ့ ဝိညာဉ်တစ်ခု ဒီဘူးလေးထဲမှာ ခိုအောင်းနေသည်ပဲလား ...။

ဦးမိုးကောင်း အနက်ရောင် နှင်းဆီကို လှမ်းကိုင်လိုက်တော့ သူ့လက်တွေ ကတုန်ကယင် ဖြစ်စေခဲ့တာ သတိပြုမိလို့ အံ့သြနေရပါသည်။

နှင်းဆီပွင့်လေးကို လှမ်းကိုင်လိုက်တော့ သူ့လက်ဆူးငြိသွားခဲ့ပါတယ်။ ပြီးတော့ အဲဒီ ဒဏ်ရာကို ဂရုမစိုက်နိုင်အား နှင်းဆီပွင့်လေးကို ယူလိုက်ပေမယ့် ဘူးလေးအတွင်းမှာ နောက်ထပ် လက်ဆောင် ....

"ဟာင် ..."

ဦးမိုးကောင်း နေ့လယ်ခင်း တစ္ဆေအခြောက်ခံလိုက်ရပါပြီ။ အပျက်ကြီးပျက်စေတဲ့ မျက်နှာ ...အဲဒီလို ဖြစ်ရတဲ့ အကြောင်းအရင်းက နှင်းဆီနက်ကို ယူပြီးပေမယ့် နှင်းဆီနက်ရဲ့အောက်မှာ ဆုတံဆိပ်ဟောင်းတစ်ခုက ကျန်နေပါသေးသည်။ ဟောင်းနွမ်းနေတဲ့ ဆုတံဆိပ်တစ်ခု ...ဦးမိုးကောင်း မျက်ဝန်းကို မှိတ်လိုက်သည်။ ရင်ထဲ



BURMESE CLASSIC .com



မှာ တော သဲသံတစ်ခု လျှောင်တစ်ခု ချက်ခြင်းဝင်ရောက်လာတယ်။ ဒေါ်နှင်းချယ်ရီရဲ့ သားဖြစ်သူ မိုးဟိန်းနိုင်၊ ဦးမိုးကောင်း မျက်နှာအပျက်အယွင်းယွင်းကြောင့် စိုးရိမ်မိကာ ...

"ကိုမိုးကောင်း ရှင် ဘာဖြစ်တာလဲ"

ဦးမိုးကောင်း မျက်ဝန်းကို ဖွင့်ကြည့်ရင်း သူတို့ခေတ် အချိန်အခါက မယ်မြန်မာ ဆုရခဲ့တဲ့ ဆုတံဆိပ်အောက်ခြေက ခုနစ်သက္ကရာဇ်လေးကို ပွတ်သပ်မိခဲ့သည်။ ဆုတံဆိပ်နှင့်အတူ အနီရောင် စာရွက်ခေါက် ...။

ဦးမိုးကောင်း ဖွင့်ဖတ်ကြည့်မိသည်။ အက္ခရာ စကားလုံးတွေက မာရ်နတ်မင်းရဲ့ လက်နက်မျိုးစုံလို့ ရင်ကို နာကျင်စေခဲ့ပြီး ဒါမှမဟုတ် မီးတောက်တွေရဲ့ ကျိန်စာလို့ဆိုမလား ..။

"ဆရာကြီး ...ညှိခံပွဲစလို့ရပြီလားတဲ့ ..."

ဦးမိုးကောင်း ဘယ်သူ့ကို ရင်ဆိုင်မကြည့်ရဲတဲ့ မျက်နှာနဲ့ ပြတင်းတံခါးအပြင်ကို ငေးကြည့်ပြီး လေးပင်စွာ အခုလို ပြောလိုက်ပါတယ် ...။

"ဒီမင်္ဂလာပွဲကို ဖျက်သိမ်းကြောင်း ကြေညာလိုက်တော့"

"ဗျာ ..."

သွေးဆုတ်ဖြူလျော့သွားတဲ့ မိုးဟိန်းနိုင်ကြောင့် ဦးမိုးကောင်း မျက်ရည်ဝဲစပြုပြီး ...။



www.burmeseclassic.com

www.burmeseclassic.com



"သား ဒီစာကို ဖတ်ကြည့်ကွာ ...ပြီးရင် ဖေဖေနဲ့ သား ပြောစရာတွေ အများကြီးရှိတယ် သား"

တုန်ယင်နေတဲ့ ဦးမိုးကောင်းရဲ့ လက်ထဲက စာကို မိုးဟိန်းနိုင် လှမ်းယူမိသည် ...အနီရောင်စာရွက်ကို ဖွင့်ကြည့်တော့ .........

..................................

................။





ကျွန်တော်မွေးနေ့ ဗုဒ္ဓဟူးနေ့မနက်တိုင်း ဘုရားသွားပုတီးစိပ် ခဲ့တာ ကျွန်တော် ဆယ်တန်းနှစ်ကနေ အခုအချိန်ထိဆို နှစ်ပေါင်း တော်တော်ကြာပါပြီ ...အခုလည်း ဘုရားရှိခိုးပြီးကတည်းက ဘုရား ကို ပတ်ရင်း နာရီကိုကြည့်တော့ ကုမ္ပဏီသွားဖို့ အစောကြီးရှိနေသေးသည် တစ်ဆိုင်ဆိုင်မှာ တစ်ခုခုစားရင်း အချိန်နည်းနည်းဖြုန်းလိုက်မယ်လို့ တွေးမိရင်း ဘုရားပေါ်က ဆင်းဖို့ပြင်စဉ် ...။

"လှလေး ..."

ခပ်လှမ်းလှမ်းက ခေါ်သံတစ်ခုကြောင့် ကျွန်တော် လှည့်ကြည့်မိသည်။ အညိုရောင် ... ဟုတ်တယ် ...ခေါင်းလောင်းကြီးရဲ့ ဘေးမှာ အညိုရောင် အဘိုးအိုတစ်ဦး ...ခေါင်းမှာပတ်ထားတာက ယောဂီ အညိုရောင် ခေါင်းပေါင်းစ ...အင်္ကျီလုံချည် လွယ်အိတ်ကြီးက အစ အညိုရောင် လက်ထဲမှာ အညိုရောင်တောင်ဝှေးတစ်ချောင်း ...ရှုး



www.burmeseclassic.com

www.burmeseclassic.com



ခြားတာက အဖြူရောင် မျက်ခုံးမွေးနဲ့ အဖြူရောင် မုတ်ဆိတ်၊ ပါး
သိုင်းမွေး ရှည်တွေက လွှဲပြီး ...မျက်ဆံကအစ အညိုရောင်ဖြစ်လို့နေ
ပါသည်။

"ကျွန်တော့်ကို ခေါ်တာလား ....အဘ"

အဘိုးအိုက တင်ပျဉ်ခွေချိတ်ထိုင်နေရင်း ခေါင်းညိတ်ပြသည်။
ရှေးဟောင်းခေါင်းလောင်းကြီးရဲ့ ရှေ့မှာ ထိုင်နေတဲ့ အဘိုးအိုရှေ့
ရှိရာဆီ ကျွန်တော်လျှောက်လာပြီး အဘိုးအိုရှေ့မှာ ရိုရိုသေသေ ထိုင်
ရင်း အဘိုးအိုကို လေ့လာကြည့်မိပါသည်။ အဘိုးကိုကြည့်ရင်း အဘိုး
ဆီက ငြိမ်းချမ်းအေးမြတဲ့ အရိပ်အငွေ့တွေ ကိုယ့်ဆီ ကူးစက်ခံရသ
လို ကျွန်တော် ခံစားမိပါသည်။ အဘိုးက ..သူ့ကို အေးအေးမြမြလေး
ပြုံးပြရင်း ....

"လူလေး ဒီနှစ် အကုန်လောက်မှာ ...သိပ်ကို ထူးခြားတဲ့ မင်္ဂ
လာလက်ထပ်ပွဲကို ကျင်းပဖို့ ကြုံရလိမ့်မယ် ..."

"ဗျာ ..."

မထင်မှတ်တဲ့ စကားတစ်ခွန်းကြောင့် ကျွန်တော် အံ့သြလန့်
ဖျပ်သွားပါတယ်။

"ကျွန်တော် အိမ်ထောင်ကျလိမ့်မယ်"

အဘိုးအိုက ခေါင်းညိတ်သည်။

"မဟုတ်ဘူး လူလေး မင်းမင်္ဂလာ လက်ထပ်ပွဲတစ်ခု မင်းစီစဉ်





ကျင်းပဖို့ ဦးဆောင်ရမယ် အဲဒီ မင်္ဂလာလက်ထပ်ပွဲက ဒိုကြွေးခြင်း
တွေပါတယ် ...ဝမ်းနည်းစရာတွေပါတယ်၊ ကံဆိုးမှုတွေပါတယ် ..."

အဘိုးအို စကားက ကျွန်တော့်အတွက် ကြက်သီးတဖြန်းဖြန်း
ထစရာ ...။

"ဒါပေမယ့် လူတစ်ယောက်ကို လူတစ်ယောက်က မေတ္တာ
တရားနဲ့ ငြိမ်းချမ်းစွာ ခွင့်လွှတ်ပေးတတ်ရင် အရာရာဟာ အောင်မြင်
သလိမ့်မယ် အဲဒါ ရန်ကို ပြေပျက်တဲ့ ရင်ထဲမှာ ထားရတဲ့ ဂါထာ
အဆောင်လို့ သဘောထားလိုက် သား ..။ ကိစ္စမရှိပါဘူး ...လူလေး
က မေတ္တာသမားပဲ ...ကဲ ...လူလေးသွားလို့ရပါပြီ ..။ အဘလည်း
ခရီးဆက်ရဦးမယ် ..."

ကျွန်တော် အဘိုးစကားကြောင့် ငိုင်တွေတွေဖြစ်သွားရာမှ
သတိဝင်လာကာ ...

"အဘိုးက ဘယ်ကို ခရီးဆက်မှာလဲ ...အဘိုး ...ကျွန်တော်
လိုက်ပို့ပေးမယ်လေ ..."

အဘိုးက ပြုံးပြီး ...

"အဘိုးက ဖင်းကျိုက်တောင်သွားရမှာ လူလေးရဲ့ အဘိုးက
ရောက်လေရာတိုင်း ဘုရားတွေပြုပြင်နေတာကွဲ ..."

ကျွန်တော် ရင်ထဲမှာ အဘိုးကို ယုံကြည်တဲ့စိတ် အလိုလို ဖြစ်
နေမိတာကြောင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေး …အဘိုး …"

ကျွန်တော် ပိုက်ဆံအိတ်ထဲက ငွေတစ်ထပ်ကို အမြန်ဆွဲပြီး

အဘိုးကို ကမ်းပေးကာ …"

"ဒီပိုက်ဆံက …အဘိုးပြုပြင်တဲ့ ဘုရားတွေအတွက် ကျွန်တော် လှူဒါန်းတဲ့ငွေပါ အဘိုး …"

အဘိုးက လှမ်းယူရင်း သာဓုခေါ်ပါသည်။ ကျွန်တော် အဘိုးကို ရိုရိုသေသေ ကန်တော့ပြီးတော့ အဘိုးအိုက ထွက်သွားပါသည်။

ကျွန်တော် ဆည်းလည်းသံတွေ ကြားယောင်မိလို့ ဘုရားရဲ့ စိန်ဖူးတော်ကို မော့ကြည့်မိပါသည်။

နှင်းတွေက ပျပ်ဝပ်ဝပ် … ကံကြမ္မာဆိုတာ အရာဝတ္ထုတွေကို မမြင်အောင် ဖုံးလွှမ်းထားတဲ့ နှင်းလိုလား…။





"မင်းဟာက ဂမ္ဘီရဝတ္ထု ဖတ်ရသလိုပဲ …ကိုရင်"

ကျွန်တော့်နာမည် ရင်ငြိမ်းမိုးကို ဒီနှစ်ကောင်က ယဲသုငယ်ချင်းပီပီ ကိုရင်ပဲ ခေါ်တတ်ပါသည်။ ဘယ်လိုပြောပြော ပြောမရတားမရ အဆုံးမှာတော့ လွှတ်ပေးထားလိုက်ရပါသည်။

"မင်းတို့ ဘယ်လို သဘောရလဲ စိန်ကောင်း …"

စိန်ကောင်းက အဲယားကွန်းဆားဗစ်နဲ့ အရောင်းအဝယ်ဆိုင်ဖွင့်ထားပြီး အဆင်ပြေနေတဲ့သူ …ဒီကောင်က ကျွန်တော်တို့ရဲ့ သူငယ်ချင်းပါပဲ။ မေမီအောင်နဲ့ အိမ်ထောင်ကျပြီး သားလေးတစ်ယောက် တောင်ရနေပါပြီ …။

မြင့်ဌေးကတော့ ရုံးဝန်ထမ်းအရာရှိ တစ်ယောက် …မနက်က ဘုရားမှာ ကြုံတွေ့ခဲ့ရတဲ့ ဖြစ်ရပ်တစ်ခု အခုလို ဒီကောင်တွေကို ဖောက်သည်ချမိခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို သဘောရမှာလဲ ကိုရင် ဒါဟာဖြစ်နိုင်မဖြစ်နိုင်ပြောလို့မရသေးဘူးကွ ...ကံကြမ္မာရဲ့ ဆန်းကြယ်မှုကို ဟုတ်မဟုတ်သိချင်ရင် မင်းအိမ်ထောင်ပြုလိုက်ပေါ့ ...

စိန်ကောင်းစကားကြောင့် မြင့်ဒွေးက ထောက်ခံသည်။

"ဟုတ်တယ် ကိုရင် မင်းမငယ်တော့ဘူး အိမ်ထောင်ပြုသင့်ပြီထင်တယ် ...နော် ...."

မြင့်ဒွေးက ရည်ရွယ်ထားသူရှိပြီး မကြာခင် လက်ထပ်ရတော့မယ့်သူ သူတို့ရုံးက ဝန်ထမ်းတစ်ယောက်လို့ ပြောပါတယ်။ ထိုမိန်းကလေးမှာ စီမံရေးရာကလို့ သိခဲ့ရပြီး ...ထို အမျိုးသမီးရဲ့ အမည်မှာ မစိုးစိုးဦး လို့ခေါ်ပါတယ်။

"ငါက အိမ်ထောင်ပြုရအောင် ငါ့မှာမှ ရည်းစားမှ မရှိတာကွ"

ကျွန်တော့် စကားကြောင့် စိန်ကောင်းက ကော်ဖီခွက်ကို ချရင်း။

"ဟာ ...မင်းကိုက ဂျီးများနေတာကိုး ငါတို့အောင်သွယ်ပေးတဲ့ ကျောင်းတုန်းက ဟိုကောင်မလေးကွာ ...'အေးရိပ်မွန်' သူဆို ဘယ်လောက်လှလဲ ..."

"တော်ပါကွာ ချိုင်းမွှေးနံ့က အရမ်းနံလို့ နောက်ကွယ်မှာ သူ့ကို ချဥ်ဖတ်ဆိုပြီး အမည်ပေးထားသေးတယ် ..."

ကျွန်တော့် အငြင်းစကား ဟိုနှစ်ကောင်က ရယ်သည်။

"လှတာတော့ လှပါတယ်ကွ ...ချစ်တတ်မယ်ဆိုရင် နှာခေါင်း





(မတ်စ်ကာဗာ)လေး စည်းထားလိုက်ပေါ့ကွာ ..."

စိန်ကောင်း စကားကြောင့် မြင့်ဒွေးက ...

"ကဲ ...ဒီတစ်ခေါက် ငါ့ရုံးကိုလာခဲ့ မင်း ဘယ်အရွယ်လိုချင်လဲ ...တွမ်တီးလား ...သာတီးလား ...ပြော"

မြင့်ဒွေးစကားကြောင့် စိန်ကောင်းက ...။

"ကဲ ...မြင့်ဒွေး ဒီအော်ပရေးရှင်းကို မင်းကို ငါလွှဲလိုက်ပြီနော်"

"ဖြစ်ပြီလို့ သဘောထားလိုက်"

ဒီကောင်နှစ်ကောင် စကားကြောင့် ကျွန်တော် လက်ကာ ခြေကာနဲ့ ...

"တော်ကြပါတော့ကွာ ...ငါ ဆားနဲ့ပဲ စားပါရစေတော့ ..."

"အေးပါ ...နောက်မှ ချဥ်ဖတ်လေး တစ်မြို့လောက်ဆိုရင် မင်းနဲ့ငါသိမယ် ..."

ဒီကောင်တွေနဲ့ တွေ့တိုင်း ဆုံတိုင်း ဒီကိစ္စက ခေါင်းစဥ်တစ်ခုက အမြဲပါ ပါတယ်။ သူအိမ်ထောင်မပြုတာ ...ဒီကောင်တွေအတွက် လူအရင်းအမြစ်ထွန်းကားရေးအတွက် အတားအဆီးတစ်ခု လို့ ထင်နေပုံပေါ် ပါတယ်။

ဆုံနေကျ ...ဒီကော်ဖီဆိုင်လေးက ထွက်လာကြပြီး နှုတ်ဆက်လူစုခွဲကာ ကိုယ့်ကား ကိုယ်မောင်းထွက်လာခဲ့သည်။ ဆိုင်ကထွက်တော့ မှောင်နေပါပြီ ကားကို မောင်းလာရင်း နာရီကြည့်မိတော့



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန် မေမေတော့ သူ့ကို မျှော်နေလောက်ပြီလို့ တွေးမိခဲ့ပါတယ်။ ကားကို လှုပြတ်တဲ့ လမ်းမတစ်ခုပေါ် ချိုးကွေ့မောင်းလာစဉ် ရှေ့ခပ်လှမ်းလှမ်းမှာ ရပ်ထားတဲ့ ကားတစ်စီးဘေးမှ အမျိုးသမီးတစ်ဦးက လက်ပြတားနေတာ မှုန်ဝါးဝါးမြင်မိတာကြောင့် ကားကို သူမဘေးမှာ လှမ်းရပ်မိသည်။

ကားက ပျက်နေဟန်ရှိပြီး အငှားတိုင်စီ တစ်စီးမှန်း ခန့်မှန်းမိပါသည်။ ဒရိုင်ဘာဖြစ်သူက ကားဘောနပ်ဖွင့်ပြီး ဒီလောက်များတဲ့ စက်ပစ္စည်းတွေကို ဘာကြောင့် ထည့်ထားတာလဲလို့ တွေးနေဟန်နဲ့ ဖင်ကုတ်ခေါင်းကုတ်ပေါ့ .....”

“ဘာကိစ္စလဲခင်ဗျာ ...”

အပြင်က အမှောင်ရိပ် ကားထဲက အလင်းကြောင့် အမျိုးသမီးရဲ့ မျက်နှာကို သဲသဲကွဲကွဲမမြင်ရ ...။

“ကားအားလားရှင့် ...”

အမျိုးသမီးက ကျွန်တော့်ကားကို တိုင်စီထင်နေဟန်တူသည်။

ကျွန်တော့်ကားက တိုင်စီ မဟုတ်ဘူးခင်ဗျ ...”

အမျိုးသမီးက စိတ်ညစ်သွားဟန်တူသည်။ လက်ကနာရီကို ကြည့်ပြီး ...

“ဒုက္ခပါပဲ ...ရထားချိန်က နီးနေပြီ”

ထိုအမျိုးသမီးစကားကြောင့် နဂိုကတည်းက ကိုယ့်ထမင်း





ကိုယ်စားပြီး သိပ်အကူအညီပေးတတ်တဲ့ ကျွန်တော် ...။

“အရမ်းအရေးကြီးတယ်ဆိုရင် ကျွန်တော်လိုက်ပို့ပေးမယ်လေ”

“ရှင် ...”

ကျွန်တော့်စကားကြောင့် အမျိုးသမီး အံ့သြသွားပုံရပြီး ...ကားဆရာကလည်း ကျွန်တော်တို့အနားရောက်လာပြီး ...။

“ဟာ ကျေးဇူးပဲဗျာ ... ကျွန်တော့်ကားက ဘီးလေးဘီးသာပါတာ ရှေ့ကို ရွှေ့လို့ မရဖူး ...ကဲ အစ်မလေး လိုက်သာလိုက်သွားပေတော့ ...”

ကားဆရာကို အမျိုးသမီးက ပိုက်ဆံထုတ်ပေးပြီး ပစ္စည်းတွေသယ်ကာ ကျွန်တော့်ကားနောက်ခန်းမှာတင်ပြီး သူမက ရှေ့မှာ ထိုင်သည်။ အဲဒီ အချိန်အထိ သူမကို ကျွန်တော် စေ့စေ့မကြည့်မိ သေး။ ဒါပေမယ့် ကားမောင်းလာရင်း သင်းပျံ့တဲ့ ရနံ့တစ်ခုရဲ့ စေ့ဆော်မှုကြောင့် လှည့်ကြည့်ချင်စိတ်ဖြစ်မိပါတယ်။ ဒါပေမယ့် တစ်မျိုးထင်မှာစိုးလို့ လှည့်မကြည့်ဖြစ် ...သူမကလည်း ကျွန်တော့်ကို ယောင်လို့တောင် စိတ်ဝင်စားမှုရှိပုံမပေါ် ...။

အထဲက မီးကို မဖွင့်ပဲ မောင်းလာသောကြောင့် ပြင်ပ အလင်းနဲ့သာ သူမရဲ့ ပုံသဏ္ဍာန်ကို ဝိုးတဝါးမြင်ရုံတော့ မြင်ရပါသည်။ ဘူတာထဲကိုဝင်ပြီး ကားကိုရပ်တော့ ....။

“ကျေးဇူးနော်”



www.burmeseclassic.com

www.burmeseclassic.com



သူမ အသံရှတတာက ကျွန်တော် သူမကို လှမ်းကြည့်စေချင်လောက်တဲ့ စွဲဆောင်မှုပါဝင်နေပါတယ် ..။

"ရပါတယ်ဗျာ ..."

ကျွန်တော်မသိမသာ လှမ်းကြည့်တော့ ကံဆိုးစွာ သူမ မျက်နှာကို ဆံပင်ထွေးထွေးနဲ့ ဖုံးကွယ်ချိန်နဲ့ကွက်တိ ...ဒီလိုနဲ့ အမှတ်တမဲ့ ကျွန်တော် သူမထိုင်နေရာကို ကြည့်မိသည်။

"ဟင် ...ဒီမှာ ခင်ဗျားပစ္စည်းတစ်ခု ကျန်ခဲ့တယ် .."

ကျွန်တော်စကားကြောင့် အထုပ်အပိုးတွေ မနိုင်မနင်းနဲ့ သူမ လှည့်ကြည့်သည်။ ကျွန်တော် ခြေနင်းပေါ် ကျနေတဲ့ အရာကို လှမ်းယူတော့ ဆံပင်စွပ်အတုတစ်ခုဖြစ်နေသည်။

"ဩော် ...အထုပ်ထဲက ထွက်ကျတာနဲ့ တူတယ်"

သူတစိမ်းမိန်းမ တစ်ယောက်ကို အခုလို ငေးစိုက်ကြည့်မိဖို့ ကျွန်တော် တစ်ခါမှ စိတ်မကူးဖူးပါ ...ဆုတောင်းကောင်းတဲ့ အလှဆိုတာ သူမကို ဖွဲ့ချည်ထားတဲ့ အလှတရားဖွဲ့စည်းမှုကို ပြောတာဖြစ်မည်ထင်ပါရဲ့ ...အသေးစိတ်တစ်ခုချင်းစီ ချီးမွမ်းဖို့ ကျွန်တော်မှာ စကားလုံးမရှိပေမယ့် ...အဲဒီတစ်ခုချင်းစီ လှနေတဲ့ အရာတွေ ပေါင်းစပ်လိုက်တော့လည်း ပြည့်စုံတာထက် ကျော်လွန်နေပါသည်။

ကျွန်တော် ငေးကြည့်နေစဉ်မှာ သူမထွက်ခွာသွားပါပြီ ငေးငိုင်ကျန်နေခဲ့သူ ကျွန်တော်ကိုယ်တိုင် ကျွန်တော့်ရင်ထဲမှာ တစ်ခုခု နုတ်





ယူသွားခံရသူလို ရင်ထဲမှာ ဟာင်းလောင်းပြင်ကြီးဖြစ်နေသလို ခံစားရပါသည်။

ကျွန်တော် တစ်ခုခုကို လုပ်ကြည့်ချင်နေပါတယ် ...အဲဒီ ဆုံးဖြတ်ချက်ကို အကောင်အထည်မဖော်ခင် ကျွန်တော့် ခြေလှမ်းတွေက ကားလော့ချပြီး ဘူတာကြီးထဲသို့ ဦးတည်နေပါတယ်။

နောက်ဆုံးတစ်ခေါက်ဖြစ်ဖြစ် သူမကို ထပ်တွေ့ချင်နေတဲ့ ဆန္ဒက ကျွန်တော့်ရင်ထဲမှာ ဘာဖြစ်လို့ကြီးစိုးနေရသလဲလို့ ကျွန် တော် မေးခွန်းမထုတ်ရဲ သံဇကာကို လက်နဲ့ဆုပ်ကိုင်ရင်း ဘယ်အတွဲပေါ် တက်သွားလဲလိုက်ရှာကြည့်မိနေပါသည်။ လူတွေ ရှုပ်ထွေးနေတဲ့ ကြားက သူမကို ရှာဖွေဖို့ဆိုတာ ခဲယဉ်းမှန်းသိပေမယ့် နောက်ဆုံး အချိန်အထိ ကျွန်တော်ငေးမောရှာဖွေမိပါသည်။ ကျွန်တော့်အဖြစ်က ခဏကိုင်ထားနော်ဆိုပြီး လူတစ်ယောက်က မုန့်တစ်ခုကို ပေးပြီး ချက်ခြင်းပြန်ယူသွားမှ အဲဒီမုန့်ကို ပြန်လိုချင်နေတဲ့ လူလို ကျွန်တော့် အဖြစ် အခုလည်း နောက်ထပ်မတွေ့ရမယ့် မိန်းကလေးတစ်ယောက်ကို ထပ်တွေ့ချင်နေတဲ့ ဆန္ဒ ...

"ဟင် ..."

ရထားက တရွေ့ရွေ့ထွက်ခွာသလို ရင်ထဲမှာ ဆတ်ခနဲ တုန်လှုပ်သွားခြင်းနှင့်အတူ ရထားပြတင်းပေါက်က ကျွန်တော့်ကို ငေးကြည့်နေတဲ့ သူမကို ကျွန်တော်တွေ့ပြီး ရထားရွေ့တဲ့အတိုင်း ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော့်ခြေလှမ်းတွေက လိုက်ရွေ့သည်။ သူမက ကျွန်တော့်ကို အစိမ်းပြာယ်ဖော်ရခက်တဲ့ မျက်ဝန်းနဲ့ မမှိတ်မသုန်ငေးကြည့်နေပါသည်။

သူမ မြင်ကွင်းက ပျောက်ကွယ်သွားခဲ့တယ် ...သူလည်း ကျန်နေခဲ့ပါပြီ ...

ဆိုလိုက်ရှင်ပေါ် မှီချလိုက်ပါသည်။ မျက်ဝန်းတွေကို မှိတ်ပစ်ပေမယ့် ခုနလူ့ရဲ့ ပုံရိပ်က ပျောက်ဖျက်လို့မရအောင် ကပ်ပါလာခဲ့သည်။ ထိုလူ့ရဲ့ ရုပ်သွင်ကိုမြင်ရတိုင်း ဒေါသ မောဟတွေနဲ့ တင်းကျပ်နေတဲ့ သူမရဲ့ ရင်က အံ့သြစရာကောင်းအောင် ငြိမ်းချမ်းသွားခဲ့သည်။ တည်ကြည်သန့်ပြန့်တဲ့ ရုပ်သွင် အေးဆေးတည်ငြိမ်တဲ့ စကားပြောဟန်နဲ့ သူ့ပုံစံက ဆိုလိုနဲ့တွေ့တဲ့ သူတိုင်း ပြောလေ့ရှိတဲ့ စကား ကြည့်လေ့ရှိတဲ့ ရမ္မက်ဆန်တဲ့ မျက်ဝန်းတွေကိုမသုံး ...လိုအပ်တဲ့ စကားသာပြောလေ့ရှိပြီး အခွင့်အရေးမယူတတ်သည့်ပုံစံပေါ်လွင်နေသည်။

ဒါပေမယ့် သူမ ရထားပေါ်ရောက်မှ သူမကို ရှာဖွေကြည့်နေတဲ့ သူ့ရဲ့ ပုံစံက တစ်ခုခုပျောက်ဆုံးခြင်းကို ကြောက်လန့်နေတဲ့ လူတစ်ယောက်လိုပါပဲ ...သူမ ကိုယ်တိုင်ကရော ...သူရုပ်ကျန်နေခဲ့တာကို ဘာလို့ မလိုလားတာလဲ ...ကိုယ့်ရဲ့ သံယောဇဉ်ကြီးလွန်းသူတစ်ယောက် ကျန်နေခဲ့သလို ခံစားနေရတာ ထူးဆန်းလွန်းနေပါသည်။ ကံကြုံရင် ပြန်ဆုံတွေ့မှာပါ ဆိုတဲ့ ဆိုရိုးအတိုင်း သူမ သူနဲ့ထပ်တွေ့





မယ်လို့ ယုံကြည်နေမိသည်။

အခုအချိန်မှာတော့ သူမမှာ ရာဇဝင်ကြေးတွေအတွက် ဒုတိယမြောက် ကျိန်စာကို ရွတ်ဆိုရပါတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရဲ့ ပြေးလမ်းကလေးတစ်ခု ပျောက်ကွယ်သွားပြီးနောက်မှာ ကျွန်တော် ချက်ချင်းဆိုသလို အိမ်ကိုပြန် အဝတ်အိတ်ထည့်ကာ မိုးရာကားနဲ့ ဖြစ်သလို မန္တလေးကို ညတွင်းချင်း လိုက်ခဲ့ပါတယ်။ 'အချစ်က ထူးဆန်းတယ်' ဆိုတဲ့ စကားမှန်ပေမယ့် တစ်ချိန်မှာ သူငယ်ချင်းတွေက 'မင်း အရူးပဲ' လို့ နှာခေါင်းရှုံ့ခြင်းခံရပါတယ်။

ကျယ်ဝန်းလှတဲ့ မန္တလေးမြို့ တစ်ခုလုံးကို ပိုက်စိပ်တိုက် ရှာဖွေခဲ့တဲ့ ကျွန်တော့် ခြေထောက်တွေမှ အားမနာ သူမ ပုန်းကွယ်နေနိုင်လွန်းသည့် အမည်မသိ နေရပ်မသိ ဘာလုပ်လို့ ဘယ်လိုနေထိုင်မှန်းမသိတဲ့ မိန်းကလေးကို ကျွန်တော် ရှာဖွေနေမိတာ ကျွန်တော် အရူးထမှန်းလည်း ကျွန်တော်သိပါသည်။ ကျွန်တော် တွေ့တဲ့လူတိုင်းကို ကျွန်တော် ပြောနိုင်တာ တစ်ခွန်းပဲရှိတယ် ..။





"အရမ်းလှတယ်ဗျာ ...တော်တော်ကို လှတယ် ... ဘယ်ဘက်နှုတ်ခမ်းဖျားမှာ မှဲ့စိမ်းသေးသေးလေးပါတယ် သူယောင်မယ်နဲ့ တူတဲ့ မိန်းကလေး ..."

အဲဒီလို ပြောတော့ ကျွန်တော်မေးတဲ့ လူတွေက ကျွန်တော့် ကို 'စိတ္တဇ' ကောင်လို ကြည့်ပြီး တစ်ခွန်းပဲ ပြန်ပြောပါတယ် ...။

"အဲဒီလို လှနေတဲ့ မိန်းကလေးကို ဒီမှာမရှာနဲ့ တခြားဂြိုဟ်မှာ သွားရှာတွေ့နိုင်တယ်" တဲ့ ...ကဲ ကျွန်တော်မှားလား သူတို့မှားလား အားလုံးပဲ စဉ်းစားတာကြည့်တော့ ...။

မန္တလေးမြို့ကို ပိုက်စိပ်တိုက်ရှာဖွေပြီးလို့ ...ရန်ကုန်ပြန်ရောက်တဲ့အခါ ...သူငယ်ချင်းတွေကို ပြောပြတော့ စိန်ကောင်းက အခုလို ပြောပါတယ် ...။

"မင်း ဦးနှောက်ကို ဓာတ်မှန်လေးဘာလေး ရိုက်ကြည့်ဦး ကိုရင် ဟိုတစ်ခါလည်း ဘုရားမှာ လူထူးလူဆန်းနဲ့တွေ့တယ် ...အခု တစ်ခေါက်လည်း သူယောင်မယ်လိုလို သူယောင်မော်ဒယ်လိုလို တွေ့နေတယ်ဆိုတော့ မင်းကို မွေးလာတုန်းက မင်းဦးနှောက်ထဲမှာ အခန်းရော ပြည့်ရဲ့လား ..."

ကျွန်တော် ထုံးစံအတိုင်းရယ်မြဲရယ်နေတော့ မြင့်ဌေးက ...။

"ဒီကောင် ဦးနှောက်အခန်းထဲမှာ အက်ဆစ်မပြည့်လို့ဖြစ်မယ် ...။ အက်ဆစ်လဲပေးလိုက်ကွာ ..."



www.burmeseclassic.com

www.burmeseclassic.com



စိန်ကောင်းကလည်း အားကျမခံ ...။

"ဒါမှ မဟုတ် ပလိပ်ပြားလဲရင်လဲပေးလိုက်"

ဒီလောက်ကတော့ ရင်ငြိမ်းမိုးဆိုတဲ့ ကျွန်တော်က တတ်သည့် ပညာမနေသာဆိုတော့ ...

"ပလိပ်ပြားမရှိရင် ရဲအလုံးလဲပေးကွာ"

ကျွန်တော့် စကားကြောင့် ဟိုကောင်တွေကရယ်သည်။ ဒါတောင် ...

"ဒါမျိုးတော့ တတ်တယ် ...စာမေးတော့ စာအုပ်ခေါင်းမိုးထိုးပြီး"





ကျိန်စာတွေက
လိပ်စာအရလာရှာ
ကံကြမ္မာရဲ့ တွက်ကိန်းထဲမှာ
နောက်ပိတ်မငြိမ်သေးတဲ့ ဘဝလို
အခုလိုလို နောက်လိုလို
တော်ကြာလိုလိုနဲ့
မလျော်ကန်တဲ့လမ်းမှာ
မင်းနဲ့ငါရဲ့ ဘဝတွေက
အဲဒီလို ...
မှတ်မိသလိုလိုနဲ့
နှင်းချေသွားလည်း
ငါ့နှလုံးသားက ကျွမ်းကျင်ပါတယ် ...
မင်းခြေဖဝါးအောက်က
သဲမြေမှုန့်က
ငါ့အသည်းစ ...။



www.burmeseclassic.com

www.burmeseclassic.com



# နှင်းဆီတစ်ပွင့်ရဲ့ ဒုတိယ သီအိုရီ ....





"ကြိုက်ရဲ့လား ဝတ်ရည် ..."

မန္တလေးမြို့ရဲ့ အကြီးမားဆုံး သတို့သား သတို့သမီး ခန်းဝင်ပွဲ ဖန်တည်းဆိုင်ထဲကို ဝတ်ရည်ကို သူခေါ်လာခဲ့ပြီး ဝတ်ရည်စိတ်ကြိုက်လိုချင်တာမှန်သမျှ သူရွေးချယ်စေခဲ့သည်။ စူပါဟီးရိုး ဂျစ်ကားထုတ်လုပ်ရေး ပိုင်ရှင်ဖြစ်သူ ဂျွန်ဟယ်ရီဆိုရင် မန္တလေး တစ်မြို့လုံးကသိသည်။ မိဘအစဉ်အဆက်၊ ကြွယ်ဝမချမ်းသာလာမှု နိုင်ငံခြားမင်းသားတစ်ယောက်လို အပြင်အဆင် ဟယ်ရီလက်ထက်ကျမှ အတွေးအခေါ် ဆန်းသစ်မှုတွေနဲ့ တစ်ရှိန်ထိုး အောင်မြင်လာတဲ့ စီးပွားရေးကြောင့် သမီးရှင်တွေရဲ့ ပစ်မှတ်က ဟယ်ရီ၊ ဒါပေမယ့် ဟယ်ရီက တော့အသည်းနှလုံးမပါတဲ့ လူတစ်ယောက်လို စီးပွားရေး မှတ်ဉာဏ် တွေကသူ့ဦးနှောက်မှာ စီးဝင်နေခဲ့သည်။

တစ်နေ့ သူငယ်ချင်းအပေါင်းအသင်းတွေနဲ့ တောင်သမန်အင်း



www.burmeseclassic.com

www.burmeseclassic.com



ကို သွားရင်း သူ့ဘဝကို စိုးမိုးမယ့် မိန်းကလေးတစ်ယောက်နဲ့ ဆုံစည်းခဲ့ပါတယ် ...သူငယ်ချင်းတွေနဲ့ ဘီယာသောက်ပြီး ရီဝေဝေနဲ့ ဦးပိန်တံတားအနီးမှာ ကားကို ပါကင်ထိုးရင်း ...။

"အမေ့ .."

"ဟာ ဒုက္ခပါပဲ တိုက်မိပြီထင်တယ် ဟယ်ရီ"

ဖော်ကြီးရဲ့ အလန့်တကြားစကားကြောင့် သူတော်တော်ခေါင်းနပန်းကြီးသွားပါတယ် ...ကားကို ရပ်ပြီး ကားပေါ်က ဆင်းကြည့်တော့ ကားနောက်ဘီး ကိုယ်ထည်ဘေးမှာ ခွေခွေလေးလဲနေတဲ့ မြန်မာဆန်ဆန်ဆံပင် တစ်ပတ်လျှိုဆထုံးနဲ့ အမျိုးသမီးလေးတစ်ယောက် သူမက အတော်နာကျင်နေဟန်ရှိပုံပေါ်သည်။

"ဘာဖြစ်သွားသေးလဲ ခင်ဗျ ...ဟို ...ကျွန်တော် ..."

သူမက အရှက်သည်းဟန်ခေါင်းကို ငုံ့ထားပြီး ညင်သာနူးညံ့တဲ့ လေပြည်နဲ့ ...။

"ရပါတယ်ရှင် ...ကျွန်မလည်း ရုတ်တရက် ဆိုတော့ လန့်ပြီး ရှောင်လိုက်မိတာ ..."

"ခင်ဗျား အဆင်ပြေပါ့မလား ...ကျွန်တော် တွဲထူပေးရမလား ..."

"အို ရပါတယ် ကျွန်မ ထနိုင်မှာပါ ..."

မသေချာသလို လေယူလေသိမ်းနဲ့ သူမက မြေပြင်ကို လက်နဲ့ ထောက်ပြီး အထမှာ ချက်ချင်း မဟန်နိုင်စွာလဲပြိုကျသွားပါသည်။





ယ်ရီ ကမန်းကတမ်း လှမ်းထိမ်းပေးလိုက်ရပါတယ်။ သူမက နီ ွေး မျက်နှာနဲ့ ဟယ်ရီကို မကြည့်ရဲဟန်ရှိသည့် အမျိုးသမီး ်ယောက်နဲ့ အထိအတွေ့မရှိဖူးတဲ့ ဟယ်ရီ သူ့ခန္ဓာကိုယ်ကို လျှပ် ာတ်စီးဝင်သလို ခံစားလိုက်ရပါတယ်။

"ကျွန်တော် ဘယ်ကို လိုက်ပို့ပေးရမလဲ ခင်ဗျာ ..."

မထူးတော့ပြီမို့ ဟယ်ရီအရဲစွန့်မေးမိသည်။ သူမက လိပ်စာ ကို ရွတ်ပြတော့ အပေါင်းအသင်းတွေကို ပြန်လာမယ်ပြောပြီး ကလေးကို ကားပေါ်တွဲပို့ကာ မောင်းထွက်လာခဲ့ပါတယ် ..။

သူငယ်ချင်းတွေ ပြောတဲ့ ရေစက်လား ...ဘုရား င်ရဲ့ အလိုတော်အရလား သူမသိပါ ...သူသိတာတစ်ခုက ဒီ ာက်လှပတဲ့ မိန်းကလေးကို သူမမြင်မ[illegible]တွေ့ဖူး ...နှလုံးသားတွေ ခြေရင်းမှာ ပုံပြီး လမ်းခင်းပေးရအောင် ရူးလောက်တဲ့ အလှတ ကို သူမပိုင်ဆိုင်နေသည်။ သူမကရော အပျိုလား အအိုလား ိရင် ...ဆုံးရှုံးရမှာကို သူကြောက်နေမိသည်။

သူဖတ်ဖူးတဲ့ သမိုင်းကြောင်းထဲကလို ရာဇာဓိရာဇ် ဆိုသည်မ မိတ်ကို တွေ့ဖူးရုံနဲ့ စွဲလမ်းမိသည်ဆိုတာ သူအစက လက်မခံပဲ ိုက်အခံ ငြင်းဆန်ဖူးသည်။ အခုတော့ သူဝန်ခံလည်ပြီလို့ ထင်ပါ ။ လမ်းတစ်လျှောက်လုံး သူ မိန်းကလေးကို ခိုးကြည့်ရင်း သူမ အိမ်ရောက်မှာကို စိုးရိမ်နေခဲ့ပါတယ်။ ဟယ်ရီ လှပသပ်ရပ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ခြံတံခါးလေးရှေ့မှာ ကားကို ဟွန်းပေးမိသည်။ ခြံထဲမှ တိုင်းရင်းသားပုံစံ ပေါက်တဲ့ ဦးလေးကြီး ပြေးထွက်လာကာ ခြံတံခါးဖွင့်ပေးရင်း ...။

"ဘာဖြစ်တာလဲ အို ..အဲ ...သမီး"

"ဒီက အစ်ကို ကားနဲ့ တိုက်မိသလိုဖြစ်တာ အဘစိုင်း ..."

"ဟို မတော်တဆ ဖြစ်မိတာပါ အဘ ..."

အဘစိုင်းက မိန်းကလေးကို တွဲခေါ်သွားတော့ သူလှည့်ပြန်ရမလို ဆက်ပဲနေရမလို ဖြစ်နေရပါသည်။ မိန်းကလေးကို အတော်လျှောက်ပြီးမှ သတိရကာ လှည့်ကြည့်ပြီး ...။

"အစ်ကို အိမ်ပေါ်တက်ပါဦး ...လက်ဖက်ရည် ကော်ဖီလေး သုံးဆောင်ပါဦးရှင်"

"ဟုတ်ကဲ့ ..."

နဂိုတည်းက သိပ်လိုက်ချင်နေတဲ့ ဟယ်ရီတစ်ယောက် သိပ်ကိုပျော်သွားတာပေါ့ ..။ အိမ်ပေါ်ရောက်တော့ အသားဖြူဖြူ ကျက်သရေရှိတဲ့ အမျိုးသမီးကြီးတစ်ယောက်က မိန်းကလေးကို ဆေးထည့်ပေးပါတယ်။ မိန်းကလေးကပဲ စတင်မိတ်ဆက်ပါတယ် ..။

"ကျွန်မ နာမည်နွေဝတ်ရည်လို့ခေါ်ပါတယ် ..ဒါက ဝတ်ရည့်အဒေါ် ဒေါ်လေးဝေ ...ဒီဘက်က ...ဝတ်ရည်တို့ကို ငယ်ငယ်ကတည်းက စောင့်ရှောက်လာတဲ့ အဘစိုင်း ... ဝတ်ရည်ဈေးချိုထဲမှာ အထည်ဆိုင်ဖွင့် ထားပါတယ်အစ်ကို ...ဆိုင်နာမည်က ... 'မြိုင်နန်းစံ'





ဆိုရင်မေးကြည့်ရင် သိမှာပါ"

"ဟုတ်ကဲ့ ခင်ဗျ .... ကျွန်တော့်နာမည်က စောဠုန်ဟယ်ရီပါ"

"ဩော် အစ်ကို ...ရူပါဟီးရိုး ဂျစ်ကားထုတ်လုပ်ရေး ပိုင်ရှင်ပေါ့"

မိန်းကလေးက သူ့အကြောင်းကို သိပုံရသည်။

"ဝတ်ရည်က အစ်ကို့ ကို သိလို့လား ..."

သူ့အမေးကြောင့် လှပသေသပ်တဲ့ အပြုံးတစ်ခုကို အစွမ်းထက်တဲ့ လက်နက်လို အသုံးပြုရင် သူ့နှလုံးသားကို စတင်ချည်နှောင်ပါတယ် ...။

"သိတာပေါ့ အစ်ကိုရဲ့ အစ်ကိုက နာမည်ကြီးပဲ ..."

"နောက်ဆို အစ်ကို ဝတ်ရည်ဆီ လာလည်လို့ရမလား ..."

သူမက ရှက်ပြုံးပြုံးရင်း ခေါင်းညိတ်ကာ ...

"ဟုတ်ကဲ့ ...လာလည်ပါ အစ်ကို ..."

အဲဒီနေ့ကစပြီး ဈေးချိုတစ်ဝိုက်မှာ ဟယ်ရီကို မြင်တွေ့ဖို့ ရာခိုင်နှုန်း အတော်များပါတယ် ...တစ်နေ့ သူငယ်ချင်း ဇော်ကြီးက ...

"မင်း ကောင်မလေး ဆံပင်အရှည်ကြီးကို ဖြတ်လိုက်တာ နှမြောစရာကွာ ..."

"မင်း အသောက်လွန်ပြီး ကြောင်တောင်တောင်ဖြစ်နေပြီနဲ့တူတယ် ...ဝတ်ရည်က ဆံပင်အရှည်ကို အတော်မြတ်နိုးတာဇော်ကြီး"

သူ့စကားကြောင့် ဇော်ကြီးက မဖြစ်နိုင်ပါဘူးဆိုတဲ့ မျက်နှာပေး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ...

"ဟော့ကောင် မနေ့က ငါကိုယ်တိုင် ကားဂိတ်မှာ တွေ့တာ ကွ"

ဖော်ကြီး စကားကြောင့် သူက ...

"မင်း ဘယ်နေ့ကတွေ့တာလဲ ဖော်ကြီး"

"အင်း မနေ့နေ့လယ်က ..."

ဖော်ကြီး စကားကြောင့် သူကရယ်သည်။

"ဟော့ကောင် ငါမနက်ကမှ ဈေးချိုက ပြန်လာတာကွ"

"အမ် ..."

"မအန်နဲ့ နံတယ် ..."

ဖော်ကြီးဖြစ်ပုံကြောင့် ကျွန်တော် သဘောကျကာ ရယ်မိပါသည်။

"မင်းတွေ့တာ လူတူလို့ဖြစ်မယ်ထင်တယ်"

"ဟာ ...မဖြစ်နိုင်ပါဘူး ဟယ်ရီရာ ...မင်းနဲ့ ငါနဲ့ လောင်းမ လား"

"လောင်းမယ်ကွာ ..."

ဖော်ကြီးက သူတွေ့ခဲ့တာကို လက်မခံနိုင်ဟန်ရှိစွာ ငြင်း သည်။

"ကဲ တစ်ဝိုင်းကြေး .."

"စိန်လိုက် ဖော်ကြီး အခုပဲ သွားမယ်ကွာ ..."

သူနဲ့ ဖော်ကြီး ဈေးချိုရောက်တော့ ...

"ဟော ဟယ်ရီ ဘယ်ကိုလာတာလဲ ..."

ဘေးနားက ဆိုင်ခန်းတွေက သူ ပထမတစ်ကြိမ်ရောက်ပြီး





အခုနောက်တစ်ကြိမ်ဆိုတော့ ပြုံးစိပြုံးစိဖြစ်နေပါသည်။

"ဒီမှာလေ ဒီကောင် မနေ့က ဝတ်ရည်ကို ဘူတာမှာ တွေ့လိုက်တယ် ဆံပင်အတိုနဲ့ဆိုပြီး ငြင်းနေတာနဲ့ ခေါ်လာတာလေ ဝတ်ရည် ကဲ ...ဘယ်လိုလဲ ဖော်ကြီး ..."

ဖော်ကြီးက ပါးစပ်အဟောင်းသားနဲ့ ဝတ်ရည်ကို ငေးကြည့်နေပါသည်။ ဝတ်ရည်က ဖော်ကြီးကို သိမ်သိမ်မွေ့မွေ့ ပြုံးပြရင်း ...။

"ကိုဖော်ကြီး တွေ့ခဲ့တာ ညီမလေးဖြစ်မယ် သူက ရန်ကုန်ပြန် ဟာလေ ..."

"ဩော် ဒါဆိုဖြစ်နိုင်တယ် ဟယ်ရီ ...အတော်တူတာကွ ဟိုမိန်းကလေးက နှုတ်ခမ်းဖျားမှာ မှဲ့စိမ်းသေးသေးလေးပါတယ်"

"ဟုတ်တယ် ကိုဖော်ကြီး ညီမလေးက တစ်ခါတစ်ခါ အလည်လာတတ်တယ် ..ဖေဖေနဲ့ မေမေက ငယ်ငယ်ကတည်းက ကွဲနေတာကိုဖော်ကြီး ဝတ်ရည်က မေမေနဲ့နေတာ ညီမလေးကတော့ ဖေဖေနဲ့လေ ...မေမေဆုံးသွားတော့ ဖေဖေက ခေါ်ပါတယ် ...ဒါပေမယ့် ဝတ်ရည် မန္တလေးမြေကို မခွာချင်ဘူး သံယောဇဉ်ဖြစ်နေတာနဲ့ ဒီမှာပဲ နေခဲ့တာ ..."

ဝတ်ရည်စကားကြောင့် သူကရုဏာသက်မိသည်။ ဖော်ကြီးက ကျွန်တော် မျက်နှာပေါ်က ကရုဏာသက်မှုကို အကဲခတ်မိပြီး ရယ်ကျဲကျဲနဲ့ ...။



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆို မန္တလေးမြေကို ညည်းသံယောဇဉ်ပိုတွယ်ဦးမှာပါ ဝတ်ရည် ..."

"ကိုဇော်ကြီးနော်"

"အေးပါ နောက်များကျမှ ကိုဇော်ကြီး ပြော ..ဖြစ်နေမယ်"

ဇော်ကြီးရဲ့ အပ့်အပိုးနဲ့ ရင်းနှီးမှုတွေ ပိုလာခဲ့ပါသည်။ ဒက်ဒီက တော့ ဘာမှမပြော မာမီကိုယ်တိုင် ဝတ်ရည်ဆိုင်မှာ ဈေးဝယ်အကဲ ခတ်ကာ ကျေနပ်သဘောကျကာ ဝတ်ရည်ကို အမြန်ဆုံး လက်ထပ် ခွင့်တောင်းဖို့ ဇော်ပြပါတော့သည်။

တစ်ချိန်မှာ မာမီတို့ ဆန္ဒအတိုင်းဖြစ်လာဖို့ ဝတ်ရည်ခေါင်း ညိတ်ခဲ့ပါသည်။ သူ့လောက်ပျော်နိုင်တဲ့သူ ရှိပါဦးမလားလို့ တွေးမိ ပါသေးသည်။

သူငယ်ချင်းတွေ အားလုံးကတော့ ကျွန်တော့်ကို ကံအကောင်း ဆုံး လူလို့ ချီးမွမ်းခဲ့ကြတာပေါ့ ...ရေ့သွားနောက်လိုက် ညီခြင်း အစရှိတဲ့ ချီးမွမ်းခြင်းစကားတွေနဲ့ ဝေစည်နေတဲ့ ကာလပေါ့ ...။

အဲဒီအချိန်တွေမှာ ဝတ်ရည်ဆိုတဲ့ ကျွန်တော့်ချစ်သူဆီမှာ သိပ် သည်းလှို့ဝှက်တဲ့ ကံဆိုးမှုတွေရှိမှန်း ကျွန်တော် ဘယ်သိပါ့မလဲ ..."

အဲဒီတစ်နေ့က ....





ဘုရားကျောင်းထဲမှာ ပရိသတ်က လူစုံနေပါပြီ ...ညေ့ခံပွဲက တော့ ညမှာ ဖြစ်ပေမယ့် လက်ထပ်ပွဲကို ဖာသာရေးမှာပဲ လက်ထပ် ခြင်း အမှုကိုပြုဖို့ သူနဲ့ ဝတ်ရည်ဆွေးနွေးပြီးပါပြီ ...။

"သမီး ဘယ်သွားတာလဲ ဟယ်ရီ ..."

မာမီက စိုးရိမ်ပူပန်မှုနဲ့ မေးပါသည်။ သူနာရီကိုကြည့်ကာ ..။

"ရန်ကုန်က သူ့ ညီမကို သွားကြိုဖို့ ကားဂိတ်ကို သွားတယ် မာမီ"

ဒက်ဒီက စိတ်အိုက်ဟန်ရှိပြီး နက်ကတိုင်ကို ခပ်လျော့လျော့ ဖြစ်အောင် ဖြေသည်။

"ကားဂိတ်ကို တစ်ယောက်ယောက် သွားကြိုခိုင်းလို့ မဖြစ်ဘူး လား ဟယ်ရီ"



www.burmeseclassic.com

www.burmeseclassic.com



"ဒရိုင်ဘာ ထွန်းအုန်းပါသွားတယ် ဒက်ဒီ ..."

"အရေးထဲကွာ ဒီမှာ ပရိသတ်လည်း စုံနေပြီ ..."

ဒယ်ဒီစကားကြောင့် သူစိတ်မောမိပါသည်။ အနောက်တိုင်း ဂါတ်စုံအောက်က သူ့ခန္ဓာကိုယ်မှာ စိုးရိမ်မှုကြောင့် ချွေးတွေက နစ်နေပါပြီ ..။

စိတ်ပူခြင်းအတတ်ပညာကို အစကသူ ကျွမ်းကျွမ်းကျင်ကျင် မတတ်မြောက် အခုတော့ ...။

နောက်ဆုံး သူမနေနိုင်တော့ ချတ်ကျောင်းဝန်းထဲကိုထွက်ပြီး ဟိုလျှောက် ဒီလျှောက်နဲ့ အိမ်က ကားအလာကို စောင့်မျှော်နေမိပါသည်။ နာရီကိုကြည့်လိုက် ပြန်ထိုင်လိုက်နဲ့ သူ့စိုးရိမ်ပူပန်မှုဟာ တစစ နာရီစက္ကန့်သံနှင့်အတူ ပိုမိုပြင်းထန်လာပါသည် ...။

"ဟော ..."

အိမ်က ကား ဘုရားကျောင်းဝန်းထဲ ကွေ့ဝင်လာတော့ သူ့စိုးရိမ်မှုတွေ ကွယ်ပျောက်မှုနဲ့အတူ ချက်ချင်း ထရပ်ကာ ဝမ်းသာအားရ ကားဆီ ခပ်သွက်သွက် လျှောက်လာခဲ့မိသည်။ ကားရပ်သွားမှုနဲ့အတူ လေးတိလေးကန်လျှောက်လာတဲ့ ဒရိုက်ဘာထွန်းအုန်းရဲ့ ပုံကြောင့် သူတစ်ခုခုကို စိုးရိမ်မှုနှင့်အတူ မျက်နှာပျက်ရပြီ ..။

"ရောက်ပြီဆိုရင်လည်း ပြင်ဆင်ဖို့ လုပ်ခိုင်းတော့သား ..."

နောက်က...နေ ကျွန်တော့် ပခုံးကို ပုတ်ပြီး ဒက်ဒီရဲ့ ပြောစကား





ကို သူပြန်မဖြေနိုင်သေး ...သူ့မျက်နှာတွေက မျက်နှာအကြီးအကျယ်ပျက်နေတဲ့ ထွန်းအုန်းဆီက မခွာနိုင်ခဲ့ ...။

သူ့ရဲ့ အပြုအမူ သူ့ရဲ့ မျက်နှာအနေအထားကြောင့် ဒက်ဒီကိုယ်တိုင်လည်း ထွန်းအုန်းကို ကြည့်နေသည်။ ဒက်ဒီက ဘယ်သူတစ်ဦးတစ်ယောက်မှ မတွေ့တဲ့ ကားကို လှမ်းကြည့်ပြီး ...။

"သမီး ဘာလို့ မပါလာတာလဲ ထွန်းအုန်း"

ထွန်းအုန်းက ဘာမှ ပြန်မဖြေ ခေါင်းကိုငုံ၍ ဒက်ဒီကို ကတ္တီပါ အနက်ရောင်ဘူးကို ကမ်းပေးသည်။ ဒက်ဒီ မျက်မှောင်ကုပ်၍ ဘူးကို လှမ်းယူသည်။

တစ်စုံတစ်ဦးရဲ့ ဝိညာဉ်ဒီဘူးလေးမှာ ပူးကပ်နေသလို ခံစားချက်က သူ့ကိုယ်ထဲဘာလို့ ဝင်ရောက်နေရပါလိမ့် ...သူ့စိတ်ထဲမှာ တစ်ခုခု ကြောင့် လေးပင်နေသလို ခံစားရပါသည်။

ဒက်ဒီ ကိုယ်တိုင် ဘူးလေးကို ချည်ထားတဲ့ ဖဲကြိုးလေးကို ဖြေသည်။

ဟယ်ရီ သူ့ဒက်ဒီကို ငေးစိုက်ကြည့်မိတော့ ...ဒက်ဒီ နဖူးမှာ ချွေးစို့နေပါသည်။ ဒက်ဒီ ဘူးလေးကို ဖွင့်ကြည့်ပြီး မျက်နှာအကြီးအကျယ်ပျက်ရှာသည်။

"ဘာဖြစ်လို့လဲ ဒက်ဒီ"

ဒက်ဒီ တစ္ဆေသရဲတစ်ကောင်နဲ့တွေ့သလို အနက်ရောင် နှင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိပ်ပွင့်လေးကို ကြည့်သည် ဒက်ဒီ ဘူးလေးထဲက နှင်းဆီနက်ကို လှမ်းယူသည်။ နောက်ထပ် နှင်းဆီနက်အောက်က ဆုတံဆိပ်ဟောင်းလေးကိုမြင်တော့ …ဒက်ဒီ ဒယိမ်းဒယိုင်ဖြစ်သွားရှာသည်။ သူကမန်းကတန်း လှမ်းထိန်းပေးပြီး …။

"ဘာဖြစ်တာလဲ ဒက်ဒီ နေရောကောင်းရဲ့လား"

ဒက်ဒီ လက်ကာတားလိုက်ပြီး နောက်ဆုံး ဘူးလေးထဲမှာ ကျန်ရှိနေတဲ့ စာရွက်ခေါက်လေးကို လှမ်းကိုင်လိုက်ပြီး ဖွင့်ဖတ်ကြည့်သည်။

ကျွန်တော် ဒက်ဒီနှင့်အတူ စာရွက်ပေါ်က အက္ခရာတွေကို ဖတ်ကြည့်မိပါသည်။

သူ့မျက်လုံးတွေ ပြာဝေသွားပြီး အလန့်တကြား ဒက်ဒီကို မေးမိသည်။

"ဘာတွေလဲ ဒက်ဒီ …"

*ဒက်ဒီက ဝေ့ဝဲနေတဲ့ မျက်လုံးအိမ်နဲ့ အဝေးကိုငေးသည်။* ဒက်ဒီ သက်ပြင်းချလိုက်တဲ့ သက်ပြင်းတစ်ခုရဲ့ ပူလောင်မှုကိုလည်း သူရိပ်မိပေမယ့် …။

"ဒီပွဲကို ဖျက်သိမ်းလိုက်တော့ သား"

"ဗျာ"

ဒီလိုနဲ့ မန္တလေးမြို့မှာ လက်ထပ်ထိမ်းမြားခါနီးမှာ ပျောက်ကွယ်





သွားတဲ့ သတို့သမီးလေးတစ်ယောက်အကြောင်းကို ပုံပြင်တစ်ပုဒ် လိုပျံ့နှံ့သွားခဲ့ပါသည်။

ကာယကံရှင်တွေကတော့ ဒီသတင်းအတွက် အဖြေမရှိဖူးလို့ ငြင်းပယ်ရေငုံနှုတ်ပိတ်နေခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အရွယ်ရောက်ပြီလဲ
မျက်လှည့်ဆန်တဲ့ ကံကြမ္မာရယ် ..
ဥပေက္ခာတရားရဲ့ အယုအယမှာ .....
မှော်ဝင်နေသူကိုယ်တိုင်
ရင်ဆိုင်ဖြေရှင်းဖို့
လက်တို့ပြီးတော့ မေးခွန်းအတုတွေကို မခံမင် ...
ယုံချင်မှလည်း ယုံပါ
ထုံကျင်လာတဲ့ ဘဝမှာ
ပုံပြင်တွေဆို အဆုံးသတ်
ဆုံးဖြတ်ချက် ချမယ် ...။





ထိုလူကို ဆိုလိုတာယ်မှာ မြင်ဖူးမှန်းမသိပါ ...စဉ်းစားလိုက်တိုင်း သူ့ရဲ့ ပုံရိပ်က တစ်နေရာရာမှာ ရင်းနှီးတွေ့ဆုံဖူးသလို ခံစားရပါသည်။

သူငယ်ချင်းဖြစ်သူ ဝင့်နီက "နင် ဒီမှာ ခဏစောင့်ဟာ ငါအသိ တစ်ယောက်နဲ့ သွားတွေ့စရာရှိလို့" ဆိုပြီး ထားခဲ့ပါသည်။ သူမက ပလက်ဖောင်းဘေးမှာ မတ်တတ်ရပ်လက်ပိုက်နဲ့ ပြူးဟိုဟိုဒီဒီငေး ကြည့်နေစဉ်မှာ သူ့ကိုယ်တွေ့မိခြင်းဖြစ်ပါသည်။ အဲဒီလူက စတိုင်ကျ ကျ ဝတ်စားဆင်ယင်ထားပြီး ညာဖက်လက်မှာ ဖိုင်တွဲတစ်တွဲကို ကိုင်ထားပါသည်။

ထိုစဉ်မှာ သူနဲ့ မျက်နှာချင်းဆိုင်က လူတစ်ဦးက ရေပုံးတစ်လုံး ကို ပခုံးပေါ်ထမ်းပြီး လူတွေရှုပ်ထွေးနေတဲ့ ပလက်ဖောင်းပေါ်တိုး ဝှေ့ရင်း သူ့နားအရောက် ခြေချော်ကာ သူ့အပေါ်ကို ပခုံးပေါ်ထမ်း လာတဲ့ ပုံးထဲက အရည်တွေ ဖိတ်စင်ကျသွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အား ...."

ရေပုံးထဲက အရည်တွေက မုန့်ဟင်းခါးဟင်းရည် ပူပူတွေဖြစ်ပြီး ထမ်းလာသူ ကိုယ်တိုင်တောင် အဝတ်တွေနဲ့ ခုပြီး ထမ်းလာရတာပါ ...။

ဆိုလို သူ့ကိုသိလိုက်ပါပြီ သိစိတ်နှင့်အတူ သူမ ခြေလှမ်းတွေက သူမ မစေခိုင်းရပဲ ...ထိုလူ့အနားသို့ တစ်မုဟုတ်ချင်း ရောက်သွားပါသည်။

"ဟာ ...ကန်တော့ဗျာ ...ကန်တော့ ...ကျွန်တော်ခြေချော် ပြီး မတော်တဆဖြစ်မိတာပါ ..."

မုန့်ဟင်းခါးဟင်းရည် ထမ်းပိုးလာသူက ပုံးကို ကမန်းကတန်းချပြီး မျက်နှာ အပျက်ပျက်နဲ့ တောင်းပန်ပါသည်။ ဘေးနားက ဖြတ်သွားဖြတ်လာသူ တစ်ယောက်က မနေနိုင်မထိုင်နိုင် ဝင်ပြောပါ သည်။

"ကန်တော့ မနေနဲ့ ...ပုံးလိုက်သာ လောင်းချလိုက်ကွ ဘယ့်နှယ်ကွာ ဒီလောက် ပူလောင်နေတဲ့ ဟင်းရည်သယ်လာတာ လက်နဲ့ဆွဲလာပါလား"

"ရတယ် ...ဘာမှ မဖြစ်ဘူး စိတ်မပူပါနဲ့ ..."

ထိုလူ့ရဲ့ ဟန်မဆောင်နိုင်စွာ ပူလောင်နေတဲ့ ဝေဒနာကြားထဲက 'ဘာမှမဖြစ်ဘူး ...' ပြောနေတဲ့ စကားကြောင့် ဆိုလို သူ့ကိုယ်စား ဒေါသထွက်မိကာ ...။





"ရှင်ကသာ ဘာမှမဖြစ်ဘူး ရှင်ခံစားနေရတာလဲကြည့်ဦး"

"ရပါတယ်ဗျာ ...ကဲ ညီလေး သွား သွား"

ဘေးနားက လူတွေက အတင်းပြန်လွှတ်နေတဲ့ သူ့ကို နားမလည်နိုင်စွာ ကြည့်ကြပြီး နှာခေါင်းရှုံ့ အပြစ်တင်ချင်တဲ့ မျက်လုံးနဲ့ ကြည့်ပါသည်။

"ရှင် ဒါတွေကို ရေခဲရည်နဲ့ ဆေးလိုက်ပါလား ..."

ကျွန်မ အပြောကြောင့် သူက ကျွန်မကို မော့ကြည့်ကာ အနည်းငယ် မျက်ခုံးရှုံ့ကာ စဉ်းစားဟန်ပြုပြီး ချက်ချင်း မှတ်မိသွားပုံနဲ့ ဝမ်းသာသွားကာ ....

"ဟာ ခင်ဗျား ..."

သူ့ပုံစံကြောင့် သူမရယ်ချင်မိပါသည်။

"ကျွန်မနာမည် မှုန်း ...လို့ခေါ်ပါတယ် ..."

"ဗျာ ...ခင်ဗျားနာမည်က မှုန်း ..ဟုတ်လား ..."

"ကဲပါ ...ရှင့် ကိုယ်ပေါ်က နံ့နံ့စော်စော်တွေ သုတ်သင်လိုက်ပါဦး"

"ဟဲ့ ...ဆိုလို ..."

ဝင့်နီက နောက်ကနေ ရုတ်တရက် လက်တို့ပြီး ခေါ်လိုက်တဲ့ အသံကြောင့် သူမရော သူပါ လှည့်ကြည့်သည်။

"ရှာလိုက်ရတာဟယ် ...နင်က ဒီမှာ ဘာလုပ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ငါ့အသိကတစ်ယောက် ဟင်းရည် သယ်လာတဲ့ လူတစ်ယောက်နဲ့ တိုက်မိလို့ ..."

ဝင့်နီက သူ့ကို အကဲခတ်ကြည့်သည်။

"လာလေ ..."

ဆိုလိုရဲ့ ခေါ်သံကြောင့် ဆိုလိုခေါ်သွားရာနောက်ကို ဘာမသိညာမသိနဲ့ ဝင့်နီရော သူပါ လိုက်လာခဲ့ကြပါသည်။

"ဟဲ့ ... ဘယ်လဲ ..."

ဝင့်နီက လှမ်းမေးပေမယ့် ... သူမက ပြုံးမဖြေ ... ရေခဲရည်သည်ရှေ့ရောက်မှ ... သူတို့ သဘောပေါက်ကြပါသည်။

"ကဲ ... ဆေးပေတော့ ..."

သူက ရယ်ရင်း ရေခဲရေတစ်ခွက်လှမ်းယူကာ ကိုယ်မှာပေကျံနေတဲ့ ဟင်းရည်တွေကို ဆေးပါသည်။

ဆေးကြောသုတ်သင်ပြီးတော့ သူ့ကိုယ်မှာ ဖိုရွှဲနေပါသည် ... ဆိုလိုက ရေခဲရေဖိုး ကျသလောက်ကို ရှင်းပေတော့ ...။

"ဟာဗျာ ... အားနာစရာ"

"ကျွန်မ အလှည့်ကျတော့ရော အားနာတယ်လို့ ပြောခဲ့လို့ လား"

ဘုတာလိုက်ပို့တဲ့ ကိစ္စကို ရည်ညွှန်းတော့ သူက သဘောပေါက်စွာ ရယ်သည် ဝင့်နီက ဘာမှ နားမလည်ဟန် သူ့ကို ကြည့်လိုက် သူမကိုကြည့်လိုက်နဲ့ပေါ့ ...။





"မုန့် ဒီက ခေါ်တော့ ဆိုလို ... ဆိုတာ ..."

ဝင့်နီခေါ်တဲ့ နာမည်ကို မေးမှန်းသိတော့ သူမက ပြုံးပြီး ...။

"ကျွန်မကို သူငယ်ချင်းတွေက ဆိုလို လို့ပဲ ခေါ်တာရှင့်"

"ဆိုလို ဆိုတာ ... တစ်ဦးတစ်ယောက် တစ်ကိုယ်တော်ပေါ့"

"ဒါပေါ့ ..."

"မုန်းထက်စာရင် ဆိုလိုဆိုတာ ခေါ်လို့ကောင်းတယ်ဗျ"

"ဩော် ရှင်က မမုန်းချင်တဲ့ သဘောပေါ့ ..."

ဝင့်နီက အတည်ပေါက်နဲ့ နောက်သည်။

"ဟဲ့ ..."

ဆိုလိုက မသိမသာဆွဲဆိတ်တော့ သူက ခေါင်းကိုငုံ့ကာ ရယ်သည်။

"ရှင့်နာမည်ကရော ..."

"ကျွန်တော့်ရဲ့ နာမည်က ရင်ငြိမ်းမိုး"

"ရင်ငြိမ်းမိုး ဆိုတော့ ရင်အပူ ကိုငြိမ်းစေနိုင်တဲ့မိုးပေါ့ အတော်ပဲ မုန်းကို ရှာချလိုက်စမ်းပါ ... ကိုရင်ငြိမ်းရယ် ... သူက အတော် ပူလောင်တာ ... သူ့အဖေက သံရည်ကျိုဆရာ သူ့အမေက မီးပူတိုက်စားတဲ့ မိန်းမ ဩော် ... ကျွန်မသေးတယ်"

ဆိုလိုက ပြောစမ်းဆိုပြီး ဝင့်နီကို လွှတ်ပေးထားမိသည်။

"သူ့ကိုယ်ဝန်ဆောင်တော့ သံကန္တာရ အလယ်က မီးတောင်



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ဝမှာလေ မွေးလာတော့လည်း ကလေးကို မီးကင်ရတယ်ဆိုပြီး ညှပ်နှစ်ချောင်းနဲ့ညှပ်ပြီး မီးဖိုပေါ်မှာ ကြက်ကင်၊ ကင်သလို ကင်ရတာ"

ရင်ငြိမ်းမိုးက ဝင့်နီ စကားကြောင့် ရယ်ပါတော့သည်။

"ဟဲ ...နင် ငါ့ကို ဘာအပုတ်ချဖို့ ကျန်သေးလဲ ဝင့်နီ"

"ငါက နင့်ကို အပုတ်ချရအောင် ငါက ဘာပုတ်ချဆေးရောင်း တဲ့ မိန်းမမှ မဟုတ်တာ ဆိုလိုရယ်"

"ခင်ဗျားက တော်တော်ရယ်ရတဲ့ အမျိုးသမီးပဲ ဝင့်နီ ..."

ဝင့်နီက ရင်ငြိမ်းမိုး စကားကြောင့် ..။

"ကျွန်မ အဖေက ဦးရွှေရိုး အမေက ဒေါ်မိုးလေ ကျွန်မ မွေးတော့ အူဝဲ ...လို့ မအော်ဘူး တဟဲဟဲနဲ့ ရယ်သံလေးနဲ့ ထွက်လာတာ ဆရာမက မျက်နှာအတော်ပြောင်တာပဲဆိုပြီး မျက်နှာကို ပေါင်ဒါရိုက်ပေးရသေးတယ် ရင်ငြိမ်းမိုး"

"တော်ပါပြီဗျာ ခင်ဗျားနဲ့အတူနေရင် တူတက်လိမ့်မယ်"

ရင်ငြိမ်းမိုးစကားကြောင့် ဝင့်နီက အလန့်တကြားနဲ့ ရင်လေးဖိကာ ....

"ကျွန်မနဲ့တော့ အတူမနေပါနဲ့ ရင်ငြိမ်းရယ် ...ကျွန်မက ယောကျ်ားတွေနဲ့ အတူမနေရဲလို့ ဘုန်းကြီးကျောင်းမှာ သွားနေရတာ ဥပုသ်သီလစောင့်တာ ပြောပါတယ်"





"တော်ပါတော့ ဝင့်နီရယ် ..."

"တော်ပါပြီ ဆိုလိုရယ် ..."

ရင်ငြိမ်းမိုးက သူတို့နှစ်ယောက်ကိုကြည့်ပြီး ...။

"ဒါနဲ့ ခင်ဗျားတို့က ဘယ်လဲ ...ကျွန်တော်လိုက်ပို့ပေးရမလား"

ရင်ငြိမ်းမိုး စကားကြောင့် ဆိုလိုက ...

"ရှင့်ကိုယ်ရှင် ...TRANSPORTER မင်းသား JASON STATHAM များ မှတ်နေလား ...ဟိုလိုက်ပို့ ဒီလိုက်ပို့နဲ့ ..."

"သူ့ အလုပ်က နာရေးကူညီမှု အသင်းမှာ ထင်တယ်"

အရေးထဲ ဝင့်နီက ဝင်ဖောက်နေပြန်သည်။ ကျွန်မ စကားကြောင့် ရင်ငြိမ်းက ရယ်သည်။ ရင်ငြိမ်းကို ကြည့်လိုက်တိုင်း အပြုံးမျက်နှာနဲ့ အမြဲတမ်း အေးချမ်းနေတဲ့ လူငယ်လေးတစ်ယောက်လို ခံစားရသည်။

"ကျွန်တော့် ပုံစံက ဒီလိုပဲ ဆိုလို ...ကျွန်တော်ကြုံရင်ကြုံသလို ကူညီတတ်တာ သဘာဝပဲ ..."

"ရှင့်အလုပ်က ဘာလဲ ...."

ကျွန်မ အမေးကြောင့် ရင်ငြိမ်းက ဗင်ဇင်းနစ်ကဒ် ကို ထုပ်ပေးသည် ကဒ်ကိုယူကြည့်ရင်း ...။

"ရှင်က အလှကြီးပါလား"

"ဟဲ့ ...သူက အရာကြီးဆိုတော့ ကုလားလား ..."



www.burmeseclassic.com

www.burmeseclassic.com



"စကားအကောင်း ပြောပါရစေဦး ဝင့်နီရယ်"

ဝင့်နီနဲ့ နေလိုက်တော့ ကြာရင် သူမပါ ရူးကြောင်ကြောင် ဖြစ်ရပါတော့မယ် ...။

"မဟုတ်ပါဘူး ...ဖေဖေရဲ့ ကောင်းမှုကြောင့်ပါ ဆိုလို ..."

"ဩော် သူ့အဖေက ...အလှူအတန်းဝါသနာပါတာကိုး"

သူမ ဝင့်နီကို ဂရုမစိုက်နိုင်တော့ ...။

"ရော့ နောက်မှ ဆုံကြတာပေါ့ ...ဒါက ကျွန်မရဲ့ လိပ်စာကတ် ..."

ဆိုလိုက လိပ်စာကတ်ကို ထုတ်ပေးတော့ ဝင့်နီကလည်း အားကျမခံ ...

"အဲလိုလား ...ရော့ ရင်ငြိမ်း ...ကျွန်မရဲ့ ကတ် ..."

ဆိုလိုရဲ့ လိပ်စာကတ်ကို ယူပြီးပြီ ဝင့်နီရဲ့ လိပ်စာကတ်ကို ယူကြည့်တော့ ရင်ငြိမ်း မျက်လုံးပြူးရပါသည်။

"ဘုရားရေ ..."

"ဘာဖြစ်လို့လဲ ..."

ဆိုလိုက ရင်ငြိမ်းပုံစံကြောင့် ဝင့်နီ လိပ်စာကတ်ကို လှမ်းကြည့်တော့ ...

"ဟဲ့ ...ဘာရာစီယာ ဆိုင်လိပ်စာကတ်ကြီး ..."

ဒီအခါကျမှ ဝင့်နီ ရယ်ကျဲကျဲနဲ့ လိပ်စာကတ်ချင်း လဲပေးပြီး ...။

"ဆောရီး ...အစွဲအလမ်းများသွားတယ်"





ရင်ငြိမ်း ရှက်ကိုး ရှက်ကန်းနဲ့ နှုတ်ဆက်ကာ ယစ်ပြေးပါတော့သည်။ ဝင့်နီကတော့ တဟားဟား ပွဲကျနေသည်။ ဆိုလိုကတော့ ဝင့်နီကို စုပုတ်ပုတ်နဲ့ကြည့်နေပါသည်။

ဝင့်နီ ဆိုလိုရဲ့ စု ပုပ်ပုပ်မျက်နှာကို ကြည့်ပြီး ရယ်ချင်ပါသည်။

"နေပါဦး နင့်အသိမိတ်ဆွေထဲမှာ ရင်ငြိမ်းဆိုတဲ့ အမျိုးသမီး ကြားမိပါဘူး နင်တို့က ဘယ်လို ဘယ်လို ရင်းနှီးသွားရတာလဲ"

ဆိုလိုက သူမ ကားထားရာနေရာဆီ ဝင့်နီနဲ့ အတူလျှောက်ရင်း ...

"နင့်ကို တစ်ခါပြောဖူးပါတယ် ငါမွေးနေ့လေးသွားတုန်းက အကူအညီပေးတဲ့ ကားသမားဆိုတာလေ ..."

ဝင့်နီက မျက်ခုံးမြင့်တက်သွားအောင် အံ့သြပြရင်း ...။

"ဩော် ...ဘာလိုလိုအကြည့်နဲ့ ဘွားဘာရဲ့လေးထဲမှာ ငေးကြည့်နေတဲ့ ဇာတ်လိုက်ဆိုတာလား ..."

သူမ ရင်ငြိမ်းရဲ့ ပုံရိပ်ကို ပြန်သတိရမိကာ ကြည်ကြည်နူးနူး ပေးပြုံးမိရင်း ခေါင်းညိတ်ပြမိသည်။ ရှူးဆန်းနှစ်လိုဖွယ်ကောင်းတဲ့ ဆိုလိုမျက်နှာပေါ်က ခံစားမှုကို ဝင့်နီ ကျေကျေနပ်နပ်ဖြစ်မိကာ ...

"မိန်းမ ညည်းမျက်နှာပေါ်က အပြုံးတွေ ကျုပ်သိတယ်နော်"

ဝင့်နီစကားကြောင့် ဆိုလို ရှက်ကိုးရှက်ကန်းဖြစ်မိပေမယ့် ...။

"သူ့ကို တွေ့ရကတည်းက ငါ့ရင်ခုန်သံ ငြိမ်းချမ်းသွားတာတော့ အမှန်



www.burmeseclassic.com

www.burmeseclassic.com



ဝင့်နီ ...”

“အမှန်ပဲဆိုတော့ မမှားဘူးပေါ့ ...အဲဒီမမှားခြင်းသဲမှာ ချစ်ခြင်းတွေလည်း ပါမယ်ထင်တယ်”

“ဝင့်နီ”

သူမက အံ့ကြိတ်ပြပြီး ခတ်ဆတ်ဆတ်အော်တော့ ...။

“ငါ အတိဟ်နိမိတ်ကောက်လိုက်မယ် ...ဆိုတော့ နင်က ရင်ငြိမ်းကို ချစ်ပြီဆိုတဲ့ အဓိပ္ပါယ်ပဲ ...အင်း နှလုံးသား ကျန်းမာရေးကောင်းဖို့ ယတြာချေရမယ် ...”

ဝင့်နီက သူမကို ဂရုမစိုက် ကားတံခါးဖွင့်ကာ သူမဘေးမှာ ဝင်ထိုင်ရင်း ...။

“ယတြာအရ နေ့နံ ခုနစ်နံရှိတဲ့ ပစ္စည်းတွေရှာရမယ်ဆိုတော့ တနင်္လာနာမ်အရ ...ကခဂဃင ဆိုတော့ ကံကော်ညွန့် အား ...ရိုးပါတယ် ခွေးသေးပန်း ...ဟုတ်တယ် ကောင်းတယ်”

ဆိုလိုဘာမှ ဆက်ပြောလို့ မရမှန်းသိကာ နှုတ်ပိတ်ခေါင်းခါပြီး ကားကို မောင်းထွက်လာခဲ့သည်။

“အဲဒါ စဆဇဈည ဆိုတော့ ဇကောတစ်ချပ် ဗုဒ္ဓဟူးကြတော့ ရယလဝဆိုတော့ ဝါးကျည်တောက်တစ်ခုရယ် ကြာသပတေးနာမ်အရ ဖားပြုတ်တစ်ကောင် သောကြာနာမ်အရ ဟဲလေးနဲ့ အတူ စနေနံအရ ထော်ထဲကိုဝင် တနင်္ဂနွေနာမ်အရ အောင်ပြီလို့ အော်ရ





မယ်”

“အဲဒါ နင်ပဲလုပ် ဝင့်နီရေ ...”

ကျွန်မရဲ့ အမြင်ကပ်ကပ်နဲ့ ပြောတော့ ဝင့်နီက မိန်းမပီပီ တဟားဟား အော်ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"**လေး**ညိမ်း ..အဝတ်တစ်စုံလောက်ပေးပါ"

တံခါးဖွင့်ဖွင့်ချင်း ကမန်းကတန်းပြောလိုက်တဲ့ ကျွန်တော့်စကားကြောင့် လေးညိမ်းက စန္ဒယားအဖုံးပေါ်မှာ နုတ်တွေပြင်ရေးနေရင်းမှ ကျွန်တော့်ကိုကြည့်ကာ ...။

"သားကြီး ဘာဖြစ်လာတာလဲ"

ရေကွက်တွေနဲ့ ဖရိုဖရဲဖြစ်နေတဲ့ ကျွန်တော့်ပုံစံက ကိုးရိုးကားရားနိုင်လွန်းနေပါသည်။

"လမ်းမှာ မုန်တိုင်းပြီး မိုးရေးဆိုမှ ထမ်းလာသူနဲ့ တိုက်မိလို့"

"မင်းကတော့ ဖြစ်ရမယ်"

"အိမ်ပြန်အဝတ်အစားလဲနေရင် အစည်းအဝေးမမီမှာစိုးလို့ လေးညိမ်းရ"





"ဗီရိုဖွင့်ပြီး ကြိုက်တာသာဝတ်သွား ..."

လေးညိမ်းက စာရွက်တွေကို ဖိုင်တွဲထဲညှပ်ပြီး အိတ်ထဲထည့်နေပါသည်။ ကျွန်တော်က လေးညိမ်း အခန်းထဲဝင်ပြီး အပတ်တစ်စုံလဲပြီး ထွက်လာတော့ ..."

"မင်း အချိန်ရသေးလား"

"ဘာဖြစ်လို့လဲ လေးညိမ်း"

"ငါ စတူဒီယိုကို သွားမလို့"

"ဒါဗင် အတွက်လား လေးညိမ်း"

"အေး ..."

လေးညိမ်းက ရုပ်ရှင်ဇာတ်ကားနောက်ခံ သီချင်းတွေရေးသလို နောက်ခံ တေးဂီတကိုလည်း ဖန်တီးသည် စန္ဒယားဆရာ မောင်ညိမ်းချမ်းဆိုရင် လူကွေသိကြပါတယ်။ ပြီးတော့ လေးညိမ်းက သူ့ကိုချစ်သလို သူကလည်းချစ်သည် ငယ်ငယ်ကဆို လေးလေး စတူဒီယိုတွေလိုက်ပြီး ဆော့ကစားနေကြ လေးညိမ်းရဲ့ အသိုင်းအဝိုင်းအားလုံးကသိ အစက ကျွန်တော့်ကို လေးညိမ်းသားပဲထင်နေပါသည်။ ကျွန်တော်နာရီကိုကြည့်တော့ အစည်းအဝေးသွားဖို့ အချိန်ရှိပါသေးသည်။

"ဘယ်စတူဒီယိုလဲ"

လေးညိမ်းက စတူဒီယို နာမည်ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် လမ်းလည်းသင့်တယ် လေးညိမ်း"

အမှန်က လမ်းမသင့်ပါ ဒါပေမယ့် လမ်းမသင့်ဖူးပြောလျှင် ကျွန်တော့်ကို လိုက်ပို့မခိုင်းမှာကိုသိတာကြောင့် တမင်ညာပြောလိုက် ခြင်းဖြစ်ပါသည်။

လေးညိမ်းကို စတူဒီယို လိုက်ပို့ရင်း လေးညိမ်းက လမ်းမှာ စကားတစ်ခွန်းဆိုသည်။

"မိုးလေး မင်းမိန်းမ ယူဖို့ရော စဉ်းစားထားရဲ့လား"

လေးညိမ်းစကားကြောင့် ကျွန်တော်ပြုံးစိစိနဲ့ ...။

"ယောကျ်ား ယူရင် ကောင်းမလားလို့ စဉ်းစားနေတာ လေးညိမ်း"

"ခွေးကောင် ...မင်းကတော့လေ ပြောလိုက်ရင် ပြောင်သလို နောက်သလိုနဲ့ ရောချလိုက်တာပဲ ...."

"ရောချဆို ...ကျွန်တော်လက်ဆောင်ရထားတဲ့ ...ကျော်နီ တစ်လုံးရှိတယ် လေးညိမ်းနားမယ့်ရက် သားလာခဲ့မယ် ..."

"အိုကေ ...ကောင်းတယ် ..."

လေးညိမ်းတိုက်ခန်းက ကျွန်တော်တို့ စိန်ကောင်းတို့ရဲ့ ဆုံရပ်တစ်ခုဖြစ်သည်။

"မင်းအဖေ မင်းကြီးရော"

ဖေဖေ့နာမည်က ဦးမင်းနိုင်ဖြစ်ပြီး လေးညိမ်းက မင်းကြီးလို့ပဲ ခေါ်သည်။





"ဖေဖေ ပဲခူးက စက်ရုံကို သွားတယ်လေးညိမ်း လေးညိမ်းကို ညနေကြရင် အိမ်ကိုလာခဲ့ပါဦးတဲ့"

"ချက်ထိုးမလို့နဲ့တူတယ် ...ဒီကောင်နဲ့ ချက်ထိုးရင် အရက်သောက်ရတာ မတန်ပါဘူးကွာ ..."

"ဘာဖြစ်လို့လဲ လေးညိမ်း"

"သောက်ရတယ်မရှိပါဘူးကွာ ...စဉ်းစားရင်းနဲ့ပဲ မူးနေတယ် ...ပြီးတော့ ဒီကောင် ငါနိုင်တာမဟုတ်ဘူး၊ ပြောလိုက်ရင် ငါ့အတွက်တွေက ဆွန်ဖူးအကွက်တို့ နပိုလီယံတိုက်ကွက်တို့နဲ့ စကားကြီး စကားကျယ် လုပ်လိုက်ရင်တော့ သမိန်ပေါသွပ်အတွပ်လိုလို မြိုင်ရာဇာ တွတ်ပီလိုလိုနဲ့ ဒီကောင်ရှုံးတာချည်းပဲ ..."

လေးညိမ်းစကားကြောင့် ကျွန်တော် ရယ်ပါသည်။

"ဒါဆိုရင်လည်း မကစားနဲ့ပေါ့ လေးညိမ်းရယ် ..."

လေးညိမ်းက အဝေးကို ငေးကြည့်ရင်းပြုံးပါသည်။

"ရှိတာမှ ဒီသူငယ်ချင်းနှစ်ယောက်ထဲကွာ ..ဒီကောင်နဲ့ ငါနဲ့က ငယ်ငယ်ကတည်းက တချက်ချက်ကွ ဒီကောင်နဲ့ ငါနဲ့က ရန်မဖြစ် စကားမများရရင် အသက်တိုလိမ့်မယ်ကွာ ...အဲဒီ အချိုးတွေကြောင့်လည်း ..."

လေးညိမ်းက စကားမဆက်ချင်ဟန် စကားကို ဖြတ်သည်။ ကျွန်တော်က အလိုက်တသိနေပေးပါသည်။ လေးညိမ်း ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



မမွေးခင်က အရက်သမားလုံးလုံးကြီးဖြစ်သွားဖူးသည်လို့ ဖေဖေ မေမေတို့က ပြောပါသည် ....လေးညိမ်းကို ဖေဖေ ရန်ကုန်မြို့ရဲ့ မြို့ လယ်လမ်းဘေးမှာ ခွေခွေလေး မှုးပြီး အိပ်ပျော်နေတာတွေ့လို့ ဖေဖေ ခေါ်လာခဲ့ခြင်းဖြစ်သည်တဲ့ ...မေမေဆိုရင် လေးညိမ်းကို ကြည့်ပြီး ငိုလိုက်တာမှ ပြောမနေနဲ့လို့ ဖေဖေပြောပြဖူးသည်။

ဖေဖေက မှတ်ချက်ချဖူးသည်။ ပြန်ပြောစရာ မကောင်းတဲ့ အကိတ် တွေကို မင်းရဲ့ လေးညိမ်းက ထမ်းပိုးထားရှာတဲ့ ...ကျွန်တော်မွေး တော့ လေးညိမ်း အရက်ကို မဖြတ်နိုင်ပေမယ့် စည်းကမ်းနဲ့ သောက် တတ်ပြီး သူ့ရဲ့ ဂီတအလုပ်ကို နှစ်ကာ သူ့ဘဝကို ပြန်တည်ဆောက် ခဲ့သည်တဲ့ ...။





“ဓာတ်လမ်းကတော့ ဓာတ်ခန်းနဲ့စတဲ့ ဓာတ်လမ်းပဲ ...”

“ဘာလဲကွ ...ဓာတ်ခန်း”

“အဘနဲ့ တွေ့တာကို ပြောတာလေကွာ”

လေးညိမ်းကတော့ စန္ဒယားတီးသံုး လက်ကွက်စမ်းလိုက် ရေးလိုက် ဖျက်လိုက်နဲ့ အလုပ်ရှုပ်နေပါသည်။

“လေးညိမ်း လာလေဗျ ...”

“မင်းတို့ကို အကြောင်းပေးထားတာ သောက်နှင့် ဒါ ဒါလေးပြီး ရင်လာခဲ့မယ် ....”

လေးညိမ်းက သူ့အလုပ်ကို ထန်ဖိုးထားသည်။ သောက်ပြီး တော့ သံစဉ်ဖန်တီးတာ သီချင်းရေးတာ သူမတွေ့ခဲ့ ...

“ခုန စကားဖြတ်ပါဦး ...စိန့်ကောင်း ကျောက်ကောင်းရဲ့”

မြင့်ဌေးက အရှုမ်းဖောက်ရင်းပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလေကွာ ... ဘုရားမှာ ကိုရင်နဲ့တွေ့ခဲ့တဲ့ အဘကိစ္စက စပြီး ဒီနှစ်ဒီကောင် ထောင်ကျမယ့် အစီအစဉ်ရှိတယ်ဆိုတာ ..."

"ခွေးကောင် ... ငါဘာလို့ ထောင်ကျရမှာလဲ ..."

"အိမ်ထောင် ပြောပါတယ်"

"လုပ်ပါဦးကွ ... ငါ့သားမိုးလေး ... အိမ်ထောင်ပြုမယ် အစီအစဉ်လေ ..."

လေးညီမ်းက အလုပ်ကိစ္စအပြီးသပ်ဟန်ရှိသည်။ စိန်ကောင်း က လေးညီမ်းကို နေရာဖယ်ပေးရင်း ....

"လေးလေးသားမှာ ဇာတ်လမ်းရှိနေတယ်နော် ကြည့်ကျက် မေးကြည့်ဦး ..."

"ဇာတ်ကြမ်းလား အလွမ်းလား"

လေးညီမ်းအမေးကြောင့် ကျွန်တော် ရှက်ရယ်၊ ရယ်နေမိပါ သည်။ စိန်ကောင်းက လေးညီမ်းကို အစအဆုံး ရှင်းပြနေပါသည်။

"ကောင်မလေးက ဘယ်ကလဲ ... ဘယ်မှာနေတာလဲ ..."

"သားလည်း မမေးရသေးဘူး လေးညီမ်း"

ကျွန်တော့် အဖြေကြောင့် လေးညီမ်းက မျက်နှာရှုံ့မဲ့သည်။

"မင်းကွာ ... အတော်တုံးတဲ့ကောင်ပဲ ..."

"လေးညီမ်း သွားက အန်ကယ်ခိုင် ပညာတွေ ဆွန်ဖူးတို့ နပိုလီယံ ဗျူဟာတွေ သင်ပေးမှ ထင်တယ်"

ရွှေသမင်စာပေ



မြင့်ဌေးစကားကြောင့် အားလုံးရယ်ကြပြီး လေးညီမ်းက ပြော လာပါသည်။

"သူ့အဖေ တိုက်ကွက်သာ သင်ပေးလို့ကတော့ ခြေအေးဝမ်း ရောင် အဆင့်လောက်ပဲ ဝက်မှာကွ ..."

"ဟုတ်တယ် လေးညီမ်း ဖုန်းလေး ဘာလေးဆက် နေကောင်း လား ဝမ်းမှန်ရဲ့လား ... တစ်နေ့ ဘယ်နှစ်ကြိမ်သွားလဲ ... ဟိုမင်းသမီး လေး ... အကြောင်းကြားပြီး ပြီလား ... ဗုဒ္ဓဟူးနံ စတဲ့ မင်းသားက ဘယ်လို ဘာညာကွိကွ ဖြီးရမှာ ..."

စိန်ကောင်းစကားကြောင့် လေးလေးက သဘောကျစွာရယ်ပါ သည်။

"သူ့ရဲ့လိပ်စာကဒ်အရ ဆိုလိုက ဆိုင်ဖွင့်ထားတယ်"

"ဘာဆိုင်လဲ ယောကျ်ားဗိုက်ဖုံးအကျီဆိုင်လား ..."

မြင့်ဌေးစကားကြောင့် ကျွန်တော်မရယ် ...

" Sunday Angel သတို့သမီး ဝတ်စုံ သီးသန့်ရောင်းတဲ့ဆိုင် ..."

"ဟာ ... အတော်ပဲ"

စိန်ကောင်းက လက်ဖျောက်တီးကာ ဝမ်းသာအားရပြော တော့ လေးညီမ်း က ....

"ဘာလဲကွ ... လုပ်စမ်းပါဦး"

"ကျွန်တော်ညီမ ... မင်္ဂလာလက်ထပ်ပွဲရှိတယ်"

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဘာကြောင့်လဲ"

"ကြော် ... ညှံ့ပါ ... မြင့်ဌေးရာ ငါ့ညီမ မိစိုးကို ဆိုလိုဆိုင်မှာ ဝယ်ခိုင်းမှာပေါ့ ..."

"အဲဒီတော့"

မြင့်ဌေးက သဘောမပေါက်နိုင်သေး စိန်ကောင်းက အဲဒီလောက်ညံ့ပြီးရင်း ညံ့နေတဲ့ မြင့်ဌေးခေါင်းကို ခေါက်ပြီး ...။

"မင်း အဲဒါကြောင့်မို့ သူငယ်တန်းကို နှစ်နှစ်ဖြေရတာ ...ဒီကောင်ကြီးကို ခေါ်သွားမှာပေါ့ဟ ..."

"ဟာ ဟုတ်တာပေါ့ ... မင်းအကြံတော်တော်ကောင်းတယ်"

"မြင့်ဌေး ...မင်း ကောင်းသင့်ညံ့ ထဲမှာ အညံ့ဆုံးဖြစ်နေရင်တော့ မိဘခေါ်ရလိမ့်မယ် ..."

"ဟုတ်ကဲ့ပါ ...သူ့ထဘီ ပညာသကြီးရယ်"

မြင့်ဌေး စကားကြောင့် အားလုံး သဘောကျစွာရယ်ကြပါ သည်။





ဒါပဲနော် ...ကိုရင်ကြီး ...မိစိုးက ကိုရင်ကြီးကြောင့် ဝယ်ရမယ့်
တွက် ...လက်ဖွဲ့ကြရင် ကောင်းကောင်းလေးပေးရမယ် ..."

မိစိုးက ကိုယ့်ညီမအရင်းလို ဖြစ်နေသူမို့ ဂျစ်ကြတတ်သည်။
ကာင်လေး လင်းဇော်ဆိုတာကလည်း ရင်းနှီးနေသူမို့ ကိစ္စမရှိ ဒီနေ
ဌေးက ရုံးကိစ္စရှိနေသည်မို့ မလိုက်နိုင် ...။

"မင်း လက်ဖွဲ့ကောင်းကောင်းလေး ပေးချင်ရင် ကောင်းကောင်း
း ပေါက်စီတစ်လုံးကို ပါဆယ်ထုပ်ပြီး ပေးလိုက်ပေါ့ ကိုရင်ရာ"

စိန်ကောင်း စကားကြောင့် မိစိုးက သူ့အစ်ကို စိန်ကောင်းကို
က်မောင်းကို ဆွဲဆိတ်ရင်း ...

"အစ်ကိုဖြစ်ပြီး ညီမဘက်က မပါဘူး ..."

"ဟော့ကောင် ဆိုင်က ရှေ့မှာ ဒီကောင် အိမ်မြှောင်ဥ ကိုင်ထား
ထင်တယ် တုန်တုန်ယင်ယင်နဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် … ကားလွှန်ပြီး ဆိုင်ကိုကျော်သွားတာမို့ ကားကို နောက်ပြန်ဆုတ်ကာ Sunday Angel သို့ လာသော ယာဉ်များ သာလို့ ဆိုင်းဘုတ်တောင်ထားတဲ့ နေရာဘေးမှာ ကားကိုရပ်လိုက် ပါတယ်။

"ဆိုင်လေးက ချစ်စရာလေးနော် …"

မိစိုးက ဆိုင်အပြင်အဆင်ကို ကြည့်ရင်းပြောသည်။ ဆိုင်ထဲက ဝင့်နီက

"ဟဲ့ ဆိုလို နှင့်ရဲ့ ဂျက်လေယာဉ်လေးလာပြီ …."

"မှုရှက်ညို လုပ်စမ်းပါ မမဝင့်နီကလည်း …"

ဆိုင်က ဝန်ထမ်းကောင်မလေး မိမိချိုက ပြောတာကြောင့် …

"နှစ်ဘုလုံး ပျံခဲ့ကြပါတယ်ဟ့ယ် …ဟဲ့ ဆိုလို … သူတို့လက်ထပ် ပွဲအတွက် ဝတ်စုံလာဝယ်ကြတယ်တဲ့ယ်။ ကောင်မလေး တစ်ယောက် ပါတယ်ဟဲ့"

ဝင့်နီ ပြောတာကြောင့် သူမ ရင်ထဲလှုပ်ခနဲဖြစ်သွားပါသည်။

အမှန်က မိစိုး တမင်သက်သက် ညစ်ခြင်းဖြစ်ပါသည်။ ဆိုင်ထဲ ဝင်ခါနီးမှ ရင်ငြိမ်းမိုးရဲ့ လက်မောင်းကို တွဲကာ ဝင်လာခဲ့ခြင်းဖြစ် သည်။ ရင်ငြိမ်းမိုးက ရုတ်တရက်ဆိုတော့ ကြောင်တောင်တောင် ဖြစ်သွားပြီး မသိမသာ လက်ကို ဖြုတ်ပေမယ့် မိစိုးက လူလည်ကျစွာ အတင်း ဆုပ်ထားပါသည်။

ဆိုလို မျက်နှာပျက်ချင်ပေမယ့် ဟန်လုပ်ကာ မျက်နှာကိုပြင်





ပြီး …

"ရင်ငြိမ်း ဘယ်က လှည့်ဝင်လာတာလဲ …"

"လက်ထပ်ဝတ်စုံ ဝယ်ချင်လို့ မမ …ကိုကို ဒါ ဟိုကိုပြောတဲ့ …ကို သူငယ်ချင်းလား အရမ်းချောတာပဲနော်"

မိစိုးတို့ကတော့ လုပ်ချပြီ ဟိုကောင်တွေကတော့ ကြိတ်ရယ် နေမှာသေချာသည်။

"ရင်ငြိမ်းတို့ကတော့ လူပျိုလိုလို သူအိုလိုလိုနဲ့ အခုမှ လူပြိုက် …း ဖြစ်မှန်းသိရတော့တယ်နော်"

"ဟို …ဟို"

ဝင့်နီစကားကြောင့် ဘာပြောရမှန်းမသိ ဖြစ်နေတာကြောင့် …င့်နီက ရုပ်တည်တည်နဲ့ ..။

"ကိုကိုက အရမ်းရှက်တတ်တာ မမရဲ့ ဘယ်လောက် ရှက် …ဘ်လဲဆိုရင် ရှက်ရမှာကိုပြန်ရှက်နေတာ မမရေ …"

မိစိုးနဲ့ ဝင့်နီနဲ့တော့ တွေ့ကြပါပြီ …ချက်ချင်းကြီးကို ရင်းရင်းနှီး …း ဖြစ်သွားရတာ မိစိုးနဲ့ဝင့်နီကြောင့် ဖြစ်မယ်ထင်သည်။

"တော်သေးတာပေါ့ ညီမရယ် …မမအသိလို …နောက်ဖေး …ွားချင်လို့ လမ်းမှာ အိမ်သာမရှိတော့ ချုံပုတ်ထဲဝင်ပြီး မျက်နှာက …ာ်ရမှာ ဖင်ကရှက်ရမှာ မဟုတ်ဘူးဆိုပြီး မျက်နှာကြီးဖုံးပြီး ဖင် …ြီးလှန်းပြီး မစင်စွန့်သလိုဖြစ်နေဦးမယ် …"



www.burmeseclassic.com

www.burmeseclassic.com



ဝင့်နီ စကားကြောင့် ရယ်သံတွေ ကြားရပါသည်။ ဆိုလိုနဲ့ ရင်ငြိမ်းမိုးက အသံတိတ်နေတော့ စိန်ကောင်းက ...

"ကဲ နှိပ်စက်ဟာ တော်ပါတော့ ကေဝင့်ပုဏ္ဏားရယ် ...ကဲ လက်ထပ်မယ့်သူက ကျွန်တော့်ညီမ မိစိုးနဲ့ ဒီက ကျွန်တော့်ယောက်ဖလောင်း လင်းဇော်ပဲ ..."

"တော်သေးတာပေါ့ တော်ပါသေးတယ် အဟမ်း ..."

ရုတ်တရက်ပြောင်းလဲသွားတဲ့ ဆိုလို မျက်နှာကို ကြည့်ပြီး ဝင့်နီကစသည်။ ဆိုလိုက ရှက်ကိုးရှက်ကန်းနဲ့ လူမသိအောင် ဝင့်နီခါးကို လှမ်းဆိတ်လိုက်တာ ရင်ငြိမ်းမိုး မြင်လိုက်ပါတယ်။

"ဒါပဲနော် ကိုရင်ကြီး မိစိုးတို့ကို ဒီက မမတို့က မလျှော့လိုက်တော့ ကိုရင်ကြီး အိတ်ထဲက ပိုက်ဆံစိုက်ရှင်းပေးရမှာ..."

ရင်ငြိမ်းမိုး ခေါ်လာခြင်းဖြစ်တာ သိရတာကြောင့် ဝင့်နီက ရယ်ချင်ဟန်နဲ့ ဆိုလိုကို မျက်ရိပ်ပြရင်း ...။

"မပူနဲ့ ညီမလေးရေ ဒီပွဲက လုံးချောနဲ့ ဝင်းထွန်းလိုပဲ သူမသာကိုယ်မသာ လျော့ကြမယ့်ပွဲပဲ ..."

ကျွန်တော် မျက်နှာထားရခက်နေတာကို စိန်ကောင်းက ရိပ်မိကာ ...။

"ကဲ ...မိတ်ဆက်ပေးဦးလေ ...ကိုရင်"

"သြော် ရင်ငြိမ်းကို ကိုရင်ပဲ ခေါ်ကြတာထင်တယ်"





ဝင့်နီက တအံ့တသြ အမေးကြောင့် စိန်ကောင်းက ...

"ကျွန်တော်တို့အုပ်စုကတော့ ကိုရင်ပဲခေါ်တာ ...ဒီကောင်က အနေအထိုင်အေးတယ် ..ဘယ်လောက်အေးလဲဆိုရင် ဒီကောင် ဟင်းခွက်တွေ ဘာပေါ့ကိုင်ထားရင် မသိးဘူး ရေခဲသေတ္တာတပ်ထားသလိုပဲ ..."

စိန်ကောင်းကလည်း နောက်သည်။

"ဝင့်နီ ဒါ ကျွန်တော့် သူငယ်ချင်းစိန်ကောင်းလို့ခေါ်တယ်။ ဒီဘက်က သူ့ညီမနဲ့ သူ့ယောက်ဖ ...စိုးစိုးခိုင်နဲ့ လင်းဇော် သူငယ်ချင်း တစ်ယောက်ရှိသေးတယ် မြင့်ဆွေဆိုဟာ"

"မြင့်ဆွေ ဆော်ဒါ ဘာကြီးလဲ သူက ဆော်ဒါသောက်လို့လား"

"ဟာဗျာ ..."

ဝင့်နီ ဝင်ဖောက်တာကြောင့် ကျွန်တော် ဘာပြောရမှန်းမသိတာကြောင့် ဝင့်နီက ရင်ဘတ်လေးဖိပြီး အံ့သြပြကာ ...။

"ဟယ် ...ကောင်လေးက ရှက်တတ်တယ်တော့ ..."

"တော်ပါတော့ ဝင့်နီရယ် ..."

"အပေကားအပျော်စတာပါ ...မငိုရဘူးနော် မမဆိုလို မုန့်ဝယ်ကျွေးလိမ့်မယ်"

ဝင့်နီကတော့ ဘယ်လိုပြောပြောမရ ...

"ကျွန်မနာမည်က 'ဆိုလို' လို့ခေါ်ပါတယ် ဒီဘက်က ဝင့်နီ..."



www.burmeseclassic.com

www.burmeseclassic.com



"မမက တော်တော်ကြီးကို ချောတာနော် ..."

မိစိုးက ဆိုလိုလက်ဖဝါးကို ဆုပ်ကိုင်ရင်းပြောပါသည်။ ဆိုလိုကလည်း ...

"စိတ်ချပါ မိစိုးရယ် မမလျှော့ယူပါ့မယ် ..."

"မမ ...လေပဲ လျှော့လို့ကတော့ မရဘူးနော် ..."

တကယ်တမ်းလည်း ဆိုလို ခရင်အတိုင်းပဲ ယူပါသည်။ မိစိုးကတော့ ဝတ်စုံလေးကြည့်လိုက် လိုချင်လိုက်နဲ့ သဘောတွေကျနေပါသည်။

"ညီမလေး သူငယ်ချင်းတွေ မင်္ဂလာဆောင်မယ့်သူတွေ အများကြီးပဲ ဒီကိုခေါ်လာခဲ့တယ် မမ စိတ်ချ ..."

"ဒါဆိုရင် ညီမလေးကို ကော်မရှင်ပေးရမှာပေါ့ ရော့ လိပ်စာ ကဒ်ယူထားလိုက် ..."

ဝင့်နီက မိစိုးကို လိပ်စာကဒ်တွေပေးသည်။ စိန်ကောင်းက ကဒ်တစ်ခု ယူထားပါသည်။

"ဒါနဲ့ ဘယ်ရမလဲ မမတို့ကို ညှော်ခံပွဲ ဖိတ်ရမယ် ..."

မိစိုးတို့ကလျှင်သည် ဖိတ်စာတစ်စောင်ကို အိတ်ထဲက ထုတ်ကာ ဆိုလိုကိုပေးသည်။

"လာရမှာပေါ့ ညီမလေးရယ် စိတ်ချ ...မမတို့နှစ်ယောက်လုံး လာခဲ့မယ် ..."





"မမ ... တစ်ခုခု လိုက်စားပါလား ..."

"မစားတော့ပါဘူး ညီမလေးရယ် ...အော်ဒါမှာထားတဲ့ ကာစတန်မာ ချိန်းထားတာရှိလို့ အမှန်က မမက ကျွေးရမှာကွ ..."

"မိစိုးတို့ နောက်ကျရင် စားရမှာပါနော် ကိုရင်ကြီး ..."

မိစိုးစကားကြောင့် ပြုံးစိစိတွေဖြစ်ကုန်ကြပါသည်။ ကာယကံရှင် နှစ်ယောက်ကတော့ ခေါင်းကြီးတွေ ငုံ့လို့ပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"**မင်း** ငါ့ညီမကို ကျေးဇူးတင်သင့်တယ် ..."

မြင့်ဒွေးနဲ့ စိန်ကောင်း ကျွန်တော့် ကုမ္ပဏီကို ရောက်လာကြပြီး ဟိုတစ်နေ့က ဆိုလို့ဘိုဆိုင်မှာ ဆုံခဲ့တဲ့ အကြောင်းကို စားမြုံ့ပြန်မိကြပါသည်။

"ဟော့ကောင် ဒင်နာ ကျရင်လည်း ခေါ်ဦးနော်"

မြင့်ဒွေးက ကျွန်တော့်ကိုပြောတော့ ...။

"ဟ ...ကာယကံရှင်တွေဖြစ်တဲ့ စိန်ကောင်းနဲ့ ခိုးခေါ်မှ ကောင်းမှာပေါ့ကွ ..."

"အဲဒါတော့ မပူနဲ့ သူငယ်ချင်း အဲဒီကိစ္စ ခေါင်းထဲကထုတ်ထား လိုက် ငါကြည့်စီစဉ်မယ် ...."

"ဆရာ လက်မှတ်ထိုးဖို့ ..."





အခန်းတံခါး ခေါက်ပြီး ဝင်လာတဲ့ ချယ်ရီက လက်မှတ်ထိုး မယ့် နေရာကိုပြသည်။ ချယ်ရီက ဒီကောင်တွေနဲ့လည်း ရင်းနှီးနေ သူမို့ ...။

"ဟဲ့ ချယ်ရီ ...."

"ရှင် ဦးစိတ်ကောက် ..."

"နင့် အဖေ ဦးစိန်ကောက် ငါ အဲဒီနာမည်ကို ဘယ်သူပေးဟာ လဲ ..."

"နင်ယ်ပေးတာ ဦးစိတ်ကောက်"

"တွေ့မယ် အဲဒီကောင်မလေးတွေ အိပ်မက်ထဲကို ထည့်မက် ဦးမယ် ...."

ချယ်ရီက ပခုံးတွန့်ကာ လှစ်ခနဲ ထွက်သွားပါသည်။

"လုပ်ပါဦး တွေ့ကြတော့ ..."

အရေးထဲ မြင့်ဒွေးက ဆက်ပြီး သိချင်နေပါသေးသည်။

"တွေ့ကြတော့ ပြီးပြီပေါ့ကွ"

"ဟာ မင်းတို့ဟာကလည်း ဟုတ်မလိုနဲ့ ..."

"မလေးစနဲ့လေ အခုမှ ဇာတ်ကစဖွင့်ရမှာ တွေ့တွေ့ချင်း ဘာနဲ့ ထွင်းတယ် ..."

စိန်ကောင်းက အရေးထဲ စကားပုံ မေ့နေတာကြောင့် ...

"ပုဆိန်နဲ့ ထွင်းကွာ ..."

"ဆောက်နဲ့ပါကွာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာနဲ့ထွင်းထွင်း အဆင်ပြေပါတယ်"

"ဘာကို ထွင်းရမှာလဲ ..."

"မသိဘူးလေ ..."

စကားတွေက လိုရင်းမရောက် ဒီနှစ်ကောင်ကြောင့်တော့ ခက်ပါသည်။

"ငါနဲ့ဆိုင်ပိုရဲ့ ဓာတ်လမ်းက မင်းတို့နှစ်ယောက်နဲ့ ပင့်နဲ့ ပေါင်းရင်တော့သွားပြီ .."

"ဝင့်နီနဲ့တော့ ပေါင်းလို့ဖြစ်မှာမဟုတ်ဘူး ...ငါ့မိန်းမ မေစိသဘောထားက ဘယ်လိုမှန်းမသိရသေးဘူး"

စိန်ကောင်းက ခပ်တည်တည်နဲ့ ပြောသည်။ မြင့်ဒွေးကတော မရှိမဲ့ရှိမဲ့ မုတ်ဆိတ်မွှေးလေးကို ပွတ်ပြီး ...

"ငါကတော့ ရှင်းတယ်ဟေ့ကောင်"

"မုတ်ဆိတ်မွှေးလား ..."

"ဟေ့ကောင် စကားအဖြစ်ပြောတာကွ ...ပုံရည်းစား စိုးစိုးဦးမှ စိုးစိုးဦးပဲ"

ဝင့်နီ ဘဝကလည်း ဒီကောင်တွေ တံတွေးခွက်မှာ နှစ်လိုက်မြှုတ်လိုက်ပါပဲ ...။

"မနက်ဖြန် မင်္ဂလာ ညှိခံပွဲကို ပြင်ရဆင်ရမှာနဲ့ မင်းတို့နှစ်ယောက် စောစောလာနော်"





"အေးပါဟ ..."

ကျွန်တော့် စကားကြောင့် မြင့်ဒွေးက ...။

"ဟေ့ကောင် ဝှဲဝင်ခေါ်ကွာ၊ မင်းက ကားပါတော့ အဆင်ပြေတယ်"

"မိုးက ဒင်နှာဝတ်စုံရော ဆိုလိုတို့ဆိုင်က ဝယ်သေးကယ်နော်"

စိန်ကောင်းစကားကို ကျွန်တော် ခေါင်းညိတ်ပြပါသည်။ စိန်ကောင်းက ပခုံးတွန့်ရင်း ...။

မင်္ဂလာဆောင်ရတာမလွယ်ပါလားကွယ် ...သတို့သမီး ဝတ်စုံကင် သိန်းဂဏန်းလောက်ဆိုက ကြောက်စရာ ဟော ဒင်နှာအတွက် ဝတ်စုံ ကြေးကလည်းမနည်း တော်ပြီ မြင့်ဒွေး မင်းအလှည့်ကြရင် ကျောက်ခေတ်စတိုင်နဲ့ မင်္ဂလာဆောင်"

"ခွေးကောင် မင်းအလှည့်တုန်းက အဲဒီလိုဆောင်ပါလား ...။"

"ဟဲ ဟဲ ငါ့မိန်းမကို အားနာလို့ကွ ..."

မြင့်ဒွေးက စိန်ကောင်းစကားကြောင့် ,..

"ဟုတ်တယ်ကွ ...ထုံးစံဆိုတဲ့ စနစ်က ရှိုးပါတယ်ကွာ ရက်လည်ဆိုရင် မုန့်ဟင်းခါး ရပ်ကွက်ထဲက.မင်္ဂလာဆောင်ရင် အုန်းနို့ခေါက်ဆွဲ၊ ခရဲမုန့်၊ ဒီဖလိုးချည်းပဲ ရိုးနေပြီ မင်းအဆန်းထွင်ကြည့်ပါလား ဝိန်ကောင်း"

"လုပ်စမ်းပါဦး"

"မင်းအသုဘကျရင် မုန့်ဟင်းခါးမကျွေးနဲ့ကွာ ဒံပေါက်နဲ့ အုန်းရည်



www.burmeseclassic.com

www.burmeseclassic.com



တိုက် ဒါမှမဟုတ်ရင် ဖာလူဒါ တိုက်ကွာ ...”

“လာစားကြသူတွေ ငါနဲ့အတူပါသွားဦးမယ် ...”

ကျွန်တော်ဒီကောင့်ကို ကြည့်ပြီး ရယ်နေပါတော့သည်။

“ဘူဖေးစနစ်က ရိုးတယ် ဟိုတယ်မှာ ဘာလုပ်ရမလဲဆိုရင် မုန့်လက်ကောက်တို့ မုန့်စိမ်းပေါင်းတို့ ငပါက်တာတ်ကရ အစားအစာတွေ အကုန်ထားမယ် ပြီးရင် ဒင်နာကြဲရင် ချက်အရက်ကို ဖုံးပေါလအော ဧည့်ခံမယ် အမြည်းကတော့ ဖီးထုပ်တို့ လျှက်ဆားတို့ ထားမယ် မကောင်းဖူးလား အကုန်အကျလည်း သက်သာမယ်ကွာ။ အမျိုးသမီးတွေအတွက် ကိုယ်တိုင်ကြော် ကိုယ်တိုင်စား ... ခေါက်မုန့် အိုးလေး ဘိန်းမုန့်တို့ တို့ရှည်တို့ ပြင်ပေးထားတယ်။ ဘယ်လောက်မိုက်လိုက်မလဲ စိန်နှားကပ် တပြောင်ပြောင် ချိတ်ထဘီနဲ့ အိုးကို ဆီလေးသုပ်လိုက် ခွေးလေးသုပ်လိုက် သတို့သမီးကလည်း ကိုယ်တိုင်ကြော်ပြီး သတို့သားကိုခွံ့ သတို့သားကအပူလောင် မျက်နှာမှာလည်း အိုးမဲတွေပေ ...လုံးဝ Love Scene ပဲ ...”

“အဲဒါ မင်း အလှည့်ကျမှလုပ် မြင့်ဒွေး ...”

စိန်ကောင်းစကားကြောင့် မြင့်ဒွေးက ပြောပါသေးသည်။

“လုပ်ကြည့်ရင် ကောင်းမယ်ထင်တယ် ...”တဲ့ ။





## “နောက်ကျလိုက်တာ မမရယ်”

ဟိုတယ်ထဲဝင်ဝင်ချင်း မိစိုးက ဆိုလို လက်ဖဝါးကို အုပ်ကိုင်ရင်း ပြောသည်။ ဝင့်နီက ဟိုတယ်ခန်းမထဲကို တစ်ချက်ဝေ့ကြည့်ပြီး ...။

“နောက်ကျ-ဆို ...နှုတ်ခမ်းမွှေးရိတ်နေရတာကိုး မိစိုးရဲ့ ...”

“မမဝင့်နီ ကတော့လေလုပ်ပြီလား ...မမ ...”

မိစိုးက သတို့သားကို တစ်ဖက် ဆိုလိုကိုတစ်ဖက်ဆွဲရင်း လွတ်တဲ့ စားပွဲဝိုင်းတစ်ခုဆီခေါ် ဆောင်သွားတာကြောင့် ဆိုလိုမှာ အားနာ မေမိသည်။

စားပွဲဝိုင်းတစ်ဝိုင်းမှာ ရင်ငြိမ်းနဲ့ လူတစ်ယောက်သာထိုင်နေပါသည်။ မိစိုးက သတို့သမီး ပီပီ မျက်နှာထားတည်ကြီးနဲ့မခန ...သ



www.burmeseclassic.com

www.burmeseclassic.com



အိမ် သူယာလို သဘောထားကာ လွတ်လွတ်လပ်လပ် ...။

"ဒီက အစ်ကိုကြီးတို့က နှစ်ယောက်ထဲလား ..."

"ဟုတ်ကဲ့ ဒေါ်လေး ..."

မြင့်ဒွေးကလည်း ပြန်နှောက်သည်။

"ဒါဆို ဘကြီးတို့နားမှာ ကျွန်မ အစ်မ နှစ်ယောက်ကို အပ်ထားပါရစေ ..."

"အပေါင်ဆုံးရင်တော့ မတတ်နိုင်ဖူးကြီးဒေါ် ..."

မိစိုးက သူ့ သတို့သားလောင်းလက်ကိုဆွဲကာ ကော့တော့ကော့တော့နဲ့ ပြန်ထွက်သွားပါသည် ...။

"နောက်ကျတယ်နော် ဆိုလို ..."

ဝင့်နီက ...

"ကျွန်မကိုလည်း မေးလို့ရပါတယ် ကိုရင် ..."

"ဟာဗျာ ..."

"ဟုတ်ပါတယ်ကွာ ...မင်းဟာက သိပ်သိသာလွန်းတယ်"

မြင့်ဒွေးကလည်း အနှောင့်အသွားမလွတ် စသည်။ ဆိုလိုက ရက်ပြုံးနဲ့ စကားလွှဲရပါမည်။

"စိန်ကောင်းလည်း မတွေ့ဖူးနော်"

"ဧည့်ခံနေရတယ်ထင်တယ် ...ပြီးရင်လာပါလိမ့်မယ် ...ဩော် မိတ်ဆက်ပေးရဦးမယ် ...သူက ကျွန်တော့်သူငယ်ချင်း မြင့်ဒွေး





ကဲ့ ...

"ဟုတ်ကဲ့ နာမည်ကတော့ အရင်ကတည်းက ကြားပြီး ရင်းနှီးနေပါပြီ ..."

မြင့်ဒွေး ခေါင်းညိတ်ပြရင်းပြောသည်။

"သူတို့ နာမည်ကတော့ မင်းသိပြီးသားပါ ..."

"သိပါတယ် ကိုရင်ရာ မင်းတစ်နေ့ တစ်နေ့ ဆိုလို ဆိုလို ဆိုပြီး ပါးစပ်က ရွတ်နေသလို ရွတ်ရွတ်နေတာ နားကိုငြီးနေတာပဲ ..."

"ကိုမြင့်ဒွေးရယ် ..."

"လုပ်မနေနဲ့ ရင်းရင်းနှီးနှီး မြင့်ဒွေးလို့ပဲခေါ်ပါ ..."

မြင့်ဒွေးစကားကြောင့် ဝင့်နီက ပြုံးသည်။

"ကို ...အဲမြင့်ဒွေးရယ် နားမငြီးတဲ့သူက နားမငြီးကြပါဘူးနော့ ဆိုလို ..."

"နင် ဘယ်လိုဖြစ်နေတာလဲ ...မျက်နှာက ပြောင်ပါ့ ဝင့်နီရယ်"

"ငါ့မျက်နှာပြောင်တာ မိတ်ကပ်ကြောင့်ဖြစ်မယ် ..."

သူတို့ စားနေသောက်နေကြစဉ်မှာ စိန်ကောင်း ရောက်ချလာသည်။

"အခုမှ စိန်ကောင်းက ချိတ်ထဘီနဲ့ ဆိုတော့ ကြည့်ကောင်းသွားတယ်"

ဝင့်နီ စကားကြောင့် စိန်ကောင်း ဝင်ထိုင်ရင်း မျက်နှာက ရဲ့မှ



www.burmeseclassic.com

www.burmeseclassic.com



သွားပါသည်။

"နေကြဦးနော် အေးဆေးပေါ့ ..."

"မမ ...နေရထိုင်ရတာ သက်သာရဲ့လား"

မိစိုးက သူတို့ဝိုင်းဆီရောက်လာရင်း မေးသည်။

"နေရထိုင်ရတာ သက်သာပါတယ် ...မပေါ့မပါးဖြစ်တာ လောက်ပဲ"

ဝင့်နီ စကားကြောင့်ရယ်ကြပါသည်။

"မိစိုး သတို့သမီးထဲမှာ ဣန္ဒြေမရဆုံး သတို့သမီးကိုပြပါဆိုရင် နင်ပြရမှာပဲ ..."

စိန်ကောင်းစကားကြောင့် မိစိုးကလည်း ပြောင်ချော်ချော်နဲ့ ဝင့်နီရှေ့က မုန့်တစ်ခုကို လှမ်းယူကာ ပါးစပ်ထဲသွင်းရင်း ...

"အစ်ကိုနဲ့တူလို့ဖြစ်မှာပေါ့ ...မိစိုးက ဣန္ဒြေလေးနဲ့ ခေါင်းကိုငုံ့ လမ်းလျှောက် စိတ်အိုက်အိုက်ကြီး မနေချင်ပါဘူးနော် လင်းဇော်"

"ဒါပေါ့ ..."

လင်းဇော်ကလည်း မိစိုး ဘာလုပ်လုပ် အစားထဲကပါ ...။

"လိုက်လည်း လိုက်တဲ့ အတွဲပဲကွာ ..."

"ကောင်းတယ် ဝင့်နီကတော့ မိစိုးလို စကိုင်မျိုးကြိုက်တယ် ..."

"နင် နဲ့တူလို့ မဟုတ်လား ဝင့်နီ ...."

ဆိုလိုစကားကြောင့် ဝင့်နီက ရယ်ပြီး ခေါင်းညိတ်သည်။ မိစိုး





က ဓာတ်ပုံဆရာကို လှမ်းခေါ်ပြီး ဓာတ်ပုံရိုက်ကြသည်။

"ကဲ ...မမတို့ ပြန်ဦးမယ် မိစိုး သွားမယ်နော် လင်းဇော် ..."

ဆိုလိုက နှုတ်ဆက်တော့ ....

"ည ဒင်နာ ကျရင်လာခဲ့နော် ...ကိုရင်ကြီး လာကြိုလိမ့်မယ် မမဝင့်နီရောနော် ..."

"မမဝင့်နီက လာဖြစ်မယ် မထင်ဘူး မိစိုးရဲ့ မေမေက နေသိပ်မကောင်းတော့ ညရေးညတာ ထွက်ဖြစ်မယ်မထင်ဘူး။ ဆိုလိုသာရအောင်ခေါ် ..."

"လာခဲ့နော် ...မမဆိုလို ..."

ဆိုလိုက ဝင့်နီ အကြံအဖန်လုပ်မှန်းသိတာကြောင့် ဝင့်နီကို မျက်စောင်းထိုးသည်။

"ကိုရင်ကြီး လိုက်ပို့လိုက်ဦးလေ ..."

"ငါတို့ ဒီကပဲ စောင့်မယ် ကိုရင်"

ဟိုနှစ်ယောက်က အလိုက်တသိနေခဲ့ပါသည်။ ကားထားရာနေရာဆီလိုက်ပို့တော့ ဝင့်နီက ကားမထွက်ခင်။

"ကျွန်မ သူငယ်ချင်းကို စိတ်ချမယ်နော် ကိုရင် ရည်းစားစကားပြောဖို့တော့ မကြံနဲ့နော် ကြံမယ်ဆိုရင် ကျွန်မကို လာပြော ..."

ဆိုလိုရှက်ရမ်းရမ်းပြီးဝင့်နီကို ဆွဲဆိတ်လိုက်တာမြင်တော့ ကျွန်တော် ခိုးရယ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သွားမယ်နော်"

ဆိုလိုက ကျွန်တော့်ကို လှမ်းပြောပြီး လက်ပြကာ ကားကို မောင်းထွက်သွားခဲ့ပါသည်။





"ဒင်နာက သားရဲ့ပွဲလား"

ကျွန်တော့် ပုံစံကြောင့် မေမေက ပြောပါသည်။

"ဟာ မေမေကလည်း ..."

ကျွန်တော် ရှက်ကိုးရှက်ကန်းနဲ့ မေမေ့ကို သိုင်းဖက်တော့ ...

"မသိပါဘူး သားရယ် အစတုန်းက သားဒီလောက်မပြင်မဆင် လို့ မေမေတောင် ပြောယူရတယ် ...အခုတလော သားပုံမှန်မဟုတ် ဘူးနော်"

"မေမေထင်လို့ပါ ...သား ဘာမျှားထူးခြားလို့လဲ"

မေမေက မေးစေ့ကို ဆွဲညစ်ရင်း ...

"မေမေက သားကိုမွေးလာတာပါကွယ် ...ကိုယ့်သားမျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကို ကြည့်ရင် ဘာဖြစ်လာသလဲက အစ သိတာပေါ့ကွယ် …ကဲ ပြောပါဦး"

"စောပါသေးတယ် မမေရာ …"

"ဟော …မေမေ ဘာမှမမေးရသေးဘူးနော်"

"ဟာဗျာ မေမေကတော့လုပ်ပြီ …ကဲ သား သွားမယ် မေမေ"

ကျွန်တော်က ဖိနပ်ကြိုးချည်ပြီး ထရပ်တော့ မေမေပြုံးစိစိနဲ့ …။

"ချောလား သား …"

"ချောတယ် ဟာ မေမေကတော့ဗျာ"

မေမေက သဘောကျစွာ ရယ်ရင်း ကျန်ခဲ့ပါသည်။ ကျွန်တော် ကားကို မောင်းလာရင်း အချစ်ဆိုတဲ့ နုပျိုလန်းဆန်းမှုတွေကို အံ့သြရင်း တမင်ပြန်စဉ်းစားကြည့်မိသည်။ အချစ်ရဲ့ ထိန်းကျောင်းမောင်းနှင်မှု အောက်မှာ ကျွန်တော်က ထိန်းချုပ်ခံရတဲ့ ယာဉ်တစ်စီးလို အလိုက် သင့် …။

တကယ်လို့ ဆိုလိုသာ ကျွန်တော့်အချစ်ကို ငြင်းပယ်ခဲ့မည်ဆို ရင် ကျွန်တော် ဘာဖြစ်သွားနိုင်လဲ သေလောက်တဲ့ အဆင့်မဟုတ် ပေမယ့် …ခံစားရမယ့် ဝေဒနာက ထုနဲ့ထည်နဲ့ အင်အားကောင်းမှာ ကျွန်တော်သိသည်။

ဆိုင်ရှေ့ရောက်တော့ သူမက အသင့်စောင့်ကြိုနေပါသည်။ ဝင့်နီက ဆိုလိုနဲ့ အတူ ကျွန်တော့်ကားရှိရာဆီလျှောက်လာ





သည်။

"ဆိုင်မသိမ်းသေးဖူးလား ဝင့်နီ"

"ရင်ငြိမ်းတို့သွားရင် သိမ်းပြီး ပြန်မယ့်ပဲ …"

"သွားမယ် ဝင့်နီ ညကျရင် ဖုန်းဆက်လိုက်မယ်"

"ဖြစ်ကြောင်းကုန်စင်ပြောပြနော်"

"နင်ဟာလေ …"

ဆိုလိုက နှုတ်ခမ်းကိုက်ရင်း ဝင့်နီကို အံကြိတ်ပြသည်။ ဝင့်နီ က ကျွန်တော့်ကို ရည်ရွယ်ကာ …

"ရှင် ထိန်းသိမ်းစောင့်ရှောက်နော် ကိုရင်ငြိမ်း ဟိုဟိုဒီဒီတွေ ကြားပါရစေနဲ့ …"

"တော်ပါတော့ ဝင့်နီ …"

"ကဲ ရင်ငြိမ်း သူ့ကို အဖက်လုပ်မနေနဲ့ မောင်းတော့ …"

"ဟွဲ … ဒါဆို ရင်ငြိမ်းကိုပဲ ဖက်တော့မယ်ပေါ့ …"

ကျွန်တော်လည်း ကြာရင်ပိုဆိုးမှာမို့ ကားကို မောင်းထွက်လာ ခဲ့ရပါသည်။ ကားကို မောင်းလာရင်း သူနဲ့ ကျွန်တော် စကားမဆိုဖြစ် ကြ အဲဒီလို ဟိတ်ဟိတ်ဆိတ်ဆိတ်ကြီးနေ နေရတာ ကျွန်တော် တစ်မျိုးကြီးခံစားရပါသည်။ ကျွန်တော်ဆိုးပိုကို တစ်ခုခု ပြောချင်နေ ပါသည်။ အဲဒါကြောင့်လည်း သူမကို လှည့်ကြည့်တော့ သူမအပြင် ရှုခင်းကိုငေးကြည့်နေတာကြောင့် ကျွန်တော် အနှောက်အယှက်မ



www.burmeseclassic.com

www.burmeseclassic.com



ပေးချင်ပြန် အမှတ်တမဲ့ သူမကို ကြည့်မိရင်း သူမမျက်နှာပေါ်က အလှတရားကို ကျွန်တော် ရှာဖွေကြည့်မိခဲ့သည် ...အပြစ်ပြောစရာ မရှိအောင် ဖန်တီးထားတဲ့ ဖွဲ့စည်းမှုတွေပေါ်မှာ အတွေးရခက်တဲ့ ခံစားမှုတစ်ခု ရှိနေတယ်လို့ ကျွန်တော်မြင်မိသည်။ ဘယ်လိုလဲဆိုတော့ ရှင်းလင်းနေတဲ့ ကောင်းကင်တစ်ခုကို မျက်နှာပေါ်မှာ အညိုရောင်တိမ်တိုက်တွေ ခိုဝင်နေသလို တစ်ခုခုဖြစ်လာတော့မယ့် နိမိတ်တစ်ခုလိုလို ကျွန်တော်ထင်တာပဲ ဒါဟာ ဘယ်လိုကနေ ဘယ်လို ကျွန်တော့်ရင်ထဲကို ရောက်လာသည်မသိပါ ...ကျွန်တော့် စိတ်ကိုကပဲ ရူးကြောင်ကြောင်အတွေးတွေ ဝင်လာလို့လား မသိပါ။

နောက်တစ်ကြိမ် ခိုးကြည့်မိတဲ့ အကြည့်ကို သူမတွေ့သွား တော့ ကျွန်တော် ချက်ချင်း မျက်နှာလွှဲမိသည်။ သူမ လှစ်ခနဲ ရယ်လိုက်တာ ကျွန်တော်တွေ့ဖြစ်အောင် တွေ့မိလိုက်သေးသည်။ ဒင်နာ ကျင်းပရာ မိစိုးတို့ခြံထဲကို ရောက်တော့ ရင်းနှီးတဲ့ မိတ်ဆွေ အပေါင်းအသင်းတွေတောင် စုံပါပြီ ...။

ကားပါကင်ထိုးရပ်တော့ စားပွဲဝိုင်းတစ်ဝိုင်းမှာ ထိုင်နေတဲ့ မြင့်ဌေးတို့က လက်လှမ်းပြသည်။ မိစိုးက သူတို့အနီးကို ရောက်လာသည်။

"နောက်ကျလိုက်တာ မမဆိုလို အဲ ...ဒီနေ့ ကိုရင်ကြီးက သိပ်သားနားနေပါလား ...တကယ်လိုက်တယ်တော့ ..."





ကျွန်တော်က ရှက်ကိုးရှက်ကန်းရယ်တော့ ..ဆိုလိုက ပြုံးစိစိနဲ့

"ဟောတော် ...သူကပဲ ရှက်နေရသေးတယ် ..."

"ရှက်သာရှက်နေတာ ...သိပ်ကိုပျော်နေတာ အသိသာကြီး"

"နင်တို့ဟာကလည်းဟာ ..."

ကျွန်တော် ဒါပဲ ပြောနိုင်ပြီး ရှေ့ကနေ ဦးဆောင်ထွက်သွား တော့ နောက်ကရယ်သံတွေကို ကြားရပြန်သည်။

"ဟော့ကောင် ပြောပြီးပြီလား"

စိန်ကောင်းက တိုးတိုးကျိတ်ကျိတ်မေးတော့ ....

"ဟင့်အင်း ...."

"ညံ့ပါ့ကွာ ..."

"ဒီကောင် ကောင်း။ သင့်၊ ညံ့တောင်မပါဖူး ....မိဘခေါ်ရမယ် ထင်တယ် ..."

မြင့်ဌေးစကားကြောင့် ဆိုလိုက ဝင်ထိုင်ထိုင်ချင်း ...

"ဘာတွေကောင်း၊ သင့်၊ ညံ့နေရတုန်း ..."

စိန်ကောင်းကို မပြောဖို့ မျက်ရိပ်ပြပေမယ့် ဒီကောင်က မမြင်ချင်ယောင်ဆောင်ကာ ...

"မပြောမပြီး မတီးမမြည်ဆိုတဲ့ စကားရှိတယ်လေ ..."

"အဲဒါ ဘာဖြစ်လဲ စိန်ကောင်းရယ် ...."

ကျွန်တော်က ဆက်မပြောရန် ဒီကောင့် ခြေထောက်ကို ဖိတ်



www.burmeseclassic.com

www.burmeseclassic.com



ကန်တော့ ...။

"အား ..."

"ဘာဖြစ်တာလဲ ..."

"ဘာဖြစ်ရမှာလဲ ဆိုလို့ရဲ့ ကျွန်တော် ခြေထောက်ကို ဘယ်ခွေး ကန်သွားလဲမသိဘူး"

ဆိုလိုက ရိုပ်မိကာ ...ရယ်သည်။ အစားအသောက်တွေလာ ချတော့ ကျွန်တော် စားရင်းသောက်ရင်း စကားတွေ ပြောဖြစ်ကြပါ သည်။

"အပြန် ဒီကောင်လိုက်ပို့မှာ မှတ်လား ဆိုလို ..."

"မေးကြည့်ဦးလေ ရှင့် သူငယ်ချင်းက လိုက်ပို့ချင်ရဲ့လားလို့..."

ခွင်ထဲဝင်လာတဲ့ စကားကြောင့် စိန်ကောင်း အကြိုက်တွေ့ သွားသည်။

"လိုက်ပို့ချင်လိုက်တာမှ ဟိုဖက်ကမ်းတောင် လွန်နေသေး တယ်။ ကျွန်တော်တစ်ခု စဉ်းစားမိတယ် ဆိုလို ..."

"လုပ်စမ်းပါဦး ..."

"အဟာမ်း ..."

ကျွန်တော် ချောင်းဟန့်သတိပေးလည်း အရာမရောက်ပါ။

"ဒီကောင့် ကမဏ်ကို ဆိုလိုတို့ ဆိုင်နားကို ရွှေ့ရင် ကောင်းမ လား ဒါမှမဟုတ် ခင်ဗျားရဲ့ ဒရိုင်ဘာအဖြစ် တစ်သက်လုံး ခန့်ထား





ရင် ကောင်းမလားစဉ်းစားနေတာ ..."

"ရှင်တို့ အကျိုးဆောင်ခ ဘယ်လောက်ရလဲ စိန်ကောင်း"

"နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းအောင် ဒီက ဦးတက်ခါး မေတ္တာ ပေ့ရုံပါ မေတ္တာပေးရင် မေတ္တာရ၏ တဲ့ ..."

"အပြောကတော့ အိုလီဗာခန်း ပဲ ..."

"ရွှေမန်းလုပ်စမ်းပါဗျာ ..."

"ကဲ ...ရှင်ကရော ဘာပြောချင်သေးလဲ ရင်ငြိမ်း .."

"ဗျာ ..."

ဆိုလို အမြဲင်ကပ်ကပ်နဲ့ တေမိပုံစံဖြစ်နေတဲ့ ရင်ငြိမ်းကို ဒဲ့ဒိုး မေးတော့ ရင်ငြိမ်းလန့်သွားပါသည် ... ဟိုကောင်တွေကတော့ သ ဘောတွေကျလို့ပေါ့ ...။

"ပြောလိုက်လေကွာ ...တားတား ကျကား အပိရှိလို့ ...အိုင် ခြေထောက်ဖြူ လို့ ...အဲ ...အိုင်လာတ်ယူ ..."

စိန်ကောင်းက နောက်ရှက်ရှတ်နဲ့ စနေပါသည်။

"ကဲ ...ပြန်ရအောင် ..."

"ကျော်ရဲအောင် ...အဲလေပြန်ရအောင်တဲ့ ရင်ငြိမ်းလိုက်ပို့ပေး လိုက်"

"အားလုံးသွားမယ်နော် ..."

ဆိုလိုက သူတို့ကိုပြောပြီး မိစိုးတို့ဆီ နှုတ်ဆက်ဖို့ သွားတော့



www.burmeseclassic.com

www.burmeseclassic.com



မြင့်ဋ္ဌေးက ....

"ဟော့ကောင် ပြောစရာရှိတာ ပြောတော့လေ ဟိုက ...မင်းတေမိပုံစံ အူတူတူ အတတဖြစ်နေရင် မင်းလွမ်းသွားမယ်နော်"

"ငါက ဘယ်လိုစပြောရမှန်းမသိလို့"

"ဟာ ပါးစပ်နဲ့ပြောတာပဲ ...ဖင်နဲ့ပြောတာမှ မဟုတ်တာ ...ပြောချင်သလိုပြောကွာ ...အဓိက ရည်းစားစကားဖြစ်ဖို့ပဲ"

"ဟုတ်တယ် မြင့်ဋ္ဌေးပြောတာ မှန်တယ်ကိုရင် ဟိုစကားပုံရှိပါတယ် လသာတုန်း စာကျက် မအိပ်မနေအသက်တို ...အခွင့်ရေးရတုန်း ရည်းစားစကားပြောဆိုတာလေ ...သွားတော့ ဟိုမှာစောင့်နေပြီ ...အဆင်ပြေတယ်ပဲ ကြားချင်တယ်နော် ကိုရင်"

ပို့တဲ့သူတွေကတော့ တွန်းပို့နေပါပြီ။ ကျွန်တော် ဘာဆက်လုပ်လို့ ဘာပြောရမှန်းမသိပါ။ ကားထဲ ဝင်ထိုင်ရင်း သူမကို မသိမသာကြည့်မိတော့ ...စိတ်ဆိုးနေတာလား ...ငြိမ်သက်နေတာလား ခန့်မှန်းရခက်ပါသည်။ နာရီကိုကြည့်မိတော့ ည ဆယ်နာရီထွန်းနေပါသည်။ ကားကို မောင်းထွက်လာရင်း ဘယ်က ပြောလို့ ဘယ်ကစရမည် မသိ ...ကားကို ပလက်ဖောင်းတစ်နေရာမှာ ကပ်ရပ်တော့ ...သူမ ဘာမှမပြော ...ရှေ့မှန်ကို ဖောက်၍ မြင်ရတဲ့ လမင်းကို ငေးကြည့်နေမိသည်။ နှစ်ဦးသား တိတ်တိတ်ဆိတ်ဆိတ် သူမလည်း ကျွန်တော့်လို လမင်းကို ငေးကြည့်နေတာတွေ့ရပါသည်။ ကျွန် တော်





ရင်တွေ ငြိမ်းချမ်းအေးမြနေသည် ...ချစ်သူနဲ့အတူ ငေးကြည့် ခွင့်ရတဲ့ သမင်း ...လရောင်ခြည်သည် ဒီနေ့ပို၍ လှပနေတာ အံ့သြ စရာပါ —ပြီးတော့ သူ့အလိုလို ရင်ထဲ ရောက်လာတဲ့ စကားတွေ ...။

"ငယ်ငယ်ကဆို အခုလို လသာရင် ဘွားဘွား ရင်ခွင်ထဲမှာ အိပ်ရင်း လမင်းကြီးကိုကြည့်ပြီး ဘွားဘွားပြောပြဖူးတဲ့ ပုံပြင်တွေကို နားထောင်ရတာ အရမ်းကျေနပ်ဖို့ကောင်းတယ် ဆိုလို ...."

ဆိုလိုကိုကြည့်တော့ ဆိုလိုက ကျွန်တော့်ကို မမြင်ဖူးတဲ့ လူဘစ်ယောက်လို ငေးကြည့်နေပါသည် ...။

"ဘွားဘွားပြောပြတဲ့ ပုံပြင်တွေထဲမှာ ကျွန်တော် အကြိုက်ဆုံးပုံပြင်က ... လမင်းဝိညာဉ်ပုံပြင်ကို အကြိုက်ဆုံးပေါ့ ..."

"လမင်း ဝိညာဉ်"

ဆိုလိုရဲ့ စကားသံက အဝေးကြီးကလို ...

"ကမ္ဘာကြီးရဲ့ အစောပိုင်းကာလတွေ တုန်းက သလင်းကျောက်တွေက အခုလို ကြည်ကြည်လင်လင်မရှိကြဖူးတဲ့ ဆိုလို အရောင်တွေက ညစ်ထွေး စိတ်ပျက်စရာ အရောင်တွေတဲ့လေ ... ပုံပြင်လေးရဲ့ အစပိုင်းမှာ အမှောင်လို့ အမည်ရတဲ့ နတ်ဆိုးနတ်မင်းကြီးဟာ ကမ္ဘာကို အလင်းနဲ့ အမှုတော်ထမ်းနေတဲ့ လနတ်သားကို အလိုမရှိဘူးလေ —ဘာကြောင့်လဲဆိုတော့ သူက ကမ္ဘာပေါ်ကလူတွေကို အမှောင်ဖုံးလွှမ်းအောင်လုပ်ပြီး အမျိုးမျိုး ဒုက္ခပေးချင်နေတာကြောင့်ပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် လနတ်သားရဲ့ ဖခင်ဖြစ်တဲ့ နေနတ်သားရဲ့ တန်ခိုးကို သူမပြိုင်ရဲတာကြောင့် လနတ်သားကို နတ်ဆိုးနတ်မင်း ကြီးကရွေးချယ်ခဲ့ပါတယ်။ ဒါကြောင့် သူ့ရဲ့ အချွေးဆုံး သမီးတော်လေးဖြစ်တဲ့ မိုးရိပ်ညို ဆိုတဲ့ နတ်သမီးကို ရွေးချယ်ပြီး လနတ်သားကို မကောင်းကြံဖို့ အစီအစဉ်တွေ ပြောပြပြီး လူ့ပြည်ကို လွှတ်လိုက်တယ်တဲ့ ...။

အဲဒီလိုပဲ တစ်ညတာအမှုတော်ထမ်းဖို့ ထွက်ခွာဖို့ ပြင်ဆင်နေတဲ့ လနတ်သားငယ်ကို သူ့ဖခင် နေမင်းနတ်မင်းကြီးက အမှောင်နတ်ဆိုးရဲ့ အကောက်ကြံမှုတွေကို ကြိုမြင်နေတာကြောင့် မသွားဖို့တားပါတယ်။ ဒါပေမယ့် သူ့ရဲ့ သားတော် လနတ်သားလေးက သူမသွားရင် ကမ္ဘာမြေဟာ အလင်းမရရှာပဲ စိုးရိမ်စရာတွေ ဖြစ်လာမယ်လို့ မရမကပူဆာတာကြောင့် ဖခင်နတ်မင်းကြီးက ခွင့်ပြုရှာတာပေါ့။ ဒါပေမယ့် သူ့သား လနတ်သားကို ကတိတစ်ခု တောင်းခဲ့တယ်။ တစ်ဦးတစ်ယောက်က သားတော်ရဲ့ အစွမ်းကို တောင်းဆိုရင် ထုပ်မပြဖို့ ကတိတောင်းတာပေါ့ လနတ်သားလေးကလည်း ဖခင် နတ်မင်းကြီးကို ကတိပေးခဲ့ပါတယ်"

ကျွန်တော် ရင်ထဲမှာ မွန်းကြပ်နေပါတယ်။ ပြီးတော့ သစ္စာဆန်တဲ့ စကားလုံးတွေက သူမအတွက် ရည်ညွှန်းမှန်းဆိုလိုမိပါမလား။ လရောင်ကို သစ္စာတည်သည် ချစ်ခြင်းကို သစ္စာပြုသည်။ ဆိုလိုက မျက်ရည်ဝေ့နေတဲ့ ရိုးသားဖြူစင်တဲ့ မျက်ဝန်းနဲ့ သူ့ကို ငေးမော





ကြည့်နေပါတယ် ...။

မှန်သောသစ္စာပါ လရောင် ...

"ဒီလိုနဲ့ ကမ္ဘာမြေကို ရောက်လို့ သာယာတဲ့ ဥယျာဉ်ကြီးအလယ်မှာ ခဏနားနေစဉ်အတွင်း သိပ်ကိုလှပတဲ့ နတ်သမီးလေးတစ်ပါးကို လနတ်သားတွေ့မိခဲ့တယ် လနတ်သားရဲ့ ဘုန်းတန်ခိုးကြောင့် အဲဒီနတ်သမီးလေးဟာ နတ်ဆိုးနတ်မင်းကြီးရဲ့ သမီးတော် မိုးရိပ်ညိုမှန်းသိခဲ့ပေမယ့် အဲဒီ နတ်သမီးလေးကို မြင်မြင်ချင်းချစ်မိသွားခဲ့ပါတယ်။ ဒါကို မိုးရိပ်ညိုမသိခဲ့ဘူးလေ နှစ်ဦးသားဥယျာဉ်ကြီးအလယ်မှာ ပျော်ရွှင်ကြည်နူးနေကြစဉ်မှာ မိုးရိပ်ညို နတ်သမီးလေးက လနတ်သားလေးကို အတင်းပူဆာတော့ တာပါပဲ။ အဲဒါကတော့ သူချစ်သူ လနတ်သားလေးနဲ့ ကောင်းကင်ယံမှာ သူတို့ရဲ့ ရှမ်းအားတွေနဲ့ လျှောက်လည်ချင်ပါတယ်တဲ့၊ မိုးရိပ်ညို နတ်သမီးလေးရဲ့ အတင်းပူဆာမှုကြောင့် သူ့ဒုက္ခရောက်မှာသိပေမယ့် ချစ်သူကို ကျေနပ်ပျော်ရွှင်ချင်တဲ့ စိတ်ကြောင့် လေပြေကို လနတ်သားရဲ့ အစွမ်းနဲ့ ရွှေကြူတ်လေးအဖြစ် ဖန်ဆင်းပြီး ချစ်သူလည်မှာဆွဲပြီး လက်ဆောင်ပေးခဲ့ပါတယ်။

ဒီလိုနဲ့ ကောင်းကင်ထက်မှာ နှစ်ယောက်သား ဝဲပျံကြရင်း မိုးရိပ်ညို နတ်သမီးလေးက တိမ်မည်းတိမ်ညိုတွေ လွှင့်ထုပ်ပြီး လနတ်သားရဲ့ အလင်းကို ဆိန်းချုပ်ဖမ်းဆီးလိုက်တာပေါ့ ပြီးတော့ လနတ်



www.burmeseclassic.com

www.burmeseclassic.com



သားရဲ့ ဝိညာဉ်ကို တိမ်မည်းတိမ်ညိုတွေနဲ့ သိမ်းထုပ်ပြီး ကျောက်တုံးကြီးတစ်တုံးရဲ့ အလယ်မှာ မြှုပ်နှံလိုက်ပြီး ပျော်ရွှင်စွာ သူ့ဖခင်ဆီ ပြန်လာခဲ့ပါတယ်။

လနတ်သားလေးရဲ့ နေနတ်မင်းကြီးဟာ သားတော်ပြန်မလာတာကြောင့် သူ့ နေနတ်တပ်သားတွေ ခြံရံပြီး ကမ္ဘာကို တစ်နှစ်တာလုံး နွေဥတုတစ်ခုအဖြစ်ဖန်တီး၊ သူ့နေနတ်တပ်သားတွေကို နေကြာပွင့်တွေအဖြစ် ဖန်ဆင်းပြီး လနတ်သားလေးကို လိုက်ရှာခဲ့ပါတယ်။ ဒါပေမယ့် ဘယ်လိုမှ မတွေ့ခဲ့ကြဖူး ဆိုလို ..."

သူ့အသံတွေ တိမ်ဖျော့သွားခဲ့ပါသည်။

"နောက်တော့ရော ရင်ငြိမ်း"

ဆိုလိုက ပုံပြင်ရဲ့ အဆုံးသတ်ကို သိချင်နေပုံရသည်။

"အင်း မိုးရိပ်ညို မင်းသမီးလေးဟာ တစ်နေ့ တစ်ယောက်တည်း လနတ်သားလေးဆွဲပေးတဲ့ ရွှေကြုတ်လေးကို စမ်းမိရင်း သိချင်စိတ်ကြောင့် ကြုတ်လေးကို အဖွင့်မှာ လေပြေတွေဟာ မိုးရိပ်ညိုရဲ့ ဝန်းကျင်ကို ညင်သာစွာ လှည့်ပတ်စီးဆင်းရင် လနတ်သားရဲ့ ချစ်ခြင်းကို ပြောပြတော့တာပေါ့။ အဲဒီအခါကြမှ ...မိုးရိပ်ညိုဟာ လနတ်သားလေးဟာ သူ့မကို ရန်သူ့မှန်း သိရက်သားနဲ့ ချစ်မိတဲ့အကြောင်းကို သိရပြီး ...သူမ ဝမ်းနည်းစွာ ငိုမိတာပေါ့ ...သူမရဲ့ ငိုလိုက်တဲ့ အစွမ်းကြောင့် ကမ္ဘာမြေတစ်ခုလုံး လျှပ်စီးတွေလက် မိုး





ကြိုးတွေပစ်ပြီး မိုးတွေသည်းကြီးမည်းကြီးရွာခဲ့ပါတယ်။ အဲဒီ မိုးရေတွေနဲ့အတူ မိုးရိပ်ညိုက သစ္စာဆိုဝာယ်လေ ...တကယ်လို့ သူမချစ်သူလနတ်သားလေးသည် သူမကို ရန်သူမှန်းသိရက်နဲ့ အမှန်တကယ် ချစ်မြတ်နိုးကြောင်း ဟုတ်မှန်ခဲ့ပါက ချစ်သူကို ဖမ်းဆီးထားသော ဤကျောက်တုံးသည် လရောင်ကဲ့သို့ ကြည်လင်ပြီး သူမ၏ချစ်သူလွတ်မြောက်ပါစေသားလို့ သစ္စာဆိုခဲ့ပါတယ်။

မိုးရိပ်ညိုရဲ့သစ္စာစကား ...လနတ်သားလေးရဲ့ ချစ်ခြင်းမေတ္တာစစ်မှန်ခဲ့မှုကြောင့် သစ္စာစကားတွေဟာ အရှိန်ပြင်းပြင်းရွာချတဲ့ မိုးစက်တွေနဲ့အတူ ကျောက်တုံးကြီးပေါ် စီးဆင်းထိတွေ့တာနဲ့ တစ်ပြိုင်နက် ကျောက်တုံးကြီးဟာ လမင်းကြီးလို တစ်ရှိန်ထိုး စူးရှလင်းသက်လာပြီး ပတ်ဝန်းကျင်မှာ အလင်းအားကြောင့် ဘာမှ မမြင်ရအောင် အလင်းတွေတောက်ပနေခဲ့တယ် ...

အလင်းရောင် ပုံမှန်ပြန်ဖြစ်သွားချိန်မှာတော့ ကောင်းကင်မှာ လမင်းကြီးက ဝင်းပပြီး မိုးရိပ်ညိုလေးရှေ့မှာ လနတ်သားလေး ရောက်ရှိနေပါတယ်။ ပြီးတော့ ခုနကျောက်တုံးကြီးဟာ ကြည်လင်သန့်စင်တဲ့ သလင်းကျောက်တုံးကြီးဖြစ်သွားခဲ့တယ်တဲ့ ဆိုလို"

ကျွန်တော်ရဲ့ သစ္စာပုံပြင်လေး အဆုံးသတ်သွားခဲ့ပါပြီ ...သူမကိုယ်စား ကျွန်တော် သက်ပြင်းချမိသည်။

"သွားရအောင် ရင်ငြိမ်း အချိန်အတော် နောက်ကျနေပြီ ...."



www.burmeseclassic.com

www.burmeseclassic.com



သူမ ပြောတဲ့ လိပ်စာအတိုင်း ကားကို မောင်းနှင်လာခဲ့ပါသည် ...။

"ဒီခြံပဲ ရှင်ငြိမ်း"

ကားကို ရပ်လိုက်စဉ်မှာပဲ မိုးစက်တွေက ကျလာပါသည်။

"ဟယ် ...အချိန်မဟုတ်အခါမဟုတ် မိုးကရွာပြီ ..."

ကားက ခြံဝင်းရှေ့ မရောက်တရောက်မှာ ရပ်မိလိုက်သည်။ ချက်ချင်းဆိုသလို မိုးဥတုလို မိုးက သည်းကြီးမည်းကြီး ရွာပါတော့သည်။

"မထူးပါဘူး ဒီမှာပဲ ရပ်လိုက်တော့ မိုးစိုလည်း အိမ်ပေါ်ရောက်မှ လဲတော့မယ် ..."

"သွားပြီနော် ရှင်ငြိမ်း ...ဂွတ်နိုက် ..."

သူမက ကားတံခါးကိုဖွင့်သည်၊ ကျွန်တော်စက်ကို သတ်လိုက်တော့ တံခါးဖွင့်လျက်သား သူမ တအံ့တသြကြည့်သည်။

ကျွန်တော် ကားတံခါးဖွင့်ကာ ကားကို ကွေ့ပတ်ကာ သူမဆီ လျှောက်ပြီး သူမ ဖွင့်ပျက်သား ကားတံခါးကို ဟကာ ...သူမကို လက်ကမ်းပေးမိသည်။ သူမ စိတ်ညို့ခံရသူလို ကျွန်တော့်ကို မော့ကြည့်ပြီး ရပ်လိုက်ပါသည်။ ကျွန်တော် သူမကို ဆွဲပွေ့ထားမိပါသည်။ နှစ်ဦးသား မိုးတွေစိုရွှဲနေပါသည်။ လျှပ်စီးသံတွေက တခြိမ်းခြိမ်း သူမက ကျွန်တော့်ကို တင်းကျပ်စွာ ဖက်ထားပါသည်။

"မင်းကို သိပ်ချစ်တယ် ဆိုလို ..."





ကျွန်တော် သူမကို ရင်ခွင်ထဲက ခွာကာ ငေးကြည့်တော့ သူမက လှပစွာ ပြုံးသည်။ ပြီးတော့ တိုးတိုးလေး ...

"တို့လည်း ရှင်ငြိမ်းလိုပါပဲ ရှင်ငြိမ်းရယ်....."

ကျွန်တော် သူမခါးကို ကိုင်ကာ မြှောက်ပြီး ဘောနပ်ပေါ်တင်သည်။ သူမက သဘောကျစွာ ရယ်ရင်း ဘောနပ်ပေါ်ထိုင်ကာ သူမဆံပင်တွေကို သပ်တင်ကာ ရေတွေဖယ်ထုတ်သည်။

"ဘယ်လိုက ဘယ်လို ရည်းစားစကား ပြောဖြစ်တာလဲ မောင်ရင်"

သူမ အခေါ်အဝေါ်ကြောင့် ကျွန်တော် ရယ်သည်၊ ကျွန်တော်က ကောင်းကင်ကို လက်ညှိုးထိုးပြပြီး ကျွန်တော့်ရင်အုံကို ညွှန်ပြကာ ...။

"သူက ခိုင်းစေလို့ သူက သစ္စာပြုနိုင်ပြီလေ ..."

ပုံပြင်လေးနဲ့ ဆက်စပ်မှန်းသိတော့ ဆိုလို သဘောကျကာ ရယ်ရင်း ..။

"ပြန်တော့လေ ....ပတ္တရောင်ရဲတွေနဲ့တွေ့လို့ အရူးနှစ်ယောက်ထင်ပြီး ဖမ်းသွားဦးမယ် ပြန်တော့နော် ...တော်ကြာ ဖျားနေဦးမယ် မနက်မှတွေ့မယ်နော်"

ကျွန်တော် ချစ်သူအလိုကျ ခေါင်းညိတ်ပြရပါသည်။ ချစ်သူ့လက်ကိုဆွဲပြီး သူမရဲ့ ခြံတံခါးဝအထိ လိုက်ပို့ပါသည်။ သူမခြံတံခါး



www.burmeseclassic.com

www.burmeseclassic.com



ဘဲလ်ကို နှိပ်တော့ ဦးလေးကြီးတစ်ဦးရောက်လာပါသည်။

"အဘစိုင်း မအိပ်သေးဘူးလား"

"သမီးကို စောင့်နေတာလေ ...မိုးရေတွေလည်း ရွှဲလို့ပါလား။ တော်ကြာ ဖျားနေဦးမယ် ..."

"ဟုတ်ကဲ့ အဘ ...မောင်ရင်သွားပြီနော် ..."

ကျွန်တော့်ကို ချစ်သူက နှုတ်ဆက်သည်။

ကျွန်တော့် ချစ်သူကို လက်ပြပြီး ကားဆီပြန်လာခဲ့ပါသည်။ မိုးတွေကတော့ မတိတ်သေး ...။





"ကိုညိမ်း ရှင့်သားကို ရှင်ပဲ ပြောတော့ ..."

လေးညိမ်းက မေမေ့စကားကြောင့် ပြုံးသည်။ ဖေဖေကတော့

"ညက မိုးတွေ တစ်ကိုယ်လုံး စိုရွှဲလာတယ် အိမ်ရောက်တော့ အကျီကမန်းကတန်းလဲပြီး သူ့အစ်ကို ပေတူးနိုင်ငံခြားက ဖုန်းဆက်တော့ ဆံပင်တွေ မခြောက်သေးဘူး ဖုန်းပြောနေတာကွ ...မိုးလင်းတော့ မင်းသားက ဒေါင်းသွားပြီ ..."

ကျွန်တော် မိုးလင်းလင်းချင်း မခံနိုင်အောင် ကိုယ်တွေလက် တွေ ကိုက်ခဲကာ မထနိုင်တော့ မျက်ဝန်းတွေက ပူကာ မျက်ရည် ပူတွေ ထွက်လာပါသည်။ ညက ကိုကိုဖုန်းဝင်တော့ သူနဲ့ ကိုကို ဖုန်းပြောတာ တော်တော်ကြာသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုနိုင်ငံခြားကို ထွက်သွားတာ တစ်နှစ်ကျော်စပြုပါပြီ လေးညိမ်းက အဲဒီတုန်းက ကိုကိုပုံစံကိုကြည့်ပြီး ပြောပါသည်၊ ပေတူး အခုမှ ပေတူးဖြစ်ပြီတဲ့လေ ...။

"ကဲ သား နားနားနေနေ နေလိုက်ဦး ဖေဖေ မင်းလေးညိမ်းနဲ့ တစ်ပွဲတစ်လမ်း အကဲစမ်းလိုက်ဦးမယ် ..."

"တော်စမ်းပါ ...မင်းကြီးရာ မင်းနဲ့ ချက်ထိုးရမှာ လက်ပျက်တယ်"

"ပေါ့ကောင် အပိုတွေ ပြောမနေနဲ့ လက်ပျက်ရင် ခြေထောက်နဲ့ထိုး ..."

ဖေဖေနဲ့ လေးညိမ်းက တစ်ယောက်နဲ့ တစ်ယောက် အနိုင်အထက်ပြောကြရင်း လသာဆောင်ဘက် ထွက်သွားပါသည်။ မေမေက သူ့နဖူးကို စမ်းပြီး ...။

"ကိုယ်သိပ်မပူတော့ပါဘူး မေမေ နောက်ဖေးမီးဖိုချောင်ဝင်လိုက်ဦးမယ်"

မေမေထွက်သွားတော့ သူ့ဆိုလိုကို သတိရမိသည်။ သတိရစိတ်ကြောင့် ချက်ချင်းပင် ခေါင်းအုံးဘေးမှ ဟမ်းဖုန်းကို ဖွင့်ကာ လှမ်းဆက်လိုက်သည်။

"ဟယ်လို ဆိုလို ...လား ..."

"မဟုတ်ဘူးရှင့် အင်ထရိုပါ အဲလေ ဝင့်နီပါ ကိုရင်လား ဦးဇင်း





ဘယ်သွားလဲ ..."

ဝင့်နီ အသံကြားကြားချင်း ဗရုတ်သုတ်ခ စကားရေကွ အရင်အွက်လာမှာ သူသိပြီးသား ..။

"ဝင့်နီ ...ဆိုလို ရှိလား ..."

"ဒီလို မရဘူးလေ ...ရှင် ကျွန်မတို့ကို တစ်ဝိုင်းတော့ ကျွေးသင့်တယ် ..."

"ကျွေးမှာပါ စိတ်ချ ...ကျွန်တော် မနက်ဖြန်ကျွေးပါမယ် ..."

"ဒီနေ့ ဘာဖြစ်လို့လဲ အမှန်ဆို ဒီအချိန် ရှင့်ရည်းစားပူပူနွေးနွေးလေးဘေးကို ရောက်နေရမှာ ဘာလဲ လောဘတက်ပြီး ကုမ္ပဏီမှာကောင်မလေးတွေကို ငမ်းနေရလို့လား"

"မဟုတ်ပါဘူး ဝင့်နီရယ် ကျွန်တော် အခုနေမကောင်းဖြစ်နေလို့"

"အိုးမိုင်ဂေါ့ လာပြန်ပြီ တစ်ယောက် ဒီမှာလည်း တစ်ယောက်က နေမကောင်းဖြစ်နေပြီလေ ..."

"ဗျာ ...ဆိုလို နေမကောင်းဘူး ...."

"ဟုတ်ပါ့ရှင် ညက ရှင်တို့ နှစ်ယောက် ကုလားကားထဲက လိုမိုးရွာထဲ လျှောက်ပြေးနေတယ် ထင်တယ်"

ဝင့်နီ စကားကြောင့် ကျွန်တော်ရယ်မိပါသည်။

"ကဲ ကျွန်တော် အခုချက်ခြင်း လာခဲ့မယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"နေမကောင်းရင်လည်း နေလိုက်ပါ ...ဖုန်းမချနဲ့ဦးနော် ဒီမှာ ရှင့် ချစ်ချစ်က ဖုန်းပြောချင်လို့တဲ့ ..."

ကျွန်တော် ဖုန်းကိုင်ထားစဉ် ဝင့်နီက ကဲ ဆက်တော်မူပါဆိုတဲ့ အသံနဲ့အတူ လွှဲပြောင်းပေးလိုက်ရှာနံ့တူသည်။

"ဟဲလို ...မောင်ရင်လား"

"ဘယ်လိုခေါ်လိုက်တာလဲ ဆိုလိုရာ အဲဒီနာမည်ကြီးကို"

သူမ ကျွန်တော့်လေသံကြောင့် သဘောကျဟန်ရယ်ပြီး ...။

"မသိဘူး အဲလို စိတ်ထဲက ခေါ်ချင်နေတာကြာပြီ မောင်ရင်ရဲ့ ..."

"ဆိုလို ...သက်သာရဲ့လား"

"သက်သာပါတယ် နှာစေး ချောင်းဆိုးလောက်ပါ မောင်ရင် ရော နေမကောင်းဖြစ်တယ်ဆို ညက အိမ်တန်းမပြန်ဖူးလား ..."

"အင်း ပြန်ပါတယ် ...အိမ်ရောက်တော့ နိုင်ငံခြားက ကိုကို ဖုန်းဝင်လာလို့ ဆံပင်စိုကြီးနဲ့ ဖုန်းဆက်နေတာနဲ့ မိုးလင်းတော့ ဖျားပါလေရော ..."

"မောင်ရင်တို့ကတော့ လုပ်ပြီး သိပ်ပေဘာပဲ နွေးနွေးထွေးထွေး နေနော် ..."

"ကိုယ် ...အခုလာမလို့"

"ဟာ ဖျားနေတယ်ဆို ...မနက်ဖြန်မှ လာခဲ့ကွာ ..."





"ကိုယ် ဆိုလို မျက်နှာလေးကို အရမ်းတွေ့ချင်တယ်ဆိုလို့ ..."

"ဆိုလိုလည်း မောင်ရင့်လိုပါပဲ အိပ်တော့နော် မနက်ဖြန်လာခဲ့ ဆိုလို စောင့်နေမယ် ..."

ဆိုလိုရဲ့ စကားတစ်ခွန်းက ကျွန်တော့်အတွက် ခေါင်းညိတ်စေတဲ့ အမိန့်တစ်ခုဆိုတာ ကျွန်တော်သိပါသည်။

ဘယ်လောက် ပြင်းထန်တဲ့ နူးညံ့တဲ့ အမိန့်တစ်ခုဆိုတာ ကျွန်တော့်နှလုံးသားနဲ့ ရင်းပြီးသိခဲ့တဲ့ အချိန်မှာ ကျွန်တော် ဘယ်လောက် ချစ်ခြင်းနွံမှာ နစ်ဝင်နေပြီလဲ ...ကျွန်တော်မစဉ်းစားခဲ့ ..။

အရာရာဟာ ချစ်သူရဲ့ လက်ထဲမှာ မျှော်လင့်ချက်ကို အားကိုးယုံပေါ့ ....။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အရောင်သွေးစုံတဲ့တိမ်
ငြိမ်ငြိမ်လေး လှနေပါ ...။
မျက်ရည်ဆိုတဲ့ တိမ်
ငြိမ်ငြိမ်လေး ကွယ်နေပါ ...။
ဒဏ်ရာကို အုပ်ကိုင်
စိမ့်ယိုနေတဲ့သွေး အငွေ့အဖြစ် မပျောက်ကွယ် ...။
အရောင်သွေးစုံလင်စွာ
ငြိမ်ငြိမ်လေး ငိုနေပါ ....။





"တ တိယမြောက် သတို့သားကို မင်းဆက်မရှာတော့ဖူးလား ဆိုလို ..."

ဝင့်နီဆီက မထင်မှတ်တဲ့ စကားကြောင့် သူလှုပ်နှိုးခံလိုက်ရတဲ့ လူတစ်ယောက်လို ဖြစ်ခဲ့ရပါတယ်။ သူမရင်ထဲမှာ ရင်ငြိမ်းနဲ့ ပတ်သက်လို့ ရှိခဲ့တဲ့ ပျော်ရွှင်သာယာမှုတွေချက်ချင်း ပျောက်ကွယ်ကုန်ပါသည်။

"ဆက်မရှာလို့ ဖြစ်မလား ဝင့်နီ ငါတို့ မိသားစုတစ်ခုလုံး ပြိုကွဲခဲ့ရတဲ့ အဖြစ်တွေ ငါတို့လှုပုံအလယ်မှာ သိက္ခာကျခဲ့ရတဲ့ ဒီ အဖြစ်တွေကို ငါမေ့ပစ်ရမလား ဝင့်နီရယ် အခုထိတော့ အဲဒီမိသားစု ကံကောင်းနေတုန်းပဲ၊ ပြေးနိုင်တုန်းတော့ ပြေးထားဦးပေါ့ဟာ ....တောက်"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဝင့်နီ ဆိုလိုရဲ့ မော့ဟ မာန်မာနတွေကြည့်ပြီး သနားမိသည်။ နေမကောင်းလို့ အနားယူနေတဲ့ သူမရဲ့ မျက်နှာပြင်က အဖျားကြောင့်လား ဒေါသကြောင့်လားမသိပါ ...နီရဲနေပါသည်။

"နင် အဲဒီလို လျှောက်လုပ်လို့ ဘာထူးမှာလဲ ဆိုလို နင်က မိန်းကလေး နင်ပဲ ကြာရင် နစ်နာမှာ ... ဒီကိစ္စတွေသာ ရင်ငြိမ်းသိသွားခဲ့ရင် ဘာဖြစ်မလဲ ဆိုလို ..."

သူမ ရင်ငြိမ်းဆိုတဲ့ နာမည်ကြားယုံနဲ့ ဒေါသတွေ ပြေပျောက်ငြိမ်သက်သွားမိပါသည်။

"အဲဒီ ကိစ္စတွေ သူ့ကို မသိချင်ဘူး ..သူသိသွားလို့ မဖြစ်ဘူး ဝင့်နီ ..."

ဝင့်နီက ဆိုလိုစကားကြောင့် ပြုံးသည်။

"နင်တို့ မိသားစုဘဝကို ကိုယ်ချင်းမစာလို့ ပြောတာ မဟုတ်ဘူးနော် သူငယ်ချင်း မိမုန်း ..."

စိတ်လိုလက်ရရှိသည့်အခါ ဒါမှမဟုတ် သူမစကားကို နားမထောင်လေ့ရှိသည့်အခါ ဝင့်နီက ကျွန်မကို 'မိမုန်း' လို့ ခေါ်တတ်ပါသည်။

"နင်စဉ်းစားကြည့်လေ ....နင်လုပ်ခဲ့တဲ့ အဖြစ်တွေ ကလဲ့စားချေခြင်းတွေကို ရင်ငြိမ်းကို မသိစေချင်ဘူးထားတော့ ...အဲဒီလို ခံစားမှုမျိုးနဲ့ နင်တိုက်ခိုက်ခဲ့တဲ့ သတို့သားတွေကို ကိုယ်ချင်းစာကြည့်





ပေးပါလား မိမုန်းရယ်၊ အခုဟာက သူတို့ အဖေတွေကို မကျေနပ်တာနဲ့ သားတွေကို အရက်တကွဲ အကျိုးနည်းဖြစ်အောင် လုပ်တယ်ဆိုတော့ဟာ တရားကျပ့ါမလား ..."

"တော်တော့ ဝင့်နီ နင်ငါ့သူငယ်ချင်းမို့လို့ ဒီစကားပြောတာကို ငါခွင့်လွှတ်တာ ဝင့်နီ ...ငါအခုလို တိုက်ခိုက်တာ ငါတို့မိသားစု ထိခိုက်သလို သူတို့ မိသားစု အနည်းနဲ့ အများတော့ ထိခိုက်မှာပဲ ... အပင် တစ်ခုလုံးကို မီးရှို့မှတော့ အမြစ်ကတော့ အနည်းနဲ့အများတော့ ထိခိုက်မှာပဲ ..."

"ငါ မသိလို့မေးရဦးမယ် မိမုန်း ...နင်တို့ မိသားစု ပြဿနာကို နင်မမေးစေချင်လို့သာ ငါ မမေးခဲ့တာ ပြဿနာရဲ့ အစအဆုံးကို ငါ့ကိုတော့ ပြောသင့်တယ် သူငယ်ချင်း ..."

ဆိုလို နှုတ်ခမ်းကို ကိုက်မိပါသည်။

"တစ်နေ့တစ်ချိန်ကြရင် နင့်ကို ပြောပြပါ့မယ် ဝင့်နီ၊ အခုတော့ ငါမပြောပြချင်ဘူးလေ ..."

ဆိုလိုမပြောချင်မှန်းသိတာကြောင့် ဝင့်နီဆက်မမေးတော့ပါ ... ဆိုလိုစိတ်အပြောင်းအလဲဖြစ်အောင် ရည်ရွယ်ပြီး ...။

"ပြောသာပြောရတာ ...ရင်ငြိမ်းစိတ်ဓာတ်ကို ငါချီးကျူးတယ် ဆိုလို သူ့ရဲ့ ဖြူစင်ရိုးသားတဲ့စိတ်ဓာတ် သူထိခိုက်ခံရတာတောင် ငြိမ်းငြိမ်းချမ်းချမ်းနေနိုင်တဲ့ စိတ်ဓာတ်က သိပ်အံ့သြဖို့ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဝင့်နီစကားကြောင့် ဆိုလို ကြည်ကြည်နူးနူးလေးချစ်သူကို မြင်ယောင်တမ်းတမိပါသည်။ ပြီးတော့လည်း ...။

"သူ့မျက်နှာကို ကြည့်ရတာ ငါ့အမောတွေ ပြေစေတယ် ဝင့်နီ သူ့ရင်ခွင်ထဲမှာ ခိုဝင်ရတာ ...ငါ့ရဲ့မာန်မာန အာယာတတွေ ပျောက်ဆုံးသွားတာ အံ့သြဖို့ ကောင်းတယ် တကယ်ပဲ ..."

"ကိုရင်ကို မနက်ဖြန် ညှင်းဆဲရမယ် ...ဟိုလူနှစ်ယောက်လည်း ပါမယ်ထင်တယ် ...ဟဲ့ ..မြင့်ဌေး ကောင်မလေးက ချောတယ်တော့"

"နင်က ဘယ်လိုတွေ့လို့တုန်း ..."

ဝင့်နီက ရယ်ရင်း ....

"မနေ့က မြို့ထဲရောက်တုန်း သူတို့ရုံးကို ငါရောက်ခဲ့တယ်ဟ ထမင်းစားချိန်နဲ့ ဆုံတုန်း သူ့ရုံးခန်းမှာ သူ့ကို ဟင်းတွေ ဘာတွေ ပြင်ဆင်ကျွေးမွေးနေတာ ငါနဲ့ ပိုက်ပင်းတိုးရော ..."

"နင် ဘာချွန်တွန်းလုပ်ခဲ့သေးလဲ ..."

ဝင့်နီက ဆိုလိုစကားကြောင့် တဟားဟားရယ်ကာ ...။

"အခန်းထဲမှာ သူတို့ နှစ်ယောက်ထဲရှိတာနဲ့ ငါလည်း အချွန်နဲ့ မခဲ့တယ်။ ကိုမြင့်ဌေး ရှင်က ဘယ်လိုလူတုန်း ကျွန်မကို ချစ်တယ်လည်း ပြောသေးတယ်။ အခုကြည့်စမ်း ...အဲဒါကြောင့် ကျွန်မကို ရှင်ရုံးကို မလာခိုင်းတာလားလို့ ပြောတာပေါ့ ...ဟာ ...ဘာပြော ကောင်းမလဲ ...မြင့်ဌေး မျက်နှာကို ပျက်လို့ဟာ ကောင်မလေးဆို





င်တော့မယ့်အတိုင်းပဲ နောက်မှ ငါကောင်မလေးကို သနားတာနဲ့ နောက်တာပါလို့ ပြန်ချော့ရတာပေါ့ ..."

"နင်ကတော့လေ ..."

"ကဲ အနားယူဦး ငါလည်း အိမ်ပြန်လိုက်ဦးမယ် ...မနက်ဖြန် ဆိုင်ကို စောစောလာခဲ့ဦးနော်...ငါ အသစ်ဝင်လာတဲ့ ပစ္စည်းတွေ အတွက် လေဆိပ်သွားရဦးမယ် ..."

ဝင့်နီထွက်သွားတော့ အိမ်ရာထဲမှာ ချစ်သူကို လွမ်းရင်းတွေးနေမိသည်။ ဒေါ်လေးက စွပ်ပြုတ်လာပို့ပြီး ဆေးသောက်ရန် သတိပေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



“မဟုတ်ပါဘူး ဆိုလို့ရယ် ...ကိုယ်က စေတနာနဲ့ ပြောတဲ့ဟာ ...”

“ဘာစေတနာလဲ မောင်ရင့် စေတနာကို ဟိုက အသိအမှတ်ပြု လို့လား ...အခုတော့ ဟိုက မောင်ရင့်ကို ဆောင့်တွန်းပြီး ခင်ဗျားနဲ့ မဆိုင်တာဝင်မပြောနဲ့လို့ ပြောတာပေါ့ ...”

ဆိုလိုက ဒေါသဖြစ်နေပေမယ့် ရင်ငြိမ်းက အပြုံးမပျက် ...။

“အဲလို ရယ်နေ တော်ပြီ ဒီက သူ့အစား ဒေါသဖြစ်ရတယ်”

ဆိုလိုစကားကြောင့် ရင်ငြိမ်းက ချစ်သူလေးရဲ့ နှာဖျားလေးကို ဆွဲညှစ်သည်။ ဖြစ်ပုံက ဒီလိုပါ ဆိုလိုနဲ့ သူ ညနေစောင်း လမ်းအတူ လျှောက်ရင်း လမ်းမမှာ ကားတစ်စီးပျက်နေတာတွေ့ပါသည်။ ကား ပေါ်မှာ ဒရိုင်ဘာဖြစ်သူက ခေါင်းငုံ့နေပြီး သူဌေးဖြစ်ဟန်တူသူက နာရီတကြည့်ကြည့်နဲ့ စိတ်စောနေဟန်ရှိသည်။ ဒါကို စေတနာ့ဝန်





ထမ်း မောင်ရင်ငြိမ်းက ‘ကားဘာဖြစ်လို့လဲ’ မေးပြီး ဝင်ကလိကာ ပွင့်နေတဲ့ ပလတ်ခေါင်းကို ပြန်တပ်ပေးပြီး ကားစက်နှိုးခိုင်းကာ အဆင်ပြေသွားပါသည်။ အမှန်က ဒရိုင်ဘာက ဆိုကုန်ပြီပြောရမှာ သူဌေးကို အငှားကားတစ်စီးနဲ့ ပို့ပြီး ဆီခိုးထုပ်ရန် အကွက်ချနေ ခြင်းဖြစ်သည်။ ဒါကို ဘုမသိဘမသိနဲ့ စေတနာရှင် မောင်ရင်ငြိမ်း ကြောင့် သူ့အစီအစဉ်ပျက်သွားကာ ဖုန်းဝင်လာလို့ ခပ်လှမ်းလှမ်းမှာ ဖုန်းဆက်နေတဲ့ သူဌေးကွယ်တာနဲ့ ရင်ငြိမ်းပခုံးကို တွန်းလွှတ်ပြီး ကိုးတိုးကျိတ်ကျိတ် ရန်လုပ်နေခြင်းဖြစ်ပါသည်။ အဲဒါ ကြောင့်ဆိုလို သူ့ကို အတင်းခေါ်လာရပါသည်။

“ရင်ငြိမ်း ရန်ဖြစ်ဖူးလား ...”

“ဟင့်အင်း ...ကိုယ့်ဘဝမှာ ငယ်ငယ်ကနေ အခုထိ ...ရန်မ ဖြစ်ဖူးဘူး ...ဒေါသလည်း ကိုယ်ဖြစ်ခဲ့တယ် ဆိုလို ...ငယ်ငယ်က ကိုယ့်ကို အနိုင်ကျင့်ပြီး မုန့်လာတောင်းရင် ကိုယ်အေးအေးဆေး ဆေးပဲ အသာတကြည်ပေးလိုက်တယ်။ ဆရာမတွေက ကိုယ့်အစား ဒေါသဖြစ်ပြီး ‘သား ဘာလို့ ပေးလိုက်တာလဲလို့ပြောရင် ကိုယ် ပြောဖူးတာ တစ်ခွန်းရှိတယ် သူစိတ်ချမ်းသာရင် သားကျေနပ်တယ် လို့ ပြောဖူးတယ်’ ဆိုလို...”

“မောင်ရင့်ကို ဆိုလို ချစ်မိတာ ကံကောင်းတာပေါ့နော် မောင်”

“ကိုယ့်ဘဝမှာ ကံကောင်းတာတွေ ကံဆိုးတာတွေကြော



www.burmeseclassic.com

www.burmeseclassic.com



စိတ်မဆင်းရဲခဲ့ဖူးဘူး ...။ ဒါဟာ ဖြစ်သင့်ဖြစ်ထိုက်လို့ဆိုတဲ့ ခံစားချက်တစ်ခုပဲထားတယ် ဆိုလို ...။ အဲဒါ ဘာလဲဆိုတော့ မေတ္တာတရား ရဲ့ ရောင်ပြန်ဟပ်မှုကို ကိုယ်သဘောကျလို့ပဲ ...အဲဒီ စက်ဝိုင်းထဲမှာ နေနေရတာ ကိုယ်ငြိမ်းချမ်းအေးမြတယ်လို့ ယုံကြည်တယ် ..”

“ဟုတ်ကဲ့ ဦးဇင်း”

သူမက ချစ်စနိုးနဲ့ နောက်တော့ သူမခေါင်းက ဆံပင်တွေကို ပွ(...) ...

“ဒါ ဘာသာတရား အယူဝါဒနဲ့ ကိုယ်ဆိုလိုကို ပြောတာ မဟုတ်ဘူး ဒါ ကိုယ့်ရဲ့ ခံယူချက်ပဲလေ ...”

“အလကားစတာပါကွာ ...ဆိုလို မောင်ရင်ရဲ့ ယုံကြည်ချက် ကို သဘောလည်းပေါက်တယ်။ လေးလည်းလေးစားတယ် တကယ် ပဲ နောက်တစ်ခုက ဆိုလိုဘဝမှာ တစ်ခါမှ မဖြစ်ပေါ်ဖူးတဲ့ ခံစားချက်နဲ့ကို ဆိုလို ချစ်မိသွားတာ ...”

“ယုံပါတယ် ဆိုလို ...”

ချစ်သူနဲ့ အတူလျှောက်ခဲ့ရတဲ့ ညနေခင်းတစ်ခုဟာ အမြဲတမ်း လှပနေမှာ ဆိုလိုသိပါသည်။ အရာရာဟာ အဆန်းတကြယ်လှပခြင်း ဖြင့် ချစ်ခြင်းကို ချည်နှောင်နေဆဲ ...



BURMESE CLASSIC .com



ဒီအဖြစ်တွေသိရတဲ့ အချိန်မှာ အချိန်နှောင်းခဲ့ပြီ မင်းကြီး” ဦးညိမ်းချမ်းရဲ့ စကားအဆုံးမှာ ဦးမင်းခိုင် သက်ပြင်းချမိသည်။

[illegible]မိုးမြင့်ကတော့ သူတို့ဘေးမှာ ထိုးလက်စ ဆွယ်တာကို ဆက် [illegible]ခိုင် ယောက်ျားဖြစ်သူနဲ့ သူ့သူငယ်ချင်းရဲ့ စကားကို နားထောင် [illegible]သည်။

“ဒီကိစ္စတွေကို သားကို မင်းပြောပြပြီးပြီလား ညိမ်းကြီး” ဦးညိမ်းချမ်း သောက်လက်စ စီးကရက်တစ်လိပ်ကို ငေးကြည့် [illegible]သည်။ ကုန်လွန်ဖြတ်သန်းခဲ့ရတဲ့ ဘဝတွေ အတိတ်တွေက ဒီစီးက [illegible]ဘာစလို့ လောင်ကျွမ်းခံရပြီး တတိတိ ...။

“မင်းနှင်းဆီတို့ သားအမိကို ရှာသေးတာပေါ့ ...”

“ငါ့ရဲ့ တစ်ယူသန်အမှားတွေ မိုးကောင်းရဲ့ ယုတ်မာရိုင်းစိုင်းတဲ့ [illegible]တွေကြောင့် မဖြစ်သင့်တဲ့ ပြဿနာတွေ ဖြစ်ခဲ့ရတယ် ...တစ်



www.burmeseclassic.com

www.burmeseclassic.com



ကယ်တော့ ငါ့ရဲ့ ဇနီး နှင်းဆီက ငါ့အပေါ် တကယ်ကောင်းခဲ့တယ် ဒါကို ငါသိရဲ့သားနဲ့ ..."

ဦးညိမ်းချမ်းရဲ့ စကားတွေက တုန်ခါနေပါသည်။

"ငါ နှင်းဆီကို သိပ်ကိုရှာခဲ့တာပေါ့ နှင်းဆီက ငါနဲ့ ပတ်သက်တဲ့ အသိုင်းအဝိုင်းတစ်ခုလုံးကို စိတ်နာခဲ့တယ်နဲ့တူပါရဲ့ သူ့ရဲ့ မိဘ ဘိုးဘွားပိုင် လုပ်ငန်းတွေ ခြံတွေ အကုန်ရောင်းပြီး ပျောက်ကွယ်သွားခဲ့တယ်။ အဲဒီကစပြီး ငါ့ဘဝကလည်း အရက်သမားကြီးလုံးလုံး ဖြစ်ခဲ့တယ် မင်းကြီး"

"မင်း မူးမူးပြီး ဆိုနေတဲ့ မုန်တိုင်းနှင်းဆီ သီချင်းကို မင်း ဘာလို့ မရောင် ဖြစ်တာလဲ ညိမ်းကြီး မင်းဆီ ဒီသီချင်းကိုဆိုချင်လို့ ကိုဝေဦး ခဏခဏလာတယ်ဆို ..."

မုန်တိုင်းနှင်းဆီဟာ သူ့ရဲ့ အမြတ်နိုးဆုံး သီချင်း သူ့အတိတ် ရဲ့ မြှုပ်နှံထားရာ သီးသန့်နယ်မြေတစ်ခုလို ...။

"ဂီတ သမားဆိုတာ ပုဂ္ဂလိက ခံစားမှုနဲ့ အနုပညာကို ရောထွေးမသွားရဖူးဆို ...ဒီသီချင်းဟာ ပရိသတ်တွေအတွက် တန်ဖိုးထားရာ ဖြစ်လာမယ့် သီချင်း ညိမ်းကြီး"

"ငါသိပါတယ် မင်းကြီး ဒီသီချင်း ငါရင်ဘတ်ကနေ ဆွဲထုတ်မှာပါ"

သူတို့စကားတွေ ကောင်းနေကြစဉ်မှာ ရင်ငြိမ်းရောက်ရှိလာပါ





သည် ..။

"ဟော လေးညိမ်းရောက်နေတယ် ..."

"ငါ့သား နောက်ကျလှချည်လား"

ဖေဖေ့စကားကြောင့် ကျွန်တော် ခေါင်းကုပ်ကာ ရယ်ကျဲကျဲ နဲ့နေမိသည်။ ဖေဖေက ခပ်တည်တည်နဲ့ ..။

"ကုမ္ပဏီမှာ အစည်းအဝေးရှိလို့နဲ့တူတယ်။ ဒီနောက်ပိုင်း ငါ့ သား ကုမ္ပဏီ ဝန်ထမ်းတွေအပေါ် သိပ်အလေးထားတာပဲ ဝန်ထမ်းတွေပြန်ပြီးမှ ပြန်တယ် ကောင်းတယ် ငါ့သား"

ဖေဖေ အရွဲ့တိုက်မှန်းသိတော့ ကျွန်တော် လေးညိမ်းကို မျက်စ်မှိတ်ပြကာ ပခုံးတွန့်ပြမိသည်။

"ဟော့ကောင် သားကြီး အပြန်ကြရင် ငါလိုက်ပို့ ...မင်းနဲ့ငါ ဆွေးနွေးစရာရှိတယ် ..."

"ဟုတ်ကဲ့ လေးညိမ်း သားလည်း လေးညိမ်းနဲ့ တိုင်ပင်စရာရှိတယ် ..."

ကျွန်တော်နဲ့ လေးညိမ်း စကားကြောင့် မေမေက ...

"ဒီ ..ရီး နှစ်ယောက်က ဘာတွေ ကျိတ်တိုင်ပင်နေကြလဲ မသိဘူး တကတဲ...."

"နင့်သားကို ငါစစ်စရာတွေရှိတယ် အမြင့် ဒီကောင် အခုတလော ခြေပျက်နေတယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ လေးညိမ်းကလည်း ခြေပွက်ရအောင် သားက ဘောလုံးသမားမှ မဟုတ်တာ..."

"ဟော့ကောင် နောက်ရွှတ်ရွှတ်လုပ်မနေနဲ့ ...ပြောစမ်း ..."

လေးညိမ်းစကားကြောင့် ရင်ငြိမ်း ရယ်ကျဲကျဲနဲ့ ...။

"အေးဆေးပေါ့ လေးညိမ်းကလည်း ..."

"သား ဘယ်ကလဲ ဘယ်သူလဲ ဖေဖေတို့နဲ့လည်း မိတ်ဆက်ပေးဦးလေ ..."

"စိတ်ချပါ ဖေဖေရာ ..သား သူ့ကို လက်ထပ်ဖို့အထိ ရည်ရွယ်ထားတာပါ ..."

"အကျင့်စာရိတ္တမျိုးရိုးကရော သားကြီး ..."

"ပြောပါ့မယ် မေမေရယ် နော် အခုတော့ ခဏလေး သည်းခံပေးပါဦး ..."

ကျွန်တော် မေမေ့ကို ပြောပြီး ရေမိုးချိုးဖို့ လေးညိမ်းကို ပြောသည်။ ကျွန်တော့် အခန်းဆီလျှောက်သွားကာ ရေမိုးချိုးဖို့ ပြင်ဆင်ပါသည်။ ရေမိုးချိုး၊ အဝတ်အစားလဲပြီး ကျွန်တော် ကားသော့ယူကာ အောက်ထပ်ဆင်းလာပါသည်။

"သားကြီး သွားရအောင် လေးညိမ်း အလုပ်ကိစ္စနောက်ကျနေဦးမယ် .."

လေးညိမ်းက နာရီကိုကြည့်ပြီးပြောသည်။





လေးညိမ်းကားပေါ်ရောက်မှ ...

"လုပ်စမ်းပါဦး မင်းရဲ့ ရေစီးကြောင်းလေး ...အကြောင်း ..."

လေးညိမ်းက ကျွန်တော့်ရဲ့ ဆိုလိုအကြောင်းကို သိချင်နေ သည်။

"ပြောပါ့မယ် လေးညိမ်းကလည်း သူက အဖေမရှိဘူး အမေမရှိဘူး အဒေါ်တစ်ယောက်ပဲရှိတယ် ...သူ့မှာ သတို့သမီး ဝတ်စုံရောင်းတဲ့ဆိုင်ရှိတယ်။ နာမည်အပြည့်အစုံက 'မှုန်း' ဒါပေမယ့် ဆိုလို့လိုပဲ ခေါ်တဲ့သူ များတယ်။ ဒီရက်ပိုင်းအတွင်း ဆိုလိုနဲ့ လေးညိမ်းကိုတွေ့ပေးချင်တယ်။ လေးညိမ်းအကဲခတ်ကြည့်ပေါ့ ..."

"ဘယ်လိုခတ်ရမှာလဲ ခြင်းခတ်သလို ခတ်ရမှာလား၊ ဟင်းအိုးကို ဆားခတ်သလို ခတ်ရမှာလား ..."

"ဟာ လေးညိမ်းကလဲဗျာ ..ကျွန်တော်က အကောင်းပြောနေတဲ့ဟာကို"

ကျွန်တော်ပြောပုံကြောင့် လေးညိမ်းက တဟားဟားရယ် သည်။



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံက တော်တော်လေး ဟောင်းနွမ်းနေပါသည်။ ရိုလိုက သူမရဲ့ ခြေရင်းနံရံမှာ ထိုဓာတ်ပုံကို ကပ်ထားခဲ့သည်။ ပြီးတော့ ဘောပင်နှင့် သူမရဲ့ ပထမ သတို့သားရဲ့ ဖခင်နဲ့ ဒုတိယ သတို့သားရဲ့ ဖခင်ဖြစ်သူနှစ်ဦးရဲ့ မျက်နှာကို ကြက်ခြေခတ်လိုက်ပြီး နောက် ဆုံး ကျန်သေးသော တတိယမြောက် သတို့သားရဲ့ ဖခင်ဖြစ်သူ ဦးမင်းခိုင်ရဲ့ မျက်နှာကို ဝိုင်းလိုက်ပါသည်။ ယခုအချိန်ထိ ဦးမင်းခိုင် ဆိုသူရဲ့ သတင်းကို သူမရှာဖွေလို့ မရခဲ့ ရန်ကုန်မှာနေသည်၊ မန္တလေးက ပြောင်းသွားတာ နှစ်နှစ်ဆယ်စွန်းသည်။ အစက မန္တလေးမှာ နေစဉ်က ခာန်စပါး နိုင်ငံခြားကို သွင်းသည့် ကုမ္ပဏီထူထောင်ဖူးသည်။ ရန်ကုန်မှာတော့ ဘာလုပ်ငန်းလုပ်သည် သူမ မသိရ ...။

"တောက်"





သူမ ရှာဖို့မရလေလေ ...ပို၍ အငြိုးပြင်းလာလေလေပါပဲ ဒီလူကြီးဘယ်လောက်အထိ ပုန်းနိုင်မှာလဲ သူရဲ့သားဖြစ်သူ လပြည့်ဆိုသူကရော ဘယ်လောက်အထိ ကံကောင်းနိုင်မှာလဲ ...။

သူမ ဒေါသ သောကတွေနဲ့ အခန်းထဲမှာ လှောင်ပိတ်နေစဉ်မှာ တံခါးခေါက်သံကြားရပြီ ...

"သမီး မိမုန်း"

ဒေါ်လေးရဲ့ အသံကြောင့် သူမတံခါးကို ဖွင့်ပေးမိသည်။

"မုန်းမြည်နေတာ မကြားဖူးလား သမီးရယ် ...ဟိုကောင်လေး မုန်းဆက်တာ သမီး ..."

ရင်ငြိမ်းကို ဒေါ်လေးက ဟိုကောင်လေးပဲ ခေါ်သည်။ ဒီအိမ်ကို ရင်ငြိမ်း နှစ်ခေါက်လောက်ပဲ ရောက်ဖူးသည်။ သို့ပေမယ့် ဒေါ်လေးက ရင်ငြိမ်းကို သဘောကျသည်။ လူတစ်ဖက်သားကို ငဲ့ညှာတတ်ပြီး စိတ်ထားကောင်းလေးရှိသူလို့ ဒေါ်လေးက မှတ်ချက်ပြုပါတယ်။ ဒါကို ဆိုလို ချစ်သူအတွက် ဂုဏ်ယူကျေနပ်နေရပါသည်။

တစ်ခါတလေကျတော့လည်း ချစ်သူရဲ့ အဆုံးစွန်အထိ သည်းခံနိုင်မှုကို ဆိုလိုအားမရခဲ့ ..။

"ဟယ်လို ဆိုလိုလား .. ဘာလုပ်နေတာလဲ ..."

ဖုန်းကိုင်ကိုင်ချင်း မောင်ရင့် အမေးကြောင့် ဆိုလိုပြုံးမိသည်။

"မောင်ရင့် အကြောင်းစဉ်းစားနေတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အကြောင်း ဘာတွေစဉ်းစားစရာရှိလို့လဲ ..."

"စိတ်ထားကောင်းကောင်းလေး ထားကတ်တာရယ် မောင်ရင့် မျက်နှာကို မြင်တဲ့သူတိုင်း ရင်ငြိမ်းဆိုတဲ့ နာမည်အတိုင်း ရင်ကိုငြိမ်း သွားနိုင်တာလေ"

"အဲဒါ ဒေါသမရှိလို့ ဖြစ်မှာပေါ့ ဆိုလိုရဲ့ ..."

"ကဲ ...မောင်ရင် ကျုပ်ကို ဖုန်းဆက်ခေါ်တဲ့ ကိစ္စက ..."

"ကိုယ် ...ဆိုလိုကို လက်ဆောင်ပေးစရာရှိလို့ ...အခုလာခဲ့ပါ လား ..."

"ဘယ်ကိုလာရမှာလဲ ..."

ရင်ငြိမ်းက ဆိုင်တစ်ဆိုင်ရဲ့ အမည်ကို ပြောပြပါသည်။ အဲဒီ ဆိုင်ကို ဆိုလို သိပါတယ်။ ဆိုလိုတို့ ဆိုင်ကို သွားမည်ဆိုရင် အဲဒီ ဆိုင်ရှေ့က ဖြတ်သွားနေကျဆိုင်လေး ...။

"ဒါဆိုလည်း လာခဲ့မယ်လေ ... အိမ်နေရင်း အတိုင်းပဲ လာမှာ နော်"

သူမ စကားကြောင့် ရင်ငြိမ်းက ရယ်သည်။

"ဘာရယ်တာလဲ မောင်ရင်နော်"

"သြော် သဘောကျလို့ပါ ဆိုလိုရယ် ..."

"ဘာကို သဘောကျတာလဲ ပြောပါဦး"

"သြော် ဆိုလိုက ပြင်ဆင်စရာလိုလို့လား ကိုယ်နဲ့ တွဲသွားရင်





ဆိုလိုကို ကိုယ်ရှိနေရဲ့သားနဲ့ ငေးကြည့်နေတာ အသိသာကြီး ..."

"အဲဒီအတွက် ရှင်က သဝန်မတိုဖူးလား"

"ဘာတိုစရာရှိလဲ ဆိုလိုရယ် ...သူတို့ ဆိုလိုကိုလှလို့ ဆိုလို အလှကို အားပေးကြတာပဲ ...ဒါဆို ဆိုလို့ကို မေးမယ် ဆိုလို အလှ ပြင်တာ ဘာအတွက်လဲ ...လူအကြည့်မခံဖို့လား ..."

"ဟာ ဒါကတော့ ..."

သူမ ငြင်းဆန်ရခက်တဲ့ စကားကြောင့် ရင်ငြိမ်းကရယ်သည်။

"ကိုယ်လည်း လူကြည့်ခံချင်လို့ အလှပြင်ထားတယ်။ အကြည့်ခံရ တော့လည်း စိတ်ဆိုးသလို ရှက်သလိုဖြစ်တဲ့ ကောင်မလေးတွေထဲ မှာ ဆိုလို ပါလို့လား ..."

"ဒါကတော့ ရင်ငြိမ်းသက်သက်ကပ်တာ"

"ကပ်ရအောင် ကိုယ်က ကော်မှ မဟုတ်တာ ..."

"ကဲပါ နောက် မိနစ် နှစ်ဆယ်ဆိုရင် ဆိုလို အဲဒီဆိုင်ရှေ့ကို အရောက်လာခဲ့မယ် .."

"ဒါဆို ကိုယ် ဖုန်းချလိုက်တော့မယ်နော် အိုကေ ..."

"အိုကေ ...."

ဆိုလို ဖုန်းချပြီး အဝတ်အစားလဲ မနေတော့ပဲ ခေါင်းဖြီး မျက်နှာ အဆီမပြန်အောင် တို့ပတ်အနည်းအကျဉ်းရိုက်ပြီး ကားသော့ယူ၍ ထွက်လာမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လဲ ...သမီး ..."

"ဘြော် လက်ဆောင်ပေးစရာရှိလို့ပါ ဒေါ်လေး ..."

"သမီး ခဏ ..."

ဒေါ်လေးဝေက ခဏထိုင်စေချင်တဲ့ ပုံပေးနေတာကြောင့် သူမ ထိုင်မိပါသည်။

"သမီးက မိန်းကလေးနော် ပတ်ဝန်းကျင်ရဲ့ အမြင်မှာ ယောကျ်ားလေးတစ်ယောက်နဲ့ တွဲနေတော့ ကြာရင် သို့လော သို့လော ပြောစရာဖြစ်လာလိမ့်မယ်"

ဒေါ်လေးက စိုးရိမ်တကြီး သတိပေးသည်။

"စိတ်ချပါ ဒေါ်လေးရယ် သမီးနဲ့ ရင်ငြိမ်း လူသိရှင်ကြား စေ့စပ်ပွဲတော့ ဒီနှစ်ထဲလုပ်ဖို့ တိုင်ပင်ထားပါတယ်။"

"ဒေါ်လေးက သမီးအတွက် ပြောရတာနော် ..."

"ဒေါ်လေး စေတနာ သမီးက သိပြီးသားပါ ...သွားမယ်နော် ဒေါ်လေး ..."

ဒေါ်လေးပါးကို ရွှတ်ခနဲနေအောင် အသံထွက်အောင် နမ်းပြီး သူမထွက် လာခဲ့ပါသည်။ ကားကို မောင်းထွက်လာရင်း ရင်ငြိမ်းပြောတဲ့ ဆိုင်ရှေ့ရောက်တော့ ချိန်းထားတဲ့ နာရီက စွန်းနေပါပြီ ကားပေါ်ကဆင်းတော့ ရင်ငြိမ်းက သူမမြင်အောင် နာရီကို ကြည့်ပြပါတယ် ...သူမ နောက်ကျတာကို ရည်ရွယ်မှန်းသိတာကြောင့် ...။





"ငါးမိနစ်လောက် နောက်ကျတာပါနော် အဲဒါ မောင်ရင့်ကြောင့်"

"ဟောဗျာ ကျုပ်က ဘယ်ကို ပါလာရတာတုန်း ဒေါ်ဆိုလို ..."

ရင်ငြိမ်းက သူမလက်ဖဝါးအုပ်ကိုင်ပြီး မေးတာကြောင့် သူမက ရင်ငြိမ်းကို မော့ကြည့်သည်။

"ဒေါ်လေးက မောင်ရင်နဲ့ ကျွန်မကို လူမြင်ကောင်းအောင်"

"အကျီ လုံလုံခြုံခြုံ ဝတ်ခိုင်းတာလား ..."

သူ့ရဲ့ အနောက်အရှုတ်စကားကြောင့် ဆိုလိုက ရင်ငြိမ်းခါးကို ဆွဲဆိတ်လိုက်ပြီး ...

"မောင်ရင်နော် ဒီက စကားအကောင်းပြောနေတဲ့ဟာ ..."

"ဟုတ်ကဲ့ ကျွန်တော် မသိလို့ပါ ဒေါ်ဆိုလို ..."

သူမက မျက်စောင်းထိုးမိပါသည်။

"ဒေါ်လေးက ပတ်ဝန်းကျင် အမြင်ကောင်းအောင် စေ့စပ်ထားပါလားတဲ့ မောင်ရင် ..."

"ကျွန်တော်မျိုးလေ ဒီက မမကို ပြောနေတာပဲ တစ်ခါတည်း လက်ထပ်ထားပါဆိုတာလေ ...။ ခင်ဗျားပဲ နောက်တစ်နှစ်မှ စောပါသေးတယ်ဆို ..."

ရင်ငြိမ်းရဲ့ ပြောစကားက ဟုတ်နေတာကြောင့်

"ဟုတ်တယ် ရင်ငြိမ်းရ အခုလည်း အမြဲ တွေ့နေကြတာပဲ လက်ထပ်ဖို့ဆိုတာတော့ စောပါသေးတယ် ..."



www.burmeseclassic.com

www.burmeseclassic.com



ဆိုလို စကားကြောင့် ရင်ငြိမ်း သူမခေါင်းကို ချစ်စနိုးနဲ့ ပုတ်ရင်း။

"ခင်ဗျား မိန်းကလေး ဘာမှမဖြစ်ဘူး ကျုပ်က ယောကျ်ား လေး နစ်နာစရာရှိရင် ကျုပ်ပဲ နစ်နာမှာဗျ ...."

ရင်ငြိမ်း စကားကြောင့် ဆိုလို နှုတ်ခမ်းစူသွားရင်း ရင်ငြိမ်း ကျောကိုထုကာ ....

"အံမယ် သူ့ကများ ပြောရတယ်လို့ ..."

နှစ်ဦးသား အနီးကပ် ရယ်မောရင်း ဆိုင်တံခါးကို ဖွင့်ကာ ဝင်ခဲ့ သည်။ ဆိုင်လေးနဲ့ အတွင်းက အပြင်အဆင်ကိုကြည့်ပြီး ဆိုလို အံ့သြ နေပါသည်။

"ဟယ် ချစ်စရာလေးနော်"

လက်ဆောင် ပစ္စည်းတွေ စားပွဲတင်အရုပ်လှလှလေးတွေ သိး သန့်ရောင်းတဲ့ ဆိုင်လေးအတွင်းမှာ လိုချင်စရာ ပစ္စည်းတွေက သူ့ နေရာနဲ့သူ ချိတ်သင့်တာချိတ် ... စင်လေးပေါ်မှာ တင်ထားသင့်တာ တင်ထားကာ အံ့သြဆန်းကြယ်စရာပါ။

"မနေ့က ဒီဘက်လာရင်း သူငယ်ချင်းတစ်ယောက်က သူ့ ကလေးအတွက် မွေးနေ့လက်ဆောင် ဝယ်ပေးစရာရှိတယ်ဆိုလို့ ဒီဆိုင်လေးကို ကိုယ့်ကို ခေါ်လာတာကွ အဲဒီမှာ ကိုယ်ဆိုလိုကို လက်ဆောင်ပေးချင်တဲ့ ပစ္စည်းတွေလို့ ကြိုဝယ်ထားတာ အဲဒါကြောင့် ဆိုလိုကို ဒီဆိုင်ရောက်အောင် ခေါ်လိုက်တာပေါ့ကွ ..."





"ဘာပစ္စည်းလဲ ..."

"လာ ..."

ရင်ငြိမ်း ဆိုလိုရဲ့ လက်ဖဝါးကို ဆုပ်ကိုင်ကာ အရောင်းကောင် တာ တစ်ခုဆီ ခေါ်ဆောင်သွားပါသည်။ ကောင်တာရှေ့ရောက် တော့ အရောင်းစာရေးမလေးက ရင်ငြိမ်းကို ပြုံးပြကာ ...။

"အစ်ကို မနေ့က ဝယ်ထားတဲ့ ပစ္စည်း ယူတော့မလို့လား ပါ ကင်ထုပ်ပေးရမလား ..အစ်ကို"

"ရတယ် ညီမ ...မထုပ်နဲ့တော့ ..."

"ဟုတ်ကဲ့ ..."

အရောင်းစာရေးမလေးက ရှိုးကေ့စ်နောက်ကိုဝင်ပြီး ဘူးတစ်ဘူး ကို ယူကာ လှမ်းပေးပါသည်။ ဘူးလေးက လက်တဆွာလောက် သာ ရှိပါတယ်။ ရင်ငြိမ်းထိုဘူးလေးကို ဆိုလိုကို လှမ်းပေးကာ ...။

"ဖွင့်ကြည့်ဦးလေ ဆိုလို ..."

ဆိုလိုခေါင်းညိတ်ပြပြီး စိတ်ဝင်တစား ဘူးလေးကို ဖွင့်ကြည့်မိ သည်။

"ဟယ် ... ချစ်စရာလေး ..."

ဆိုလို အံ့သြစိတ်နဲ့ အတူ အလန့်တကြား ပျော်ရွှင်သွားရင် ကျေနပ်ပျော်ရွှင်သွားတဲ့ မျက်လုံးနဲ့ ရင်ငြိမ်းကိုမော့ကြည့်မိသည်။ ဆိုလိုပျော်ရွှင်သွားပုံကို ကြည့်ပြီး ရင်ငြိမ်း ကျေနပ်မိပါသည်။ အိမ်



www.burmeseclassic.com

www.burmeseclassic.com



ခန်းမှာ အလှထောင်ထားလို့ရတဲ့ ဒီအရုပ်လေးဟာ လေးထောင့် ကျကျ ဖန်သားလိုလို စကျင်ကျောက်တုံးလိုလို ထုဆစ်ထားပြီး အတွင်းသားမှာ လခြမ်းကို တစ်စောင်းမှီထိုင်နေတဲ့ မြားနတ်မောင်ရုပ်လေး မြားနတ်မောင်က လခြမ်းကို တစ်စောင်းမှီပြီး မြားကို ချိန်ရွယ်ထားတဲ့ ကာတွန်းဆန်ဆန်ပုံလေးပါ ...။

"လမင်း ဝိညာဉ်ပုံပြင်နဲ့ ခပ်ဆင်ဆင်တူနေလို့ ကိုယ်သဘောကျပြီး ဆိုလိုကို လက်ဆောင်ပေးချင်တာနဲ့ ဝယ်လိုက်တာ ...ဒီမှာကြည့် ..."

ရင်ငြိမ်းက ကျောက်သားအောက်ခြေ အခံအောက်က ခလုပ်သေးသေးလေးကို နှိပ်လိုက်တော့ မြားနတ်မောင် မှီထိုင်နေတဲ့ လခြမ်းက အဖြူရောင် အလင်းတွေ ဖြာထွက်လာပါသည်...။

ဆိုလို အရုပ်လေးကို အမြတ်တနိုးနဲ့ လက်ဖဝါးနှစ်ခုနဲ့ မ,ယူ ကာ ငေးကြည့်နေမိသည်။

"ဘယ်လိုလဲ ကြိုက်လား ...။"

"အင်း ..."

ချစ်သူပေးတဲ့ လက်ဆောင်က ကျွန်မအတွက် တန်ဖိုးမဖြတ်နိုင်။

"ခလွှမ် ..."

"ဟယ် ..."

သူမရဲ့ ပေါ့ဆမှုကြောင့် ထိုအရုပ်လေးကို ကမန်းကတန်း





ကောက်ယူကြည့်တော့ အရုပ်လေးရဲ့ ညာဖက်ထောင့်အစွန်းဟာ တော်တော်လေးကို ပဲ့ထွက်သွားပါသည်။

သူမ နှမြောစိတ် ဝမ်းနည်းစိတ်နဲ့ ...။

"ဆိုလို နမော်နမဲ့နိုင်လို့ ဖြစ်တာ ..."

သူမ ဝမ်းနည်းစိတ်နဲ့ မျက်ရည်ဝိုင်းမိကာ ရင်ငြိမ်း ကိုလည်း အားနာမိပြီး မော့ကြည့်တော့ ရင်ငြိမ်းက နှစ်သိမ့်မှုပေးတဲ့ အပြုံးနဲ့ ...။

"စိတ်မကောင်းမဖြစ်ပါနဲ့ ဆိုလိုရယ် ... သက်မဲ့ ပစ္စည်းပဲ ကွဲစရာရှိ ကွဲကျမှာပေါ့ ညီမလေး ဒီလိုအရုပ်တစ်ခုလောက် ..."

ရင်ငြိမ်းစကားကြောင့် အနားမှာ ရပ်နေတဲ့ အရောင်းစာရေးမလေးက အားနာဟန်နဲ့ ခေါင်းခါပြရင်း ...။

"ဒီပုံစံက ဒီအရုပ်တစ်ခုပဲ ရှိတော့တာ အစ်ကို ...ကျန်တာတွေက ဒီပြင် ပုံစံဒီဇိုင်းတွေ ..."

"ရင်ငြိမ်း မဝယ်ပါနဲ့တော့ ဒီအရုပ်လေးပဲ ဆိုလို ယူသွားမယ်"

ဆိုလို နောက်ထပ် အရုပ်တစ်ခုလည်း မလိုချင် ...ရုပ်ထုလေးကို ဘူးလေးထဲ တရိုတသေပြန်ထည့်ပြီး ရင်ငြိမ်း လက်မောင်းကို မှီနိုကာ ဆိုင်ထဲက ထွက်လာတော့ ...။

"အကွဲကြီးကို လွှင့်ပစ်လိုက်ပါလား...ဆိုလို နောက် ဒီလို ခပ်ဆင်ဆင်အခြား ရုပ်တု တစ်ခုခုရရင် ကိုယ်လက်ဆောင်ပေးမယ် လေ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ..."

ကျွန်မရဲ့ ညင်းပယ်မှုကြောင့် ရင်ငြိမ်းက မျက်ခုံးမြင့်တက်သွားသည်။

"မောင်ရင်ပေးတဲ့ ပထမဦးဆုံး လက်ဆောင်မို့လို့ ပြီးတော့ လမင်းဝိညာဉ်ရဲ့ အငွေ့အသက်တွေနဲ့တူတဲ့ ဒီအရုပ်လေးကို ကြည့်ရင် အဲဒီ ပုံပြင်လေးကို ပြန်သတိရမိတယ်။ မောင်ရင် ဒါကြောင့် ဒီရုပ်တုလေးကို ချစ်မိတာ ..."

ရင်ငြိမ်းက ချစ်စနိုးနဲ့ သူမကို ကြည့်မိပါသည်။

"ကဲ ...ကိုယ်ပြန်ဦးမယ် ..."

"ဘယ်ပြန်မှာလဲ ..."

"ကုမ္ပဏီလေ ..."

"ရင်ငြိမ်း အစည်းအဝေးတို့ အရေးကြီးတဲ့ ကိစ္စတို့ သွားစရာ လာစရာရှိလားဟင်"

ကျွန်မ စကားကြောင့် ရင်ငြိမ်း သူမကို နားမလည်ဟန်ကြည့်ရင်း ခေါင်းခါပြပါသည်။

"မရှိဘူး ဘာဖြစ်လို့လဲ"

"ဆိုလို ရင်ငြိမ်းတို့ ကုမ္ပဏီ လိုက်ခဲ့ချင်လို့ ဟိုလေ ဆိုလို လိုက်လို့ ရင်ငြိမ်း အလုပ်များပိုနေမလား ဆိုလိုကို အားမနာနဲ့နော်"

"ဟာ မပိုပါဘူး ဆိုလိုကို ကိုယ် အမြဲခေါ်နေတာပဲ ... ကုမ္ပဏီက





လူတွေနဲ့ ဆိုလိုကို မိတ်ဆက်ပေးမယ် သူတို့လည်း ကိုယ် ကြွားထားလို့ ဆိုလိုကို မြင်ဖူးချင်နေတာ ...ကဲ ဒါဆို ကိုယ်ကားနဲ့ ရှေ့က သွားနှင့်မယ် ဆိုလိုက နောက်ကနေ ဆိုလိုကားနဲ့ လိုက်ခဲ့"

အစီအစဉ်အတိုင်း ကျွန်တော့် ကားက ရှေ့ကသွားကာ သူမ ကားက နောက်ကနေ မောင်းလိုက်လာပါသည်။ ကုမ္ပဏီရှေ့ ရောက်တော့ ရှေ့ဆင့်နောက်ဆင့် ကားပါကင်ထိုးရပ်ကြပြီး ကျွန်တော် ကိုယ်တိုင် သူမကားကို တရိုတသေ ဖွင့်ပေးရင် ခါးညွှတ်ကာ။

"ဟုတ်ကဲ့ အမိန့်ရှိပါခင်ဗျ ကျွန် တော်တို့ ကုမ္ပဏီက ဘော့စ်အနေနဲ့ ဘာများခိုင်းစရာရှိပါလဲ ခင်ဗျ"

ရင်ငြိမ်း ပြုမူပုံကြောင့် သူမ ရယ်မိပါသည်။ ဆိုလိုတို့နှစ်ယောက် ပြုမူပုံကိုကြည့်ပြီး ကားပါကင်က လုံခြုံရေးဝန်ထမ်းက သူတို့ ဘော့စ်ကို ကြည့်ပြီး ခေါင်းကုပ်ကာ မရဲတရဲနဲ့ ...။

"ဘော့စ် ဒီက အစ်မလေးက ဘယ်သူလဲဟင် ..."

ရင်ငြိမ်း လုံခြုံရေးဝန်ထမ်း ကိုခင်မောင်အေးကို စချင်တာနဲ့ ပ်တည်တည်နဲ့ ...။

"ကိုခင်မောင်အေး မသိဘူးလား ..."

ကိုခင်မောင်အေးက ဆိုလိုကို ပြူးတူးပြဲတဲ စိုက်ကြည့်နေ တော့ ဆိုလိုရုပ်တည်တည်နဲ့ ဆရာမကြီး စတိုင်ဖမ်းပြီး လက်ပိုက်ကာ ကုမ္ပဏီဆိုင်းဘုတ်ကို ကြည့်နေလိုက်ပါသည်။ ကိုခင်မောင် အေးက



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့မှာ ရပ်နေတဲ့ အမျိုးသမီးကို မမြင်ဖူးတာကြောင့် ခေါင်းခါ[...] ကာ ...။

"မမြင်ဖူးဘူး ...ဘော့စ်"

"အဲဒါ ခင်ဗျားတို့ရဲ့ ဘော့စ် အသစ်ပဲ ..."

"ဗျာ ဒါဆို ဒီဘော့စ်က ..."

"ကျုပ် ကုမ္ပဏီတစ်ခုလုံးကို ဒီအမျိုးသမီးကို ရောင်းလိုက်ပြီဗျ"

"ဟာ"

ကိုခင်မောင်အေး ရင်ငြိမ်းစကားကို တကယ်ယုံကြည်သွားဝ[...] သည်။ ယုံဖို့ အလိမ်အညာစကားက ရင်ငြိမ်းပြောလေ့မရှိတဲ့အပြင် နောက်တတ် စတတ်တာလည်း ရင်ငြိမ်းလုပ်လေ့လုပ်ထမရှိ ထို့အ[...] ပြင် ကုမ္ပဏီဝန်ထမ်းတွေ ဘာပြောပြော အရယ်အပြုံးနဲ့ ခပ်အေးအေး[...] နေတတ်တဲ့ သူတို့ဘော့စ်ကို အားလုံးက ရိုလည်း ရိုသေ၊ ချစ်လည်း[...] ချစ်ကြသည်။ ကိုခင်မောင်အေး အမျိုးသမီးကို မသိမသာ ကြည့်တော့[...] ထိုအမျိုးသမီးဆီမှာ အရှိန်အဝါ တစ်ခုခု လွှမ်းခြုံနေသလိုလို ပြီးတော့[...] စိမ်းတိမ်းတိမ်း ရနံ့လိုလို အငွေ့အသက်တစ်မျိုး သူ့ကို လာရိုက်ခတ်[...] နေသလို ခံစားနေရပါသည်။ ကိုခင်မောင်အေး ကုမ္ပဏီ တံခါးဝကို[...] အမြန်လစ်ပြီး အာစီမီဒီ ပထမဦးဆုံး နိယာမ အရာတစ်ခုကို တွေ့လိုက်[...] သလိုမျိုး သူလည်း ပထမဦးဆုံး ရရှိတဲ့ သတင်းကို အရင်ဆုံး ပြောချင်[...] တာကြောင့် ကုမ္ပဏီ တံခါးပေါက်စောင့်တဲ့ ကိုထွေးမြကို အခုလို[...]





ပြောမိပါသည်။

"ဟေ့ကောင် ကိုထွေး ဘော အသစ်ရောက်လာပြီ"

အလောတကြီး ပြောချလိုက်တဲ့ စကားကြောင့် ကိုထွေးမြ ကြောင် သွားပြီး ...

"ဘာ ဘော အသစ်ရောက်လာတယ် အခု အဝင်ဝမှာ ကုမ္ပဏီ ည်းကမ်းတွေရေးတဲ့ ဒီဘောကလည်း အသစ်ကြီးပဲဟာ"

ကိုထွေးမြရဲ့ အူကြောင်ကြောင်စကားကြောင့် ကိုခင်မောင် အေးစိတ်ပျက်မိကာ ...။

"ဟာ ဘာတွေပြောနေတာလဲ ငါပြောတာ လူဘော ..."

"ဘာလဲကွ လူဘော ..ဩော် ဘောလုံးကန်တဲ့လူကို ပြော ဘာလား ...ဘာလဲ ညနေကြရင် ကုမ္ပဏီချင်း ချိန်းကန်မလို့လား"

"ဟာ ...ဒီကောင်နှယ်တော့ ခက်ပြီ ဟေ့ကောင် အခု ငါတို့ရဲ့ ဘော့စ် ကိုရင်ငြိမ်းမိုးက စီးပွားရေး ပစ္စလက်ခက် ကျသွားပြီး ဆင်းရဲ သွားပြီကွ"

ကိုခင်မောင်အေးက ထင်ရာမြင်ရာ သူတွေးမိသမျှကိုပြော တော့ ..။

"ဗုဒ္ဓေါ ...ဒါဆို ဒေဝါလီခံလိုက်ရပြီပေါ့ ဒါဆို ငါတို့ အလုပ်ပြုတ် ဟာ ငါယူထားတဲ့ မိန်းမနှစ်ယောက်တော့ ငါ့ကြောင့် ငတ်ပါပြီ"

"ဟေ့ကောင် အသံပြဲကြီးနဲ့ မအော်နဲ့ ဒါပေမယ့် ဘော့စ် ကိုရင်[...]



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းမိုးက အခု ပိုင်ရှင်အသစ်ကို ရောင်းလိုက်ပြီကွ အခုလေးတင် ဘော့စ် ငါ့ကိုခေါ်ပြောတာ ဟော လာနေပြီ ...”

ကိုခင်မောင်အေးတို့ သူတို့ရှေ့က ဖြတ်လျှောက်သွားတဲ့ ဘော့စ် အသစ်နဲ့ အဟောင်းကို ခေါင်းငွေ့ငုံ့ကာ အရိုအသေပေးမိသည်။

“ဟောကောင် ဘော့စ်အသစ်ရှေ့မှာ အလုပ်ကို ဂရုတစိုက်လုပ် တော်ကြာ မင်းနောက်တိုးထပ်ယူမဲ့ မိန်းမ အသစ်တစ်ယောက် မရပဲ နေလိမ့်မယ် ..”

“အေး အေး စိတ်ချ ...”

ကိုခင်မောင်အေး ထွက်သွားတော့ ကိုထွေးမြ စိတ်တွေ လှုပ် ရှားကာ ထိုင်မရ ထမရ ဖြစ်နေစဉ် ကုမ္ပဏီ အနီးက ဆိုင်မှာ လက် ဖက်သုပ်သွားစားတဲ့ Distributionက ထွေးထွေးအိနဲ့ ဝင့်ဝင့်မော်ကို မြင်တော့ ....။

“ဟဲ့ ကောင်မလေးတွေ ကြားပြီးပြီလား ...”

ကိုထွေးမြရဲ့ အလောတကြီး စကားကြောင့် ထွေးထွေးအိ က —

“ကြားပြီးပြီ ...”

“ဘာကိုလဲ ...”

ကိုထွေးမြက သူ ဘာမှ မပြောရသေးပဲ ကြားပြီးပြီဆိုတော့ အံ့သြသွားတာပေါ့ ...။

“မနေ့က လက်ဖက်သုပ်ဆိုင်မှာ စားပွဲထိုးလေး မြေပဲ နှစ်ဆယ့်





ငါးစေ့စားပြီး အဆိပ်ဖြစ်တယ်ဆိုတာလား ...”

“ဟမ်း ...ဟုတ်လား အခုဘယ်လိုနေသေးလဲ အစာအဆိပ် သင့်တာလား ... လုပ်ကြံတာလား ...”

ကိုထွေးမြ သူပြောမယ့် သတင်းတွေကိုတောင် မေ့သွားပါ သည်။ ထွေးထွေးအိတို့ကတော့ ရယ်နေပါသည်။ ထွေးထွေးအိရဲ့ တွဲဖက် ဝင့်ဝင့်မော်က အားရပါးရ ရယ်ရင်း ...။

“နှစ်ဆယ့်ငါးစေ့ဆိုတာ အစိတ်လို့ မခေါ်လို့ ဘယ်လိုခေါ်ရမှာ လဲ ကိုထွေးမြရယ် ...အဲဒါကြောင့် ရှင် မိန်းမနှစ်ယောက်ရတာ ...”

“သြော် ဟုတ်သားပဲ နင်တို့လုပ်တာနဲ့ ငါပြောရမယ့် စကား တောင်မေ့သွားပြီ နင်တို့ တကယ်အဆိပ်ဖြစ်သွားမယ့် သတင်း၊ သတင်းက ငါဦးဦးဖျားဖျား သက်စွန့်ဆံဖျားရထားတာ ...”

“ဘာသတင်းလဲ ...”

ကိုထွေးမြက သူကိုယ်တိုင်ကြားထား သလိုနဲ့ သတင်းကို ဝေ ဝေဆာဆာဖြစ်အောင် ဇာတ်လမ်းလေးနဲ့ ပြောပါသည်။

“ငါတို့ရဲ့ ဘော့စ် ကိုမိုးလေ သနားစရာဟာ ...”

“ဟင် ကိုမိုးဘာဖြစ်လို့လဲ ...”

“မပြောချင်ပါဘူးဟာ ...”

ကိုထွေးမြလေသံက ပြုံတော့မယ်မို့လို့ ...။

“ဟာ မပြောရင် ကျွန်မတို့က ဘယ့်လိုသိမှာလဲ ....”



www.burmeseclassic.com

www.burmeseclassic.com



ထွေးထွေးအိက စိတ်မရှည်သလိုပြောတာကြောင့် ကိုထွေး မြကကမန်းကတန်း ပြောရပါသည် ...။

"ဒီလိုဟ .....ငါတို့ရဲ့ ဘော့စ် ကိုမိုးလေ တရုတ်ပြည်မှာ ရေကြီးတာကြောင့် သူ ဒီကုမ္ပဏီကို ဒေဝါလီခံလိုက်ရတယ်တဲ့ ..."

"အမ်း ...ဘာဆိုင်လို့လဲ"

ထွေးထွေးအိက ဘာမှမဆိုင်တာကြောင့် ပြောတော့ ကိုထွေးမြက ဒါလေးတောင် မသိရလားလို့ အကြည့်နဲ့ ကြည့်ပြီး ...။

"ဟဲ့ ဒီလောက်တောင် နင်တို့တုံးရလား ...ဘွဲ့လဲရပြီးကြပြီ နင်တို့စဉ်းစားကြည့်လေ ...ငါတို့ ကုမ္ပဏီကို တင်သွင်းတဲ့ အဓိက ပစ္စည်းတွေက တရုတ်ပြည်က ပစ္စည်းတွေလေ ..."

"ဟုတ်တယ်လေ ...ဘာဖြစ်လဲ ..."

"ငါတို့ကို ပို့ရမယ့် ပစ္စည်းတွေကို ရေကြီးလို့ အကုန်လုံး နစ်မြုပ်သွားပြီး ပျက်စီးသွားပြီတဲ့ ပိုက်ဆံတွေကလည်း လွှဲထားပြီးပြီ တရုတ်ပြည်မှာ ထုံးစံရှိတယ်လေ .. ရန်သူမျိုးငါးပါး တာဝန်မယူတဲ့"

"ဟင် ဒါဆို ကျွန်မတို့ပါ အလုပ်ပြုတ်ပြီပေါ့ ..."

သူမတို့ ငိုင်တွေသွားပါတယ် ...ဒီနှစ်ကုန်ရင် ယောကျ်ားယူမယ်လို့အစီအစဉ်ပြုကာ ငွေစုထားခဲ့တာ ...အခုတော့ ထွေးထွေးအိ ယောကျ်ားမရတော့ဖူးထင်ပါသည်။ ဝင့်ဝင့်မော်ကတော့ ကိုထွေးမြ စကားကိုအသေအချာစဉ်းစားကာ ...။





"နေဦးဟ ...ငါတို့ ကုမ္ပဏီက တင်သွင်းတဲ့ ပစ္စည်းတွေက တရုတ်ကပို့တဲ့ ကော်ပိုက်တွေလေ ပြီးတော့ ပစ္စည်းတွေကို ကွန်တင်နာထဲ ထည့်ထားတာ ကြားဖူးတယ်။ ကော်ပိုက်က ရေစိုလည်း ဘာဖြစ်မှာလဲ ပြီးတော့ ရေကြီးတဲ့နေရာနဲ့ အခြေစိုက် ကုမ္ပဏီက တခြားစီ နောက်ပြီး ရန်သူမျိုးငါးပါး တာဝန်မယူဆိုတာ ... မြန်မာပြည်အပေါင်ဆိုင်မှာ သုံးတဲ့ ထုံးစံပဲဟာ ...ဟာ ဒီလူကြီးဂေါက်ပြီးလျှောက်ပြောနေတာ ..."

"အေးလေ ..."

ထွေးထွေးအိကလည်း အခုမှ ထောက်ခံဟန်ပြောတော့ ...။

"ကဲ ...မယုံရင်လည်းနေကြတော့ ...ကိုမိုး ဒီကုမ္ပဏီကို ပိုင်ရှင်အသစ်အမျိုးသမီးဆီ လွှဲပြောင်းလိုက်တာတော့ သေချာတယ်။ မယုံရင် ကိုမိုးအခန်းထဲမှာ အရမ်းချောတဲ့ အမျိုးသမီး တစ်ယောက်ရောက်နေတယ် အဲဒါပိုင်ရှင် အသစ်ပဲသွားကြည့်ကြ ..."

ကိုခင်မောင်အေးကစပြီး ကိုထွေးမြက တစ်ဆင့် နောက်ဆုံးထွေးထွေးအိတို့ဆီရောက်လာတဲ့ သတင်းဟာ ...ချဲ့ကားပြီး တစ်ဆင့်ပြီး တစ်ဆင့်ပျံ့သွားလိုက်တာ နောက်ဆုံး မန်နေဂျာ ကိုမန်း အေးဆီရောက်လာတော့ ...။

"ဟုတ်တယ် ကိုကြီးမန်း ကုမ္ပဏီ တစ်ခုလုံးပျံ့နေတာ ကိုခင်မောင်အေးက အခုမှ အပြင်က ရောက်လာလို့မသိတာ ...ကုမ္ပဏီကို



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းပို့တဲ့ သဘော်၊ လပွတ္တာမှာ မှောက်လို့တဲ့ ဒေဝါခံလိုက်ရပြီတဲ့ ပိုင်ရှင်အသစ်နဲ့ ကိုမိုး အခု ကုမ္ပဏီလွှဲဖို့ ကိုမိုးအခန်းထဲမှာ စကား ပြောနေကြတယ်တဲ့ ...”

“ဟော့ကောင် ငါတို့ကို ပစ္စည်းပို့တဲ့ တရုတ်က သဘော်က ဘာကြောင့် လပွတ္တာကို ရောက်ရမှာလဲ မဆိုင်တာကွ ...”

ကိုမန်းအေး စကားကြောင့် စာရေးမင်းအောင်က ...

“အဲဒါတော့ မသိဘူး .. ကုမ္ပဏီ လွှဲရမှာတော့ ကျိန်းသေတယ်”

“နေပါဦးကွာ ... ငါသွားမေးပါရစေဦး ...”

ကိုမန်းအေး မထူးတော့ပြီမို့ ကုမ္ပဏီရုံးခန်းထဲကို ဝင်လိုက်ပါသည်။

“သြော် ... ကိုမန်းက အခုပဲ ... ကိုမိုးကို မေးနေသေးတယ် ... အလုပ်ကိစ္စနဲ့ အပြင်သွားတယ်ဆိုလို့”

ကိုမန်းအေးက မသိမသာ လူစိမ်းအမျိုးသမီးကိုကြည့်မိရင်း ကိုမိုးကို ရိုရိုသေသေ ပြန်ဖြေပါသည်။

“ဟုတ်ကဲ့ ကိုမိုး ... ပစ္စည်းတွေရောက်ပြီဆိုလို့ ဆိပ်ကမ်းကို လင်းထင်နဲ့ အတူသွားတာပါ ...”

“အဆင်ပြေတယ် မဟုတ်လား ကိုမန်း ...”

“ပြေပါတယ် ကိုမိုး ... ဒါနဲ့ ...”

လူစိမ်းအမျိုးသမီးရှေ့မှာ မေးရမှာ ခက်နေတာကြောင့် ခေါင်းကို ကုတ်မိတော့ ကိုမိုးကို ရယ်ရင်း ....





“ပြောပါ ကိုမန်း သူရှိနေလို့လည်း ဘာမှမဖြစ်ဖူးရတယ်ပြော” ကိုမိုးကို လည်ချောင်းတစ်ချက် ရှင်းလိုက်ပြီး ....။

“ဟိုလေ ...”

ကိုမန်းအေးက ကုမ္ပဏီရောက်ရောက်ချင်း သူဆီရောက်လာ တဲ့ ယူပေါင်းစုံ သတင်းပေါင်းစုံကို ပြောပြတော့ ရင်ငြိမ်းမိုးနဲ့ဆိုလို မျက်ရည် ထွက်အောင်ရယ်မိသည်။ ကိုမန်းအေးက သူ့စကားတွေကြောင့် ရယ် နေကြတဲ့ ကိုမိုးနဲ့ လူစိမ်းအမျိုးသမီးကိုကြည့်ပြီး ကြောင်တောင်တောင် နဲ့ ကြည့်နေပါတယ်။ ကိုမိုးက ရယ်နေတာကိုတောင် မနည်းကြိုးစား ပြီး ...။

“ဒီလိုဗျ ... သူက ကျွန်တော့်ချစ်သူ ... ဆိုလိုတဲ့ ကိုမန်းအေး ...”

“သြော် ...”

ကိုမန်းအေး ဒီလောက်ဆို သဘောပေါက်ပါပြီ ... ကုမ္ပဏီက လူတွေရဲ့ ချဲ့ကားပြောတတ်တဲ့ ဝသီကိုလည်း ကိုမန်းအေးသိပြီး သား ကိုမန်းအေး ကိုမိုးချစ်သူကို ရင်းရင်းနှီးနှီးပြုံးပြမိပါသည်။

“သူက ကုမ္ပဏီလိုက်ချင်တယ်ဆိုလို့ ခေါ်လာတာ အဲဒါကို ကိုခင် မောင်အေးက ဘယ်သူ ဘယ်ဝါလဲ သိချင်တော့ ကျွန်တော့်ကို လာမေး တယ် ကျွန်တော်လည်း နောက်လေ့ နောက်ထ မရှိတော့ ကျွန်တော် နောက်လိုက်တာကို တကယ်ထင်သွားပြီး တစ်ဆင့်ပြီး တစ်ဆင့် ပျံ့ ကုန်တာဖြစ်မယ် ... ကဲ ဒေါ် ဆိုလို ... အပြင်ကို ခဏကြွပြီး နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



သား တက်ညီလက်ညီ ရှင်းပြတာပေါ့ ...”

ဒီတော့မှ ကိုမန်းအေး ရယ်ပါတော့သည်။ အပြင်ကို ထွက် တော့ ကုမ္ပဏီထဲမှာ ဟိုတစ်စု ဒီတစ်စုနဲ့ ရှန်းစု ရှန်းစု ဖြစ်နေပါသည်။ ကျွန်တော် ဆိုလို့နဲ့ ကိုမန်းအေးကိုတွေ့တော့ အားလုံး ငြိမ်သက် သွား ကြပါသည်။

“ကဲ ...အားလုံးကို မိတ်ဆက်ပေးပါရစေ ...”

ကိုမန်းအေးက သိနှင့်နေပြီမို့ ရယ်ချင်သော်လည်း မရယ်မိ အောင် ကြိုးစားနေရပါသည်။

“အခု အားလုံးရဲ့ ရှေ့မှာ တွေ့ရတဲ့ အမျိုးသမီးက ဒိကုမ္ပဏီ”

စကားကို အဆုံးမသတ်ခင် ရင်ငြိမ်း အကဲခတ်ကြည့်တော့ တိုးတိုး တိုးတိုးနဲ့ စကားသံတွေ ထွက်လာပါသည်။

“ကျွန်တော့်ရဲ့ ချစ်သူ ဆိုလို လို့ခေါ်ပါတယ် ...”

“ဟာ ...”

“ဒါဆိုရင် ...”

တီးတိုးတီးတိုးနဲ့ ထွက်လာတဲ့ စကားသံတွေကြောင့် ရင်ငြိမ်း လက်ကာပြကာ ...။

“ဟုတ်ပါတယ် အားလုံး ထင်နေသလို ... ကုမ္ပဏီ ဒေဝါလီခံရ မယ်ဆိုတာ မဟုတ်ပါဘူး ကျွန်တော် သက်သက်စလိုက်တာပါ ...”

ကျွန်တော့်ရဲ့ စကားကြောင့် ကွန်ပျူတာ အော်ပရေတာ ခင်မိုး





က ...။

“ကိုမိုးက တစ်ခါမှ မနောက်ဖူးပါဘူး အခု ဘယ်လိုဖြစ်တာလဲ”

“ဟဲ ...ဟဲ အချစ်ကြောင့် ဖြစ်မှာပေါ့ ...”

ကိုမန်းအေး စကားကြောင့် အားလုံး ရယ်မိပါသည်။ ရင်ငြိမ်း က သူတို့ ကုမ္ပဏီက ဝန်ထမ်းအားလုံးကို ခင်မင်ရင်းနှီးစေရန် ဆိုလို ကို တစ်ခုခု ပြောစေချင်ဟန်ရှိပုံရတဲ့ အကြည့်ကြောင့် ဆိုလိုပြုံးပြီး ရင်ငြိမ်းကို ခေါင်းညိတ်ပြကာ ...

“အခုလို အားလုံးနဲ့ ရင်းရင်းနှီးနှီး တွေ့ခွင့်ရတဲ့အတွက် ကျွန်မ အများကြီး ကျေနပ်ပါတယ်။ ကျွန်မကို တွေ့ရင် ရင်းရင်းနှီးနှီး နှုတ် ဆက်လို့ရပါတယ်။ အကူအညီလိုရင်လည်း ပြောပေါ့ ...ဥပမာ သတို့ သမီး ဝတ်စုံဝယ်ချင်ရင် ကျွန်မက မင်္ဂလာ ဧည့်ခံပွဲ ဝတ်စုံအရောင်း ဆိုင်ဖွင့်ထားပါတယ် ...”

“ဟာ ...အဲဒါဆို ထွေးထွေးအိ နင် နှစ်ကုန်ရင် မင်္ဂလာဆောင် မယ်ဆို ...”

ကိုမန်းအေး စကားကြောင့် အားလုံးပွဲကျသွားပါသည်။ ဝန်ထမ်း ထဲက တစ်ယောက်ကလည်း ...။

“ထွေးထွေးအိက မုန့်မစားပဲ ယောကျ်ားယူဖို့ ပိုက်ဆံစုနေတာ”

ကောင်လေးစကားကြောင့် ထွေးထွေးအိက အဲဒီကောင်လေး ကို ပွစိ ပွစိနဲ့ ပါးစပ်လှုပ်ရုံပြောနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားရမယ့် ဂါထာ ရွတ်နေတာ ထင်တယ်"

ရယ်သံတွေ ဆူညံနေပါသည်။ ရင်ငြိမ်းက ပျော်ရွှင်ရယ်မော နေကြသူတွေကို အပြုံးလေးနဲ့ ငေးကြည့်နေတဲ့ ချစ်သူကို တိုးတိုး လေးမေးမိသည်။

"ဘယ်လိုလဲ ဒေါ်ဆိုလို"

ဆိုလိုက ရင်ငြိမ်းကို ကြည့်ပြီး ...

"ရင်ငြိမ်းရဲ့ ကုမ္ပဏီက မိသားစု ဆန်တယ်နော်"

"ဒါပေါ့ ဆိုလိုရဲ့ အပြုံးအတေးနဲ့ ဒေါသ မောဟမရှိတဲ့ နေရာ တိုင်းဟာ အမြဲအေးချမ်းတယ်တဲ့ ..."

ရင်ငြိမ်း စကားကြောင့် ဆိုလို ငိုင်သွားရပါသည်။

"ဘာဖြစ်လို့လဲ ဆိုလို"

ငိုင်တွေသွားတဲ့ ဆိုလို ပုံစံကြောင့် ရင်ငြိမ်း စိုးရိမ်တကြီး မေး တော့ ...

"ဘာမှ မဖြစ်ပါဘူး။ ဝင့်နီ ဒီနေ့ အော်ဒါမှာထားတဲ့ လူကို အ ဆင်ပြေအောင် ပြောနိုင်မလားလို့ ..."

ပါးစပ်ထဲ ရှိတာ ရတ်တရက် ပြောလိုက်တာကြောင့် ရင်ငြိမ်း က ပြောပါသည်။

"ဘယ်လိုဖြစ်တာလဲ ဒေါ်ဆိုလို ချက်ချင်းကြီး အလုပ်အပေါ် အာရုံရောက်သွားရပြန်တာလဲ ..."





"ကဲ ...မောင်ရင် ကျုပ်အလုပ်ဆီ ကျုပ်ပြန်လိုက်ဦးမယ် ..."

"လိုက်ပို့ပေးမယ်လေ ..."

"မလုပ်ပါနဲ့ အရမ်းကဲတယ်လို့ ပြောကြဦးမယ် ..."

ဆိုလိုက သူ့ကို နှုတ်ဆက်ပြီး အားလုံးကို တရင်းတနှီး နှုတ် ဆက်ကာပြန်ထွက်သွားပါသည်။ ဆိုလို ထွက်သွားရာ ငေးကြည့်နေ တဲ့ ကျွန်တော့်ကို ကိုမန်းအေးက အခုလို အားလုံးကြားအောင် ပြော ပါသည် ...။

"မကြာခင် ထောင်ကျခံရမယ့် လူတစ်ယောက် ထောင်ပေါက် ဝကို ငေးကြည့်နေတယ်ဟေ့ ..."

ကျွန်တော့်ကို ဝိုင်းကြည့်ပြီး အားလုံး ရယ်ကြပါသည်။

ကျွန်တော်လည်း ရှက်ကိုးရှက်ကန်းနဲ့ ကိုယ့်အခန်းထဲ ကိုယ် ပြန်ဝင်မိသည်။

ဒါတောင် ကိုမန်းအေးက ...

"ကိုမိုး အဲဒါ ခင်ဗျားအခန်းမဟုတ်ဘူး အမျိုးသမီး နားနေခန်း ဗျ ..."

ကဲ ...ဒေါ်ဆိုလိုရေ ကျုပ် ဘယ်လိုနေရမလဲ ...ခင်ဗျားလေး စဉ်းစားကြည့်ပေတော့ ..။



www.burmeseclassic.com

www.burmeseclassic.com



မန္တလေးက အသိတစ်ယောက်ရဲ့ ပြောပြချက်အရ မန္တလေး အသင်းက ဦးငွေအုန်းခိုင် ဆိုသူကို မေးကြည့်ရင် မန္တလေးမြို့ကို သွားစရာမလိုအောင် လုံလောက်ထယ်လို့ ညွှန်းပါတယ်။ ဦးငွေအုန်း ခိုင်က အငြိမ်းစားတရားသူကြီး တစ်ယောက်ဖြစ်ပြီး အခုတော့ မိသားစုပိုင် ရတနာဆိုင်ကို ဇနီးဖြစ်သူနဲ့ လွှဲထားပြီး အေးအေးဆေး ဆေး အနားယူနေသူတဲ့ အသိမိတ်ဆွေပေးတဲ့ လိပ်စာကိုကြည့်ပြီး ကားကို ချိုးကွေ့လိုက်ပါသည်။ မြန်နံပါတ်တွေကို ငေးကြည့်မိရင်း မထူးတော့ပြီမို့ တစ်ယောက်ယောက်ကို မေးကြည့်ရင် ကောင်းမှာ ပဲလို့ တွေးမိကာ ကားကို မျက်နှာချင်းဆိုင် လျှောက်လာတဲ့ သူမ တို့ အရွယ် လူတစ်ယောက်ရှေ့မှာ ရပ်ပြီး ...။

"အစ်ကို ဒီနားမှာ အမှတ် (၂၁) ဆိုတဲ့ခြံက ဘယ်ခြံလဲ သိမလား မသိဘူး"





ထိုသူက- သူမ စကားကြောင့် ခဏစဉ်းစားပြီး ...။

"ဦးငွေအုန်းခိုင် ဦးငွေအုန်းခြံထင်တယ် ဟို နှစ်ခြံကျော်က အဖြူရောင် တထပ်တိုက်ပုပုလေး အိမ်ရှေ့မှာ ယူကလစ်ပင်တွေ စိုက်ထားတဲ့ ခြံပဲ ..."

"ကျေးဇူးပါပဲရှင် ..."

"ဟုတ်ကဲ့ ရပါတယ် ..."

သူမ ထိုလူကို ကျေးဇူးတင်စကားပြောပြီး ကားကို ဆက်မောင်း လာခဲ့သည်။ ခြံဝရောက်တော့ ကားကို ကားအဝင်အထွက် လွတ် အောင် ရပ်ပေးထားပြီး ကားကို မှန်တင်လော့ချကာ ခြံတံခါးဝမှာ သူမကို အကဲခတ်ကြည့်နေတဲ့ ခြံစောင့် ဦးလေးကြီးဆီ လျှောက် လာခဲ့သည်။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ သမီး"

"ကျွန်မ ဦးငွေအုန်းခိုင်နဲ့ တွေ့ချင်လို့ပါရှင် ကိစ္စလေး တစ်ခုရှိလို့"

"ဘယ်သူလို့ ပြောလိုက်ရမလဲ ...သမီး ..."

ဦးလေးကြီးက အသိမိတ်ဆွေထင်နေပုံရတာကြောင့် သူမ အပြုံးနဲ့ ခေါင်းခါပြမိပြီး ...။

"မဟုတ်ပါဘူး ကျွန်မ တိုင်ပင်စရာမေးမြန်းစရာလေးရှိလို့ ဦး လေးကို လာတွေ့တာပါ ..."

"သြော် ....ဒါဆို ခဏလေးစောင့်နော် ...ဆရာကြီးကို မေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါဦးမယ် ...”

“ဟုတ်ကဲ့ ရပါတယ် ဦးလေး”

ဦးလေးကြီးက ခြံထဲမှာ ပန်းပင်ရေလောင်းနေတဲ့ ခပ်ခန့်ခန့် လူကြီးဆီသွားကာ ကျွန်မကို လှမ်းကြည့်ပြီး ခေါင်းညိတ်ပြပါသည်။ ခြံစောင့်ဦးလေးကြီးက ကျွန်မဆီ ပြန်လျှောက်လာပြီး ခြံတံခါးဖွင့် ပေးကာ ...

“ဝင်သွားသမီး ...အဲဒီ ပန်းပင်ရေလောင်းနေတဲ့လူက သမီး တွေ့ချင်နေတဲ့ ဦးငွေအုန်းခိုင်ပဲ သမီး ...”

“ဟုတ်ကဲ့ ဦးလေး ...”

သူမ ဦးလေးကြီးဖွင့်ပေးတဲ့ တံခါးကနေ ဝင်ကာ ရေလောင်း နေတဲ့ ဦးငွေအုန်းခိုင်ဆီ လျှောက်လာခဲ့ပါသည်။ ဦးငွေအုန်းခိုင်က ရေပိုက်နဲ့တွယ်ထားတဲ့ ဘုံဘိုင်ခေါင်းကို ပိတ်ကာ ခပ်လှမ်းလှမ်းမှာ တံမြက်စည်းလှဲနေတဲ့ ကောင်လေးကို လှမ်းပြောလိုက်ပါသည်။

“စန်းမြင့် အဧည့်ကို ကော်ဖီနှစ်ခွက် ဖျော်ခဲ့လို့ ကြားလား”

“ဟုတ်ကဲ့ ဆရာကြီး”

“လာ သမီး ...”

ဦးငွေအုန်းခိုင်က ဦးဆောင်ပြီး ခပ်လှမ်းလှမ်းက ခြံထဲမှာ အနား ယူထိုင်လို့ရအောင် ပြင်ဆင်ထားတဲ့ စားပွဲဝိုင်းဆီသွားကာ ဝင်ထိုင် သည်။ သူမ ထိုင်ပြီးပြီးချင်း ...။





“သမီးနာမည်က ‘မုန်း’ လို့ခေါ်ပါတယ် ဦးလေး သမီးကို အန် ကယ်ဦးရဲသွေးက လွှတ်လိုက်တာပါ ...”

“ဩော် မောင်ရဲလွှတ်လိုက်တာကို ပြောသမီး ...”

“ဒီလိုပါ လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်ကျော်က မန္တလေးကနေ ဒီကို ပြောင်းလာပြီး စီးပွားရေးလာလုပ်တဲ့ လူတစ်ယောက်ကို သမီးသိ ချင်လို့ ဘယ်မှာနေလဲ သမီးသိချင်လို့ ဦးလေးဆီလာခဲ့တာပါ ...”

“ဘယ်သူလဲ သမီး ...”

သူမ ဟောင်းနွမ်းနေတဲ့ ဓာတ်ပုံတစ်ပုံကို ထုတ်ယူလိုက်သည်။ ထိုဓာတ်ပုံမျိုးက သူမ ကူးထားတာ အများကြီးပါ ..။ ဓာတ်ပုံက တော်တော်ကြီးကို ဟောင်းနွမ်းနေပါပြီ။ ဦးငွေအုန်းခိုင် ဓာတ်ပုံယူနေ စဉ် အိမ်ဖော်ကောင်မလေးက ကော်ဖီဗန်းကို တရိုတသေ လာချပေး ကာ ပြန်ထွက်သွားပါတယ်။

သူမက ဆေးမပီမသတော့တဲ့ ဓာတ်ပုံကို စားပွဲပေါ်တင်ပြီး အိပ်ထဲက မျက်မှန်ထုပ်ကာ တပ်ကာ စူးစိုက်ကြည့်နေတဲ့ ဦးငွေအုန်း ခိုင်ကို သူမက ပြောပြပါသည်။

“ညာဖက်အစွန်က ဦးလေး အဲဒီလူကြီးနာမည်က ဦးမင်းခိုင် လို့ခေါ်ပါတယ် ...မန္တလေးတက္ကသိုလ်မှာ မြန်မာစာနဲ့ ဘွဲ့ရတယ်လို့ သိရတယ်ဦးလေး ဦးလေးများ သိမလားမသိဘူးရှင့် ...”

ဦးငွေအုန်းခိုင်က နဖူးကြောတွေ တွန့်တဲ့အထိ စဉ်းစားရှာ



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ပုံကို ကိုင်ကာ ခုံမှာလျော့မှီထိုင်လိုက်ရင်း ...။

"ကိုမင်းခိုင် ...နှစ်နှစ်ဆယ်ကျော်က ...အင်း ကိုထွန်းဦးနဲ့ ပါလာတဲ့ လူထင်တယ် ...ဟုတ်မယ် ဒီလိုလုပ်လေ ...သမီးရဲ့ ဦးလေး စုံစမ်းကြည့်ထားမယ် ...သမီးဖုန်းနံပါတ်ပေးထားခဲ့ပေါ့ ..."

ဦးလေးဦးငွေအုန်းခိုင်ရဲ့ စကားကြောင့် သူမ ဝမ်းသာသွားပါသည်။ သူမ ဝမ်းသာသွားတဲ့ ပုံစံကြောင့် ဦးလေးဦးငွေအုန်းခိုင်က ပြုံးပြီး ....

"စိတ်မပူပါနဲ့ သမီးရယ် ...သိပ်မကြာစေရပါဘူး ..."

"ကျေးဇူးတင်ပါတယ် ဦးလေးရယ် ..."

သူမက ဆိုင်ရဲ့ လိပ်စာကဒ်ကို ထုတ်ပေးပါသည်။ ဦးငွေအုန်းခိုင်က လိပ်စာကဒ်ကို ကြည့်ပြီး ...။

"သမီး အတွက်အရေးကြီးလို့လား ..."

သူမ ဦးလေးကြီးစကားကြောင့် စကားကို သတိနဲ့ ထိန်းပြောရပါသည်။

"အလုပ်ကိစ္စတစ်ခု ...သမီးအမေရဲ့ အမွေကိစ္စပေါ့ ဦးလေး"

"သြော်"

ဦးငွေအုန်းခိုင်က ဆက်မမေး၍ တော်ပါသေးသည်။

"ဒါဆို သမီးပြန်လိုက်ဦးမယ်နော် ..."

"အေး ...အေး စိတ်ချ လက်ချပြန် သမီး ..."





ကျွန်မ ဦးငွေအုန်းခိုင်ကို နှုတ်ဆက်ကာ ခြံဝဆီ လျှောက်လာခဲ့သည်။ ခြံစောင့် ဦးလေးကို ကျွန်မနှုတ်ဆက်ပါသည်။

"ဦးလေး သမီးပြန်ပါဦးမယ် ..."

"ပြန်တော့မလို့လား သမီး ... အဆင်ပြေရဲ့လား ..."

"ဟုတ်ကဲ့ သွားဦးမယ်နော် ဦးလေး ..."

သူမ နှုတ်ဆက်ပြီး ကားတံခါးဖွင့်ကာ ကားကိုပြန်ကွေ့ပြီး မောင်းထွက်လာခဲ့ပါသည်။ တစ်ယောက်ထဲ ကျိတ်ပြီး ကြုံးဝါးပြောဆိုမိပါသည်။

"လွှတ်အောင်သာ ပြေးပေတော့ ဦးမင်းခိုင်ရေ နောက်ဆုံး သတို့သားက ဘယ်သူလဲ မကြာခင် သိရတော့မှာပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ရမှာတော့ ခပ်လန့်လန့်ပဲ မောင်ရင် ..."

ကျွန်မ ရင်ငြိမ်းတို့ခြံလဲကို ကားကွေ့ ဝင်ဝင်ချင်း လှမ်းတွေ့နေရတဲ့ ခန်းနားလှပတဲ့ တိုက်ကြီးကို ကြည့်ပြီး ပြောမိပါသည်။ ကျွန်မစကားကြောင့် ရင်ငြိမ်းက ရယ်ပါသည်။

"ဘာလန့်စရာလိုလဲ ...ဆိုလိုရယ် ...ဖေဖေတို့ကတွေ့စေချင်လို့ခေါ်တာတွေ့လိုက်ရုံပေါ့ ...ဆိုလိုကို မြင်ရင် သဘောကျမှာ သေချာတယ် ..."

"ဒါပေမယ့် လန့်တာက လန့်တာပဲ မောင်ရင် ..."

ဟုတ်တယ်လေ ...ကိုယ့်ချစ်သူရဲ့ အဖေအမေနဲ့ ထိပ်တိုက်တွေ့ခံရမယ့် မိန်းကလေးတိုင်းဟာ မလန့်ဖူးဆိုတာတော့ မဖြစ်နိုင်





အနည်းဆုံးရင်တွေတော့ ခုန်နေရာပဲ မဟုတ်ဘူးလား အဆင်ပြေပါ့တယ်ပြောလဲ အနည်းအကျဉ်း ရင်ခုန်မှာပါ။ ကားရပ်တော့ ရင်ငြိမ်းက အရင်ဆင်းပြီး သူမရဲ့ ကားတံခါးကို ဖွင့်ပေးပါသည်။

"လာပါ ဆိုလိုရယ် ဘာမှ မဖြစ်တဲ့ဟာ တွေးကြောက်နေသေးတယ်"

ရင်ငြိမ်းက ချစ်သူ နေရထိုင်ရ လွှတ်လွှတ်လပ်လပ် ဖြစ်စေချင်တာကြောင့် အားပေးနေပါသည်။ အမှန်က စနေ တနင်္ဂနွေမှာ ခေါ်မလို့ပါ။ ဒီနေ့ ကုမ္ပဏီကို ဆိုလို ရောက်လာတာကြောင့် ညနေ အပြန်မှာ ဆိုလို တစ်ပါတည်း ဖေဖေတို့နဲ့တွေ့လိုက်တာကောင်းမယ်ထင်ပြီး ခေါ်လာခဲ့ခြင်းဖြစ်ပါသည်။

"မေမေ မေမေရေ ..."

ကျွန်တော်က အိမ်ထဲဝင်ဝင်ချင်း လှမ်းအော်ကော ...။

"ဟဲ့ ကောင်လေး ...ဘာဖြစ်လို့ စွတ်အော်နေတာလဲ ...မေမေဟင်းချက်နေတယ်လေ သားရဲ့"

မေမေက အိမ်ဖော်တွေနဲ့အတူ မီးဖိုချောင်မှာ ချက်ရပြုတ်ရ မှ ကျေနပ်[illegible]တဲ့သူ ...

"လာပါဦး မေမေရဲ့ ဒီမှာ ဧည့်သည်ပါတယ် ..."

ရင်ငြိမ်း မေမေ့ကို လှမ်းပြောပြီး ဆိုလိုကို ထိုင်ခိုင်းရပါသည်။ ရင်ငြိမ်းမေမေက ထွက်လာလာချင်း သားနဲ့အတူ တွေ့လိုက်ရတဲ့



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးလေးတစ်ဦးကြောင့် ဒါသားပြောပြောနေတဲ့ မိန်းကလေးမှန်း ဒေါ်မိုးမိုးမြင့် သိလိုက်ကာ အပြုံးဖြင့် နှုတ်ဆက်လိုက်ပါသည်။

"ဟော သား ဒီနေ့ စောလှချည်လား ..."

"ဟုတ်တယ် မေမေ ...ဒါ သားပြောတဲ့ သားရဲ့ ချစ်သူ ဆိုလိုဆိုတာ လေ ..."

ဒေါ်မိုးမိုးမြင့်က ရှက်ကိုးရှက်ကန်းနဲ့ ခေါင်းငုံ့သွားတဲ့ မိန်းကလေးဘေးမှာ ဝင်ထိုင်ပြီး ကလေးမရဲ့ လက်ဖဝါးနုနုလေးကို ဆုပ်ကိုင်ကာ ...။

"ဟယ် သမီးလေးက ပြောလိုက်တာ ...အန်တီ့ သားပြောတုန်းက မယုံဘူး. သားနဲ့တောင် မလိုက်ဘူး ဧကန္တ သမီးက မျက်လုံးမကောင်းဘူးထင်တယ် ..."

"ဟာ မေမေကလည်း ...သားအမိအချင်းချင်းကို"

ဒေါ်မိုးမိုးမြင့်ရဲ့ ဧည့်ဝတ်ကျေ အလိုက်သိမှုကြောင့် ဆိုလို အနေရသက်သာစေပါသည်။

"ဆိုလို ဒါ ကိုယ်ပြောတဲ့ ကိုယ့်မေမေ ဒေါ်မိုးမိုးမြင့်တဲ့ ဖေဖေရော မေမေ ..."

"မင်း ဖေဖေ ဒီအချိန် ဘယ်ရောက်ဦးမှာလဲ သားရယ် ဒီအချိန်ဂေါက်ကွင်းမှာပေါ့ကွ ..."

"အာ ...ဟုတ်သားပဲ ကျွန်တော်လည်း မေ့ပြီး ဆိုလိုကို မေမေ





တို့နဲ့ တွေ့အောင် ခေါ်ခဲ့မိတာ ...ဒါနဲ့ ဧည့်ခန်းမှာ ချိတ်ထားတဲ့ ခတ်ပုံတွေက ဘာလို့ ဖြုတ်ထားတာလဲ မေမေ ..."

ကျွန်တော့်စကားကြောင့် မေမေက ကျွန်တော့်ကို မျက်စောင်းထိုးပြီ ...

"ဟော သားကတော့မေ့တော့မယ် ..သားပဲ အနှင်းကို ဖြုတ်ထားလိုက်ဆို သားပြန်လာမှ သားကိုယ်တိုင် ဖုန်တွေပေတာရှင်းမယ်ဆို"

"သြော်ဟုတ်သားပဲ ..."

"မင်း လေးညိမ်းကိုရော သမီးနဲ့ တွေ့ပေးပြီးပြီလား ..."

"မတွေ့ပေးရသေးဘူး မေမေ နောက်နေ့မှပဲ တွေ့ပေးတော့မယ်"

"သားဖေဖေနားတဲ့တစ်နေ့ သမီးလေးလာခဲ့ပါဦးကွယ်"

ဆိုလိုက ရိုရိုသေသေ ခေါင်းညိတ်ပြပါသည်။

"ခဏနေဦးနော် ...ဆိုလို ကို ရေချိုးလိုက်ဦးမယ် ..."

ဆိုလိုနဲ့ မေမေက လေပေးဖြောင့်နေပါသည်။ သူကတော့ ရေမိုးချိုး အဝတ်အစားလဲပြီး အောက်ထပ်ဆင်းလာပါသည်။

"မေမေ သား ဆိုလိုကို လိုက်ပို့လိုက်ဦးမယ် ...."

"ထမင်းစားပြီးမှ သွားကြပါလားကွဲ့ ..."

"မစားတော့ပါဘူး အန်တီ နောက် အေးအေးဆေးဆေးကျမှ



www.burmeseclassic.com

www.burmeseclassic.com



ပဲ စားတော့မယ် ...”

“သားမရှိလည်း အလည်လာခဲ့ဦးနော် သမီး”

မေမေစကားကြောင့် ကျွန်တော်ရယ်သည်။

“ဘာမှ မဟုတ်ဖူးဆိုလို ... အိမ်မှာ စကားပြောဖော်လိုနေလို့ ဆိုလိုကို အဖော်လုပ်ဖို့ခေါ်တာ ...”

“ဒီကောင်လေးကတော့လေ ...”

မေမေက ရယ်ပြီး ကျွန်တော့်ခေါင်းကိုပွတ်သည် ဆိုလိုကို လိုက်ပို့တော့ ဆိုလို ကပြောပါသည်။

“မောင်ရင့် မေမေက မောင်ရင်ကို တော်တော်ချစ်တာပဲနော်”

“ချစ်တာပေါ့ ဆိုလိုရဲ့ ကိုယ်က တစ်ဦးတည်းသော သားကိုး”

ဆိုလိုခေါင်းညိတ်မိပါသည်။ သဘောကောင်းအပြောချိုတဲ့ ရင်ငြိမ်းမေမေကို သူမ ဇမေမေလို သဘောကျမိသည်။





“ဒါဆို နင့်ရဲ့ စိမ်ကိန်းကို ဖျက်တော့မယ်ပေါ့”

ဝင့်နီက ဘော်ကြယ်ထိုးထားတဲ့ သတို့သမီးဝတ်စုံကို စစ်ဆေးနေရင်း လှမ်းပြောသည်။ သူမ ဝင့်နီစကားကြောင့် ငိုင်တွေသွားပါသည်။ အချစ်နဲ့ ခံယူချက်ကြားမှာ သူမ ဘာကိုရွေးချယ်ရမလဲ ...ဝင့်နီက သူမပုံစံကို လှမ်းကြည့်ရင်း ...။

“လုပ်မနေပါနဲ့ဟာ ...နင် ရင်ငြိမ်းကို ဘယ်လောက်ချစ်လဲဆို တာ ငါအသိဆုံးပါ ...မိမုန်းရယ် ...နင်ရဲ့ အမိပွါယ်မရှိတဲ့ အကြောင်း ပြမခိုင်လုံတဲ့ ရှူးကြောင်ကြောင် အတွေးကို နင်မေ့လိုက်ပါတော့”

“အဓိပ္ပါယ်မရှိဘူးလို့ နင်ထင်လို့လား ဝင့်နီ ...အဓိပ္ပါယ်သိရှိတာပေါ့ အဲဒီ အဓိပ္ပါယ်တွေထဲမှာ ငါတို့ မိသားစုရဲ့ မျက်ရည်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ပါလဲဆိုတာ နင်ဘယ်သိပါ့မလဲ ဝင့်နီ ...”

သူမရဲ့ အသံကခြောက်ကပ်ကပ် ...ယနေ့တိုင် မမေ့နိုင်တဲ့ အဖြစ်အပျက်တွေ က ပြန်စဉ်းစားတိုင်း မကျက်နိုင်တဲ့ သွေးစို့နေတဲ့ ဒဏ်ရာလို ...

“ငါ ပြောတာ အဲဒီ သဘောမဟုတ်ဘူး မိမုန်း နင်ပိုပြီး ခံစားနေရမှာစိုးလို့ ငါကပြောမိတာပါဟာ ...”

“နင့် စေတနာကို ငါနားလည်ပါတယ် ဝင့်နီ”

“ကဲ မိန်းမ ...နောက်မှ နားလည် ပိုပြီးနားလည်တဲ့ လူတစ်ယောက် နင့်ရှေ့မှောက်ရောက်စေ ...”

စကားပြောနေရင်းက အရှုန်းဖောက်လာတဲ့ ဝင့်နီကြောင့် သူမ နားမလည် ....။

“ဘာလဲ ...”

“နင့်ရဲ့ အနောက်မှာ လူယောင်ဖန်ဆင်းတဲ့ လူတစ်ယောက် ရောက်နေပြီ လှည့်ကြည့်လိုက်ပါဦး”

ဆိုလို လည်ပြန်လှည့်ကြည့်တော့ ရင်ငြိမ်း ဆိုင်တံခါးကို တွန်းဖွင့်ပြီး ဝင်လာတာ တွေ့ရပါသည်။

“ဘယ်လိုက ဘယ်လို လှည့်ဝင်လာတာလဲ ကိုရင် ရှင် ကုမ္ပဏီဖွင့်ထားပြီး ကုမ္ပဏီမှာရော နေရဲ့လား ...တစ်နေ့တစ်နေ့ ဒီဆိုင်မှာပဲ တွေ့နေရတယ် ...”





ဝင့်နီက ရင်ငြိမ်းဝင်လာလာချင်း နိပ်ကွပ်တာကြောင့် ဆိုလိုက ရင်ငြိမ်းဘက်ကနေ ဝင်ပြောပါသည်။

“ဝင့်နီက ရင်ငြိမ်းနဲ့တို့ကို မနာလို ဖြစ်နေတာ မောင်ရင်ရေ”

“ဟောတော့ ...နှစ်ကိုယ့်တစ်စိတ်ပါလား ...”

ဝင့်နီက ဆိုလိုကို နှုတ်ခမ်းမဲ့ပြရင်း ပြောတာကြောင့် ....။

“သူ့ကို တစ်ယောက်လောက်ရှာပေးလိုက်ရင် ကောင်းမယ် ဆိုလို”

“မောင်ရင်ကောင်းမယ် ထင်ရင် စီစဉ်လိုက်ပေါ့ ...”

ဝင့်နီက ဆိုလိုကို ဘုကြည့်ကြည့်သည်။

“ဒါဆို သတင်းစာထဲ ကြော်ငြာထည့်လိုက်မယ်လေ ...”

“ဘယ်လိုထည့်မှာလဲ”

ရင်ငြိမ်းက ရယ်ချင်ဟန်နဲ့ ...။

“ယောကျာ်းတစ်ယောက် အလိုရှိသည်။ ‘ကျား’ လို့ အော်တတ်ရမည်၊ နဖူးရေ ဒူးရေကောင်းရမည်၊ နဖူးပြောင်လျှင် ပိုကောင်းမည်၊ စကားမပီသူမဖြစ်စေရ...သန့်တာကို ခွဲခြားပြောတတ်ရမည် သွားတွေညီညာလှပရမည်။”

“ဘာဖြစ်လို့ သွားတွေညီညာပြီးလှပရမှာလဲ ...မောင်ရင်”

ဝင့်နီက ရင်ငြိမ်းစကားကို နားစွင့်နေပါသည်။

“ဝင့်နီက ရယ်စရာအရမ်းပြောတော့ သတို့သားက ရယ်ယယ်



www.burmeseclassic.com

www.burmeseclassic.com



လေ သွားတွေ မညီညာဖူးဆိုရင် ဝင့်နီက ဂျီးများဦးမယ် ..."

"တော်ပါတော့ ကျေးဇူးရှင်တို့ရယ် ...ငါ့များ တစ်သက်လုံး ယောကျ်ားမရတော့ဖူးများ ထင်နေလို့လား။ မသိဘူး ဝင့်နီ ဟော ကစ်ယောက် ဟောတစ်ယောက် ခေါင်းခေါက်လို့ရတယ် ..."

"ကလေးတွေကိုလား ဝင့်နီ"

ဆိုလို စကားကြောင့် ဝင့်နီက ဆိုလိုခါးကို ဆွဲဆိတ်သည်။

"ကဲ ဒေါ်ဆိုလို ...ခင်ဗျား အားလား"

"ဘာလုပ်ဖို့လဲ"

"ကိုယ် လေးလေးဆီ သွားမလို့ ဆိုလိုနဲ့လည်း မိတ်ဆက်ပေး ချင်တယ်"

ဆိုလိုက စကားစမယ်ရှိသေး ဝင့်နီက အတင်းနှင်လွှတ်နေပါ သည်။

"ခေါ်သွား ခေါ်သွား ရှိနေရင် နားပူတယ် မြန်မြန်သာ ကြွကြွ တော့"

ဝင့်နီစကားကြောင့် နှစ်ယောက်သား ရယ်ကြပါသည်။ ဆိုလို နဲ့ ရင်ငြိမ်း ဝင့်နီကို နှုတ်ဆက်ပြီး ဆိုင်ထဲက ထွက်လာကြပါသည်။





တိုက်ခန်းတံခါးက လော့မချထားတာကြောင့် ရင်ငြိမ်း အသံ မပြည်အောင် အသာလေး လှည့်ဖွင့်ပြီး ဝင်လာပါသည်။ ဆိုလိုကို အသာလေးအချက်ပြပြီး လက်ယှက်ခေါ်ကာ ဆက်တီခုံမှာ နှစ် ယောက်သားဝင်ထိုင်မိကြသည်။

ဆိုလို သူမတို့ကို နောက်ကျောပေးထားပြီး စန္ဒယားတီးနေ တဲ့ ထိုလူကြီးကို ငေးကြည့်နေမိသည်။ သီချင်းစာသားတစ်လုံးမျှ မဆိုပဲ သံစဉ်ချည်း သက်သက် တီးခတ်နေတဲ့ တေးသွားက သူမရင် ကို မောပန်းသလိုလို တစ်မျိုးကြီးဖြစ်သလို ခံစားနေရပါသည်။ အဲဒီ ဖြစ်ရပ်က သူမ တစ်ယောက်ထဲတင်မဟုတ် ရင်ငြိမ်းကိုယ်တိုင်ပါ ခံစားနေရပါသည်။ ဘယ်လိုပြောရမလဲဆိုရင် ခရီးအဝေးကြီးကနေ



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခသုတ်ခနဲ့ မောဟိုက်ပင်ပန်းစွာ လျှောက်နေရသလို ခံစားမှုမျိုး ထိုသံစဉ်မှာ ပါဝင်နေသည်။

တေးသွားဆုံးသွားတော့ ထိုလူကြီးက မလှုပ်မယှက် အသက် မဲ့နေသလား ထင်ရလောက်အောင် ကျောပေးငြိမ်သက်နေပါသည်။ သူမတို့ ကိုယ်တိုင်လည်း စက္ကန့်ပိုင်းမျှ ငြိမ်သက်မိပါသည်။ ပထမဦး ဆုံး သတိဝင်လာသူက ရင်ငြိမ်း ...ရင်ငြိမ်းရဲ့ လက်ခုပ်တီးသံကြောင့် သတိဝင်လာသူက ထိုလူကြီးနဲ့ သူမတို့နှစ်ယောက်ပါ။

"ကောင်းလိုက်တာ လေးညိမ်းရာ ဒါ အသစ်ရေးထားတဲ့ သီချင်း လား"

"မင်းတို့ ဘယ်တုန်းက ရောက်လဲ ..."

"ရောက်နေတာကြာပြီ လေးညိမ်း ...သံစဉ်က အရမ်းကောင်း လို့ နှစ်ယောက်လုံး ငြိမ်ငြိမ်လေးနားထောင်နေတာ"

ထိုလူကြီးက သူမနဲ့ မျက်ဝန်းချင်းဆုံသည်။ ထိုလူကြီး မျက် လုံးက မှိုင်းတိုင်းတိုင်း အရိပ်အယောင်တွေ ခိုဝင်နေသည်။ ပြီးတော့ မျက်ဝန်းတွေက သူမနဲ့ ရင်းနှီးဖူးတဲ့ မျက်ဝန်းတွေလို တွေ့နေရပါ သည်။

"လေးညိမ်း ဒါ သားပြောတဲ့ မိန်းကလေးလေ ..."

"ပထမ မိတ်ဆက်ပေးတဲ့ ကောင်မလေးက သူမဟုတ်ပါဘူး"

"ဟာ ...လေးညိမ်းနော် ဍွန်တွန်းမလုပ်နဲ့"





လေးညိမ်းဆိုသူက တဟားဟားနဲ့ အော်ရယ်သည်။

"ဒီက သမီးနာမည်က ဘယ်သူလဲကွဲ့ ..."

"မုန်း"

သူမ ပါးစပ်က လွှတ်ခနဲ အဲဒီနာမည်ကို ပြောမိပါသည်။

"မုန်း ...အထူးအဆန်းပါလား"

လေးညိမ်းက သံယောင်လွှတ်ဆိုရင်း သူမကို ငေးကြည့်နေမိသည်။

"ဒီလို လေးညိမ်းရ သူ့ကို အားလုံးက ဆိုလိုလို့ခေါ်တယ်။ သူ့ နာမည်အရင်းက 'မုန်း' တဲ့ ကြည့်ရတာ ဆိုလို မေမေက ...ဘာကို 'မုန်း' လို့ မုန်းဆိုပြီး ရည်ရွယ်မှည့်လိုက်လည်းမသိဖူးထင်တယ်"

ရင်ငြိမ်းက နောက်ှတ်ှတ်နဲ့ နောက်ပြောင်ပြီး ပြောနေပေမယ့် ရင်ငြိမ်းပြောနေတဲ့ အကြောင်းအရာတွေ မှန်ကန်နေခဲ့တာ ဆိုလို အသိဆုံးပါ ...။

"ဘယ်က လှည့်ဝင်လာတာလဲ သားကြီး"

"လေးညိမ်းနဲ့လည်း ဆိုလိုကို မိတ်ဆက်ပေးချင်လို့ ဆိုလို ဒါ ကိုယ်ပြောတဲ့ ကိုယ့်ရဲ့ ဦးလေး အရင်းလိုချစ်ရတဲ့ ...လေးညိမ်း"

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ် လေးညိမ်း သမီးကို အမြင်မတော်တာရှိရင်လည်း ရင်ငြိမ်းလို ဆက်ဆံ ဆုံးမနိုင်ပါတယ် နော် ..."

ဆိုလိုက မရည်ရွယ်ပဲ လိုက်လိုက်လဲ့လဲ့ပြောမိပါသည်။ လေးညိမ်း



www.burmeseclassic.com

www.burmeseclassic.com



က ပြုံး၍ ခေါင်းညိတ်ပြီး ...။

"တကူးတက ဆုံးမရရင် သမီးမှာ အများတစ်ခုပဲရှိတယ်"

လေးညိမ်းစကားကြောင့် သူမက အံ့သြမိပါသည်။

"အဲဒါကတော့ သားကြီးကို ရွေးချယ်ခဲ့တာပဲ"

လေးညိမ်းနောက်ပြောမှန်းသိတော့ ရယ်ကြပါသည်။

"လေးငြိမ်း စနေနေ့ကျရင် ဘယ်မှ မသွားနဲ့နော်"

"ဘာဖြစ်လို့လဲဟ လုပ်စမ်းပါဦး"

"စေ့စပ်တာတော့ မဟုတ်ဘူး လေးညိမ်း နှစ်ဖက်လူကြီး အသိ အမှတ်ပြုကြောင်းလမ်းတဲ့ သဘောပေါ့ ..."

"အင်း ကောင်းပါတယ်"

"လူ များများစားစားတော့ မဟုတ်ဘူး ကျွန်တော်တို့ဘက်က ဖေဖေ မေမေနဲ့ လေးညိမ်းရယ် ကျွန်တော်ရယ် စိန်ကောင်းရယ် မြင့်ဌေးရယ်ပဲ ...သူတို့ဘက်က သူတို့ ဒေါ်လေးနဲ့ ဝင့်နီရယ်ပါပဲ။"

"ကောင်းပါတယ် လူများရင် အာရုံများတယ် ..."

လေးညိမ်းက အေးအေးဆေးဆေး နေတတ်သူ ...။

"ဟာ ညှိသည်ကို ညှိခံဖို့ မေ့နေတယ်"

လေးညိမ်းက အခုမှ သတိရဟန်နဲ့ ထပြီး ပြင်ဆင်လုပ်တော့ ရင်ငြိမ်းက ...

"ဟာ မလုပ်နဲ့ လေးညိမ်း ...."





"ဘာလဲ ... သွားစရာရှိလို့လား"

"မဟုတ်ဘူး ထမင်းပါ တစ်ခါတည်းစားသွားမလို့ ...။"

"ဒီကောင်တော့လေ ...ရည်းစားရပြီးကတည်းက နောက် တတ်ပြောင်တတ်နေပြီ ..."

လေးညိမ်းစကားကြောင့် ဆိုလိုက ရယ်ပါသည်။ ဆိုလိုက ဧည့် သည်လိုမနေ ကိုယ်တိုင် ခူးခတ်ပြင်ဆင်ပြီး လေးညိမ်းနဲ့ အတူ ထမင်း စားပြီး၊ တရင်းတနှီး နေမိတော့လေးညိမ်းက အခုလိုဖြစ်ပါသည်။

"အခုမှပဲ ငါ့မှာ သားတစ်ယောက်အပြင် သမီးတစ်ယောက်ပါ အဆစ်ရလာပြီ ..."

တကယ်တမ်းလည်း ဆိုလိုရင်ထဲမှာ လေးညိမ်းကို နှစ်နှစ် ကာကာခင်မင်မိပါသည်။ ထမင်းစားသောက် ပြီးစီးလို့ ခဏနားကာ လေးညိမ်းကို နှုတ်ဆက်တော့ ...။

လေးညိမ်းက ပြောပါသည်။

"သားကြီး မင်းဖေဖေကိုပြောလိုက် မုန်တိုင်းနှင်းဆီကို တက္က သိုလ်ကိုဝေဦးကို ရောင်းလိုက်ပြီလို့ ..."

"ခုန သိချင်းလား လေးညိမ်း"

"လေးညိမ်းက ပြုံး၍ ခေါင်းညိတ်ပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးမင်းခိုင် ဝရန်တာမှာ မတ်တတ်ရပ်ပြီး အတွေးနယ်ချဲ့မိသည်။ သူ့ရဲ့ စိတ်ထဲမှာ ဒွိဟစိတ်တွေ သံသယတွေက ရင်ထဲမှာ ပြည့်နှက်နေပါသည်။ လွန်ခဲ့တဲ့နှစ်နှစ်ဝန်းကျင်က ဟယ်ရီနိုင်ငံခြားမှာ သွားအလုပ်လုပ်ဖို့ လာတုန်းက သူ့ သူငယ်ချင်းဌွန်က အိမ်မှာတည်းရင်း အပြင်ဆိုင်တစ်ဆိုင်ကို သူ့ကို အသာခေါ်သွားကာ ပြောဖူးတဲ့ စကားတွေကို သတိရမိသည်။

"မင်း ဒီစကားတွေကို ကျော်သက်ဝေကို မပြောမိဖို့ သတိထားရမယ် ...မင်းကြီး"

ဌွန်ရယ် သူရယ် ညီမ်းကြီးနဲ့က ကျောင်းနေဖက် သူငယ်ချင်းတွေ ကျော်သက်ဝေနဲ့ သူနဲ့က ငယ်သူငယ်ချင်း ဌွန်နဲ့ သူငယ်ချင်းဖြစ်တာက မန္တလေးတက္ကသိုလ်ရောက်မှ တွေ့ဆုံခြင်းဖြစ်သည်။





ဌွန်က ညီမ်းကြီးကို သူ့ခေါ်သလို ညီမ်းကြီးလို့မခေါ် ကျောင်းမည် ကျော်သက်ဝေပဲခေါ်တာ အကျင့်ပါနေပါသည်။ တစ်ကယ်မ်းလည်း သူ့နာမည် သက်ဦးခိုင်လို့ ဘယ်သူမှ မခေါ်ကြ အိမ်ခေါ်မည် မင်းခိုင်လို့သာ ခေါ်ကြပါသည်။

"ဘာဖြစ်လို့ ညီမ်းကြီး မသိစေချင်ရတာလဲ ဌွန်"

ဌွန်ရဲ့ ပုံစံက မနှစ်က လာတုန်းကလို ပုံစံမဟုတ် သိသိသာ ရုပ်ချုံသွားသလို စိတ်ထိခိုက်စရာ ကြုံတွေ့မှုနဲ့ ဆုံခဲ့ရသူလိုပေါက်နေသည်။ ဌွန်က အရက်ပုလင်းကိုဖွင့်ပြီး ငှဲ့ထည့်သည်။ သူကပြင်းမသောက်တတ်တာကြောင့် ဘီယာပဲမှာသောက် သည်။

"မင်း ...ငါ့ကို မေးတယ်နော် ဟယ်ရီရဲ့ မင်္ဂလာပွဲ ဘာလို့ ပျက်းတာလဲလို့ မင်းမေးခဲ့ပါတယ်"

"အေးလေ ...မင်းမဖြေခဲ့ဖူးလေ ..."

"အခု အဲဒီ ကိစ္စကို ငါပြောမယ် မင်းကြီး မင်္ဂလာပွဲပျက်ရတဲ့ကြောင်းရင်းက ဒီပစ္စည်းလေးတွေနဲ့ ပတ်သက်နေကယ် မင်းကြီး"

စိတ်ဝင်စားဖွယ်ကောင်းတဲ့ အငြိုးနဲ့ ဖွဲ့စည်းထားတဲ့ ဇာတ်မ်းဟက်ပုဒ်ကို ဌွန်ကပြောပြပါသည်။

ဌွန်စားပွဲပေါ်ကို ကတ္တီပါ အနက်ရောင်ဘူးလေးကို လှမ်းတင်ပါသည်။ သူကတ္တီပါလေးကို ကြည့်နေတော့ ...။

"ကြောက်စရာကောင်းတဲ့ အငြိုးအာဃာတတွေ ဒီဘူးထဲမှာပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ မင်းကြီး မင်းဖွင့်ကြည့်လိုက်လေ ...”

သူစိတ်လှုပ်ရှားစွာ အဲဒီဘူးလေးကို ဖွင့်ကြည့်မိပါသည်။ ခြောက်သွေ့နေတဲ့ အနက်ရောင်နှင်းဆီပွင့်ဖတ်ခြောက်တွေ ...။

“ဟာင် ...”

နှင်းဆီ ပွင့်ခြောက်တွေ အောက်က ဆုတံဆိပ်တစ်ခုက သူ့ကို လန့်ဖြန့်စေခဲ့တာ အမှန် ...ဆုတံဆိပ်ကို ယူကြည့်ပြီး သူ့မျက်နှာ သွေးပျက်သွားစေလောက်အောင် ဖြစ်မိသည်။

“ဒါ ...”

ဆက်ပြောလို့မရအောင် စိတ်လှုပ်ရှားမှုကြောင့် စကားတွေ တစ်စို့နေခဲ့သည်။

“ဟုတ်တယ် မင်းကြီး ဒီဆုတံဆိပ်က မနှင်းဆီရဲ့ ဆုတံဆိပ် အဟောင်းတစ်ခုပဲ ...ဒါပေမယ့် ပုံတူပွားထားတာပါ။ အဲဒီ ဆုတံဆိပ် အောက်မှာ စာတစ်စောင်ကိုမင်းဖတ်ကြည့်ရင် မင်္ဂလာပွဲပျက်တဲ့ အကြောင်းရင်းကို မင်းသဘောပေါက်လာမှာပါ ...”

စာရွက်ကို ဖွင့်ဖတ်နေတဲ့ ဦးမင်းခိုင်လက်တွေ တုန်ယင်နေပါ သည်။ စာရွက်ပေါ်က အက္ခရာတွေက အငြိုးအတေးဘယ် လောက် ပြင်းထန်ကြောင်း ထင်ရှားနေပါသည်။

“ကျွန်မ ...ဒေါ်နှင်းဆီရဲ့ သမီးပါ ...”

အတိတ်ဆိုတာ မေ့ဖျောက်ဖို့ မလွယ်ပါဘူး ...မင်္ဂလာပွဲပျက်ရဲ့





တဲ့ ရည်ရွယ်ချက်ကို အခုလောက်ဆို သဘောပေါက်မှာပါ ...။

နှင်းဆီတစ္ဆေ ...”

ဦးမင်းခိုင် စာကို ဆုံးအောင်ဖတ်ပြီး မျက်ဝန်းမှိတ်လိုက်ပါ သည်။ သူတို့စောင့်ကြိုနေတဲ့ နေ့တစ်နေ့က ဂျွန်က အရင်ဆုံခဲ့ရပြီ။

“ဒါဆို သူ့ရဲ့ နောက်ဆုံးရည်ရွယ်ချက်က ငါ့ဆီလည်းလာနိုင် တာပေါ့ ...”

“သေချာတယ်လို့ ယူဆရမှာပဲ မင်းကြီး အဲဒါကြောင့် ဒီအ ကြောင်းတွေကို ကျော်သက်ဝေကို မသိစေချင်ခဲ့တာ ဘာကြောင့်လဲ ဆိုတော့ ဒီကောင်ကြီး နောက်တစ်ကြိမ် ပြန်ခံစားရရင် ဒီကောင် ရူးသွားမှာစိုးလို့ မင်းကြီး”

မင်းခိုင် နှုတ်ခမ်းကို ကိုက်ရင်း လေးပင်စွာ ခေါင်းညိတ်ပြမိပါ သည်။

“ဒီဇာတ်လမ်းကို အဆုံးသတ်ဖို့ ငါတို့ ကြိုးစားရမယ် ဂျွန်”

မင်းခိုင်ဆီက လေးလေးနက်နက် စကားတစ်ခွန်းကြောင့် ဂျွန် နဖူးကြောတွေပေါ်အောင် မျက်ခုံးတွန့်မိသည်။

“မင်းပြောတာ ငါနားမလည်ဘူး မင်းကြီး”

မင်းခိုင် ဂျွန်ကို ကြည့်ကာ အင်အားလျော့စွာ ပြုံးမိပါသည်။

“နှင်းဆီ ရင်ထဲက အမျက်တွေပြေစေဖို့ အမှန်တရားကို ရှင်း ရှင်းလင်းလင်း သိစေဖို့ နောက်တစ်ခုက ...”



www.burmeseclassic.com

www.burmeseclassic.com



မင်းခိုင်ဆီက ထွက်ကျလာမယ့် စကားကို ငွန် ဆက်မျှော်လင့်မိသည်။

"ညိမ်းကြီးနဲ့ သူ့သမီး ပြန်ဆုံတွေ့ဖို့ ငါတို့ရင်တွေ ဒဏ်ရာအနာတရဖြစ်လည်း အနာခံပြီး ကြိုးစားရမယ် ငွန်"

ငွန် ဦးမင်းခိုင်ရဲ့ စကားကြောင့် သူငယ်ချင်း မင်းခိုင်ကို လေးစားဂုဏ်ယူတဲ့အကြည့်နဲ့ ပြုံးကြည့်မိပါသည်။

"မင်းစိတ်ဓာတ်ကို ငါလေးစားတယ် မင်းကြီး ဒီပြဿနာက ငါတို့ခေါ်လာတဲ့ ပြဿနာ အဲဒီပြဿနာကို ငါတို့ပဲ ဖြေရှင်းပေးရမှာပေါ့ ...အကြောင်းထူးရင် ငါ့ဆီ ဖုန်းဆက်လိုက် မင်းကြီး ငါချက်ချင်း ရန်ကုန်ကို တက်ခဲ့မယ်"

အဲဒီတုန်းက ပြောခဲ့တဲ့ စကားတွေ ပြန့်မြင်ယောင်ရင်း ဦးမင်းခိုင် သက်ပြင်းချမိသည်။ ရန်ကုန်ရောက်လာတော့ မန္တလေးတုန်းက မင်းခိုင်ဆိုတဲ့ နာမည်ကို သူမေ့ဖျောက်ခဲ့ပြီး သူ့နာမည်ရင်း သက်ဦးခိုင်နဲ့ စီးပွားရေးလောကကို စတင်ဝင်ရောက်ခဲ့ပါသည်။

တက္ကသိုလ်ကျောင်းသားဘဝက သူရယ် ညိမ်းကြီးနဲ့ ငွန်နဲ့က တတွဲတွဲ ...မနှင်းဆီကို ပထမဦးဆုံး စတွေ့သူက သူ ...ဧည့်ခံပွဲတစ်ခုမှာ သူငယ်ချင်းတစ်ယောက်နဲ့ မိတ်ဆက်ပေးမှုကြောင့် သူနဲ့ မနှင်းဆီ စတင်ရင်းနှီးခဲ့ပြီး ...သူမနှင်းဆီကို ငွန်နဲ့ ညိမ်းကြီးကို ပြောပြမိခဲ့သည်။ မနှင်းဆီကိုတော့ မန္တလေးမြို့ရဲ့ နန်းဆန်တဲ့ အကျော်ကြား





ဆုံး ပန်းတစ်ပွင့် လူတိုင်းလိုချင်တဲ့ အလင်းရောင် အဲဒီအလင်း ရောင်ကို လိုချင်မက်မောသူတွေထဲမှာ သူတို့သုံးယောက်လုံးပါသည်။ အဲဒီတော့ သုံးယောက်သား ဆုံးဖြတ်မဲနှိုက်ကာ ပထမဦးဆုံး ငွန် အရင်ချဉ်း ကပ်ကာ ရည်းစားစကားပြောပေမယ့် မနှင်းဆီက မိတ်ဆွေတစ်ယောက်အနေနဲ့သာ လက်ခံပြီး ငြင်းဆန်ခဲ့သည်။ သူ့အလှည့်လည်း ထိုနည်းတူစွာ ငြင်းဆန်ခြင်းခံခဲ့ရပါသည်။ သူတို့ထဲမှာ ညိမ်းကြီးက ကံထူးရှင် တကယ်တမ်းဆို ညိမ်းကြီးက သူတို့ထဲမှာ ဆင်းရဲအနွမ်းပါးဆုံး ဒါပေမယ့် သူနဲ့ ငွန်က ညိမ်းကြီးကို ညီရင်းအစ်ကိုလိုချစ်ကာ လိုအပ်တာမှန်သမျှကို ထောက်ပံ့ကူညီခဲ့ပါသည်။ အဲဒီအချိန်တုန်းက ညိမ်းကြီးက တက်သစ်စ ဂီတပညာရှင် ညိမ်းကြီးရဲ့ အနုပညာကို နှစ်သက်တဲ့ မနှင်းဆီတစ်ယောက် ညိမ်းကြီးရဲ့ နှလုံးသားကိုပါ နှစ်သက်လက်ခံခဲ့သည်။ ညိမ်းကြီးနဲ့ မနှင်းဆီ ချစ်မိကြပြီဆိုတော့လည်း သူတို့ပျော်ခဲ့ကြတာပါပဲ ...။ အမှန်တော့ သူတို့ မနှင်းဆီကို လှလို့ ချဉ်းကပ်ကြတာပါပဲ ... လေးယောက်သား တတွဲတွဲ နဲ့ ပျော်ရွှင်ကြတဲ့ နေ့ရက်တွေဟာ တကယ်တော့ လွမ်းစရာပါ နှင်းဆီအိမ်က ညိမ်းကြီးနဲ့ သဘောမတူ အစကတည်းကတော့ ပိုက်ဆံလို့ ပြောရမှာပေါ့ ...သူနဲ့ ငွန်နဲ့က နှင်းဆီ မိဘတွေကို ချော့ယောင်ပြပြီး သူလိုလို ကိုယ်လိုလိုနဲ့ အာရုံလွှဲကာ ...အပြင်ကို ခေါ်ထုတ်ပေးရတာ ခဏခဏပေါ့ ...။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံးကို ကံကြမ္မာဆိုး ဖြစ်ပေါ်စေတဲ့ တစ်နေ့က ... ညိမ်းကြီးက အလှူပွဲတစ်ပွဲအတွက် ဧည့်ခံဖျော်ဖြေဖို့သွားတဲ့ တစ်နေ့မှာပေါ့ ...အဲဒီနေ့က သူ့ရဲ့ အိမ်မှာ ဘယ်သူမှမရှိကြပါ။ အိမ်သား အားလုံး ဘုရားဖူးသွားကြလို့ သူက အိမ်စောင့်အဖြစ် ကျန်ရစ်ခဲ့ရပါသည်။

သူတစ်ယောက်တည်း ပျင်းတာနဲ့ စာထိုင်ဖတ်နေစဉ် ဌွန် အထုပ်အပိုးတွေနဲ့ ရောက်ချလာပါသည်။

"ဟာ ...အတော်ပဲ ငါတောင် ပျင်းလို့ မင်းဆီ ဖုန်းဆက်ခေါ်မလို့"

"သိတာပေါ့ ညိမ်းကြီးရာ ...ဒါကြောင့် မင်းအိမ်မှာ ပျော်ပွဲရွှင်ပွဲလေး လုပ်ဖို့ ဒါတွေ သယ်ခဲ့တယ်"

ဌွန်က ဂစ်တာတစ်လက်နဲ့ အရက်ပုလင်းတွေအမြည်းကို ထုတ်ပြပါသည်။ နှစ်ယောက်သား သောက်လိုက်ကြ ဂစ်တာတီးလိုက်နဲ့ ဘယ်လောက်တောင် သောက်မိသည်မသိ ပထမဦးဆုံး မှောက်သွားသူက ဌွန်ပါပဲ ဌွန်ကို သူတွဲထူကာ သူ့အခန်းထဲက ခုတင်ပေါ် လှဲတင်ပြီးချိန်မှာ အိမ်ရှေ့က တစ်ယောက်ယောက် ခေါ်သံကြောင့် သူ မူးမူးနဲ့သွားကြည့်တော့ ...မနှင်းဆီ ...။

"ဟဲ့ ...ဘယ်အချိန်ရှိပြီလဲ ...တစ်ယောက်တည်း ..."

"တံခါးဖွင့်စမ်းပါ မင်းကြီးရယ်"

ရေးကြီးသုတ်ပျာနဲ့ ရောက်ချလာတဲ့ နှင်းဆီရဲ့ ပုံစံကြောင့် သူ





အံ့ရိမ်သွားပြီး တံခါးဖွင့်ကာ ဝင်မိပါသည်။ အိမ်ထဲရောက်တော့ ...။

"နှင် ငါ့ကို အခုချက်ချင်း ကိုကျော့်ကို ရှာပေးစမ်းဟာ ..."

"ဘာဖြစ်လို့လဲ နှင်းဆီ"

နှင်းဆီက အပြောရခက်နေပုံကြောင့် ...

"ပြောလေဟာ နှင်နဲ့ငါတို့က မောင်နှမတွေလို ဖြစ်နေကြတာ ပြောစမ်းပါဟ နှင် ငါတို့ကို မပြောရင် ဘယ်သူကို ပြောမှာလဲ နှင်းဆီ"

နှင်းဆီ မျက်ရည်အဝဲသားနဲ့ အခုလိုပြောပြပါတယ် ...

"ငါ့အိမ်က ငါတို့အကြောင်းကို သိသွားကြပြီ မင်းကြီး ထုံးစံအတိုင်းပေါ့ဟာ ...ရန်ကုန်က သူဌေးသားတစ်ယောက်နဲ့ ပေးစားဖို့ အတင်းစီစဉ်နေကြလို့ ငါထွက်ပြေးလာတာ ပြီးတော့ ငါ့မှာ ညိမ်းကြီးနဲ့ ရတဲ့ ကိုယ်ဝန်ရှိနေပြီ ..."

"ဟေ ..."

သူ လန့်ဖျပ်သွားရင်း နှင်းဆီရဲ့ ဗိုက်ကို ကြည့်မိတော့ နှင်းဆီက ခေါင်းငုံ့သွားပါသည် ...

"ဖေဖေတို့ ငါ့ကို ရှာမတွေ့ခင် ငါနဲ့ ကိုကျော် ဒီနေရာကခွာမှ ဖြစ်မှာဟ ..."

နှင်းဆီက ညိမ်းကြီးကို ကိုကျော်လို့ပဲ ခေါ်ပါသည်။

"ဟာ ...ဒုက္ခပဲ ...ဒီကောင်က ဘယ်ဧည့်ခံပွဲသွားတီးလို့ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



နေရာရောက်နေလဲ မသိဘူးဟာ …ဒီလိုလုပ် နင်ဒီမှာစောင့်နေ …ဟို ကောင်ငှန် အိပ်ခန်းထဲမှာ မူးပြီး မှောက်နေပြီ …နင်နိုးပြီးအကျိုးအကြောင်းပြောလိုက် ငါ သူ့ကိုရအောင်ရှာခေါ်ခဲ့မယ်”

သူ နှင်းဆီကို ပြောကာ အဝတ်အစားမလဲတော့ပဲ ကားတစ်စီးနဲ့ ညိမ်းကြီးရာပုံတော်ဖွင့်ခဲ့ပါသည်။

အဲဒီညနေက ကံဆိုးချင်တော့ ငှန်က ကျွန်တော်တို့နဲ့ ကျောင်းမှာ အခန်းဖော် မိုးကောင်းကို ကျွန်တော့် အိမ်မှာ ချိန်းခဲ့တာ ကျွန်တော်မသိလိုက်ပါ …ငှန် ကိုယ်တိုင်ကလည်း ပြောဖို့ မေ့နေခဲ့ပါသည်။ မိုးကောင်းဆိုတာက မိုးကုတ်က ကျောင်းလာဟက်တဲ့ တွင်း သူဌေးတစ်ယောက်ရဲ့သား ငွေကို ရေလို ဖြုန်းပြီး မိန်းမကိစ္စ နာမည်ပျက်ရှိတဲ့ကောင် …။

ကျွန်တော် အိမ်ကထွက်သွားတော့ နှင်းဆီက ငှန်ကို နှိုးသည်။ မူးရူးနေအောင်သောက်ထားတဲ့ ငှန်ခမျာ ဘယ်လိုနှိုးနှိုး နိုးလို့မရတာကြောင့် နှင်းဆီ စိတ်လျှော့ကာ …အခြားအခန်းလွတ်တစ်ခုမှာ ခဏမှိန်းနေစဉ် မိုးကောင်းရောက်လာပါသည်။ မိုးကောင်းအသင့်ဖွင့်ထားတဲ့ တံခါးမှ ဝင်ပြီး သူနဲ့ငှန်ကို လိုက်ရှာရင်း ကံဆိုးလှစွာ မေးခန်းအိပ်ပျော်သွားတဲ့ နှင်းဆီကို တွေ့ပြီး …

ပြဿနာတွေဟာ ဘယ်လိုမှ ဖြေရှင်းမရအောင် ဆိုးဝါးသွားခဲ့ပါဘူးသည်။ မိုးကောင်းဟာ သူ့ရဲ့ လိုအင်ဆန္ဒတွေပြည့်စုံတော့ လစ်ထွက်





သွားခဲ့ပြီ …ကံဆိုးသူက အရင်ဆုံးငှန်ပါ …တရေးနိုးလို့ အရက် ကြောင့် ချွေးတလုံးလုံးနဲ့ ပူအိုက်လွန်းနေတာကြောင့် အပေါ်အင်္ကျီ ချွတ်ပြီး ရေသောက်ရန် ဒယိမ်းဒယိုင်နဲ့ အထွက် …အခန်းတစ်ခုထဲက မိန်းမတစ်ယောက်ရဲ့ ငိုသံကြောင့် သွားအကြည့်မှာ …အင်္ကျီတွေလုံချည်တွေ စုတ်ပြတ်သတ်ပြီး ဖရိုဖရဲ ပုံစံနဲ့ငိုနေတဲ့ နှင်းဆီကို တွေ့မိပြီး …။

“ဟာင် နှင်းဆီ”

နှင်းဆီရဲ့ မျက်ဝန်းတွေက မီးဝင်းဝင်းတောက်နေပါသည်။ ဒေါသကြောင့် မျက်ဝန်းတွေက နီရဲနေပြီး သူ့ကို ဘီလူးဘေစ်ကောင်လို ဝေးကြည့်နေတာကြောင့် …။

“ဟာင် နှင်းဆီ နင်”

“ရှေ့မတိုး …နဲ့”

ကျူးအော်လိုက်တဲ့ အသံကြောင့် ငှန် ဘာမှ နားမလည်။

“မဟုတ်ဘူး”

“နင် ရှေ့မတိုးနဲ့နော် …နင်တို့နှစ်ယောက်နဲ့ မိုးကောင်း ငါ့ကို ပေါင်းကြံတယ် လူယုတ်မာ …”

အဲဒီစကားရဲ့အဆုံးမှာ သူနဲ့ ညိမ်းကြီးဟာ တိုက်တိုက်ဆိုင်ဆိုင် အခန်းဝကို ရောက်လာတာနဲ့ ကြုံလိုက်ပါပြီ …တွေ့ရတဲ့ ပုံတွေက အားလုံး အံ့အားသင့်စေခဲ့ပါသည်။ ဘယ်ကစလို့ ဘယ်လိုဖြေရှင်းလို့ မရတဲ့ ပြဿနာတစ်ခုဟာ ဒီအချိန်မှာ မီးဟုန်းဟုန်းနဲ့ အရှိန်ကောင်းခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြီ…ညိမ်းကြီးရဲ့ မျက်နှာဟာ မိုးကောင်းကင်တစ်ခုလုံးကို တိမ်မည်းတွေဖုံးလွှမ်းသွားသလို ဘယ်သူကိုမှ မယုံကြည်တော့သလို ဖြစ်စေခဲ့ပါပြီ။ ကျွန်တော်တို့အားလုံးကို ဒီကောင်မယုံကြည်တော့သလို နှင်းဆီရဲ့ ရင်သွေးဟာ သူ့ရဲ့ သွေးသားမဟုတ်တော့ဖူးလို့ ယုံကြည်တဲ့အထိ ဖြစ်ကာ ညိမ်းကြီးရဲ့ ဦးနှောက်ထဲ သံသယက ပိုးမွှားတစ်ခုလို အမြစ်တွယ်ခဲ့ပါသည်။ နောက်ဆုံးမှာတော့ ညိမ်းကြီး မန္တလေးက ပျောက်ကွယ်သွားပါသည်။ ပြဿနာရဲ့ အစစ်အမှန်အားလုံးကို သိရချိန်မှာ နှင်းဆီတစ်ယောက်လည်း မန္တလေးကပျောက်ကွယ်သွားခဲ့ပါပြီ နောက်ဆုံး နှင်းဆီ ပြောခဲ့တဲ့ စကားက …။

"နင်တို့ သုံးယောက်ကို ငါ ဘယ်တော့မှ အပြုံးပြေမှာ မဟုတ်ဘူး နောက်ဘဝရှိရင်တောင် …နောင်ဘဝအထိ လိုက်ပြီး ဒုက္ခပေးခဲ့မယ် စောင့်နေ …"

ကျွန်တော်နဲ့ ဌွန် မိုးကောင်းကို သွားတွေ့ပြီး မိုးကောင်းကို မသေရုံတမယ် ထိုးကြိတ်ခဲ့ကြပါသည်။ မိုးကောင်းကိုယ်တိုင်က သူ့ရဲ့ အမှားကိုသိပြီး နှင်းဆီ ဆီ ရောက်ခဲ့ပါတယ်တဲ့ …နှင်းဆီက လုံးဝ မရှိတော့…နောက်ဆုံး သိခဲ့ရတာက …နှင်းဆီရဲ့ မိဘနှစ်ပါးလုံး နှင်းဆီ စိတ်နဲ့ ဆုံးပါးခဲ့သည်တဲ့လေ …။

ရန်ကုန်မှာ အခြေကျပြီး လမ်းဘေးတစ်နေရာမှာ ညိမ်းကြီးကို တွေ့ခဲ့ပြီး ရှင်းပြတော့မှ ညိမ်းကြီး အဖြစ်မှန်ကိုသိရကာ ယူကျုံးမရ





ဖြစ်ခဲ့ပါသည်။ ဒီအကြောင်းတွေကို သူ့ရဲ့ ဇနီးမိုးမိုးလည်းသိပါသည်။ မိုးမိုးကိုယ်တိုင်က နှင်းဆီနဲ့ မရင်းနှီးပေမယ့် မေဂျာချင်းတူတော့ သိကြသည်။ အဖြစ်မှန်အားလုံးကိုလည်း မိုးမိုးကို သူ ပြောပြထားခဲ့ပါသည်။

အတိတ်ဆိုတာ မေ့ပျောက်ထားလို့ မရဖူးဆိုတာ သူယူဆချက်မှန်ကန်ခဲ့ဖို့ အခုသားနဲ့ လက်ထပ်မယ့် မိန်းကလေးဟာ သူတို့မျှော်လင့်နေကြတဲ့ နှင်းဆီတစ္ဆေများလား အဲဒါဆိုရင် သားအလှည့်ကျရင် သူညီအစ်ကိုလိုချစ်တဲ့ ဟယ်ရီလို ခံနိုင်ရည်ရှိပါ့မလားလို့ ဦးမင်းနိုင် တွေးကြည့်မိခဲ့သည်။

ဟိုတလောက သူဟိုတယ်တစ်ခုမှာ ဧည့်သည်တွေကို ဧည့်ခံစကားပြောနေပြီး ပြန်အလာမှာ မိုးကောင်းနဲ့ တွေ့ခဲ့မိပါသည်။ မိုးကောင်းရဲ့ သားသည်လည်း ပထမမြောက်စတေးခံပြီးပြီဆိုတော့ တကယ်လို့ သားနဲ့ လက်ထက်မယ့် မိန်းကလေးသည် နှင်းဆီ တစ္ဆေများမှန်ခဲ့လျှင် သူ၏ သား ရင်ငြိမ်းသည် တတိယမြောက် သတို့သားအဖြစ် လည်စင်းခံရုံပေါ့ …။

"ဖေဖေ ဘာတွေစဉ်းစားနေတာလဲဟင် …သားရောက်နေတာကြာပြီ ဖေဖေ အတွေးပျက်မှာစိုးလို့ သားမခေါ်တာ …"

"ဪ …သား မင်း မေမေရော …"

"မေမေ ဘုရားရှိခိုးနေတယ် ဖေဖေ …"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဖေဖေကို ငဲ့ကြည့်မိသည်။ ဖေဖေသည် တစ်ခုခုကို အငလေးအနက်စဉ်းစားနေဟန်ထင်ရှားသည်။

"ဖေဖေလည်း အလုပ်များနေတာနဲ့ သားရဲ့ မိန်းကလေးနဲ့ ဆုံရတယ်လို့ကို မရှိပါဘူး ...ဒါနဲ့ အခုလာမယ့် စနေမှာ ကြောင်းလမ်းဖို့ သားစီစဉ်ပြီးပြီလား ..."

"ဟုတ်ကဲ့ ဖေဖေ ..."

ဦးမင်းခိုင် သက်ပြင်းခိုးရှိုက်ကာ ...

"ဒါနဲ့ အဲဒီကလေးမရဲ့ မိဘတွေက ဘယ်သူလဲ သား ..."

သားဖြစ်သူရဲ့ စကားကို သူကြောက်လန့်နေမိသည်။

"ဆိုလို ဖေဖေနဲ့ မေမေက လွန်ခဲ့တဲ့ ခြောက်နှစ်က ရှစ်မိုင်ကွေ့မှာ ကားမှောက်ပြီး ဆုံးသွားတာလေ ဖေဖေ ...ဖေဖေလည်း ဒီသတင်းကြားဖူးပါတယ် ..."

"ဩော် ဟိုဘက်ကား ...ဖေဖေ့မိတ်ဆွေကိုမိုးချိုတို့ကားဆိုတာလား ...ကိုမိုးချိုလည်း နေရာမှာပွဲချင်းပြီးပဲလေ ..."

"ဟုတ်တယ် ဖေဖေ ဆိုလိုရဲ့ ဖေဖေက ကုန်သည်ပွဲစားတစ်ယောက်ပဲ ဖေဖေ ဦးကိုကိုကြီးနဲ့ ဒေါ်ထားထားခင်လို့ခေါ်တယ် ဖေဖေ ...အခု သူ့ဝမ်းကွဲ အဒေါ်တစ်ယောက်နဲ့ နေကြတယ်"

ကျွန်တော်က ဆိုလိုအကြောင်းကို ပြောပြမိပါသည်။ ဖေဖေ ကျေနပ်သွားဟန်လား စိတ်ပျက်သွားဟန်လား မျက်နှာက တစ်မျိုး





ဖြစ်သွားပါသည်။ ကျွန်တော် ဖေဖေနဲ့ စကားပြောပြီးတော့ ခြံထဲဆင်းသွား ဆိုလိုကို ဖုန်းဆက်မိပါသည်။

"မတတ်နိုင်ဖူး ဆိုလို ... ကိုယ်ဆိုလို ဖေဖေနဲ့ မေမေကို ပါးစပ်သရိုက်တဲ့ နာမည်ပြောရတော့တာပေါ့ ...အဲဒီနာမည်တွေလည်း မှတ်သားဦး ဆိုလို ...တော်ကြာလွဲနေဦးမယ် ..."

"ဟာကွာ ...လူကြီးကို လိမ်သလိုမျိုးဖြစ်နေတော့ ကောင်းပါ့မလား"

"ကောင်းကောင်း ... မကောင်းကောင်း ပြောပြီးပြီ တော်ကြာမေးကြည့်ရသေးဖူးလို့ပြောရင် ဖေဖေက ကိုယ့်ကို တစ်မျိုးထင်မှာပေါ့ ...ဆိုလို ...ကိုလည်း တစ်မျိုးထင်သွားမယ်လေ ..."

သူရဲ့ အကြောင်းပြချက်ကြောင့် ဆိုလို ကိုယ်တိုင်ကလည်း သူ့အကြောင်းကို ရင်ငြိမ်း သိမှာစိုးတာကြောင့် ပိုပြီး ကျေနပ်မိပါသည်။ သူ့ရဲ့ အရိပ်တွေ ရင်ငြိမ်းကို ထိခိုက်မိမှာကို ဆိုလို စိုးရိမ်မိပါသည်။

ဆိုလိုနဲ့ ဖုန်းဆက်ပြီးတော့ ကျွန်တော် နာရီကိုကြည့်ကာ ကိုကို့ဆီ ဖုန်းဆက်မိပါသည်။ ဟယ်ရီက သူနဲ့က ညီရင်းအစ်ကိုလို ...။

"ဟယ်လို ကိုကိုလား ...ညီပါ"

နှစ်ဦးလုံးက တစ်ဦးတည်းသော သားတွေမို့ ညီရင်းအစ်ကိုလိုပဲ စိတ်ထဲထားကြပါသည်။ ကျွန်တော် ခြံထဲက ခုံမှာ ဝင်ထိုင်လိုက်မိသည်။ ခြံထဲမှာ မှောင်ပြီမို့ ခြံစောင့်ဦးမြင့်က မီးတွေကို ထွန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကိုကို့ ကိုကိုပြောတဲ့အတိုင်းပဲ ဆိုလိုရဲ့ နှုတ်ခမ်းဖျားမှာ မှဲ့စိမ်းသေးသေးလေးပါတယ် ... ဆံပင်ကတော့ အတိုပဲ ကိုကို ဒါပေမယ့် ကျွန်တော် မန္တလေးကို လိုက်ပို့တုန်းက သူကိုင်ထားတဲ့ အိတ်တစ်အိတ်က ဆံပင်အတုတစ်ခု ထွက်လာတာတွေ့တယ် ... ဆိုလိုမှာ အဲဒီလို ဆံပင်အတုအစွပ်တွေ အတော်များမယ်ထင်တယ် ကိုကို ..."

"ဒါဆို မင်း ဘာဆက်လုပ်မလဲ ညီ ..."

ဟယ်ရီ တစ်ဖက်ကနေ ညီ အတွက် စိုးရိမ်မိသည်။ ညီက အေးအေးချမ်းချမ်းသမား ရိုးသားတဲ့ ရာဇဝင်တိတ် ပြီးတော့ သူရဲ့ ဝတ်ရည် ညီရဲ့ ဆိုလို ....

"ကိုကိုပြောပြထားလို့ ညီအကုန်သိပြီးသားပဲလေ ...ညီ သူ့ရင်ထဲက အငြိုးအမျက်တွေ ပြေစေချင်တယ် ...ကျွန်တော့်ကို အသည်းခွဲ အရှက်ရမှ သူကျေနပ်မယ်ဆိုရင် ကျွန်တော် ကျေကျေ နပ်နပ် လည်စင်းခံပေးပါမယ် ..."

"ညီရာ"

ဟယ်ရီ ရင်ထဲနင့်မိသွားပါသည်။

"အခု အချိန်အထိတော့ သူရှာနေတဲ့ မင်းကြီးရဲ့သား ဦးမင်းနိုင်ရဲ့သားဟာ ကျွန်တော်ဆိုတာ သိပုံမရဘူး ကိုကို"

"မင်း ဘာလုပ်ဖို့ ရည်ရွယ်တာလဲ ညီ ..."





"ကျွန်တော် ဓာတ်လမ်းဆင်ပြီး လှူထားတဲ့ ဦးငွေကို သူဆီ ဖုန်းဆက်ခိုင်းလိုက်မယ်လေ ..."

"ဒီအကြောင်းတွေ လေးညီမ်းသိပြီးပြီလား ..."

"ဟင့်အင်း ပွဲပြီးမှပဲ သိကြပါစေတော့ ကိုကို"

ဟယ်ရီသက်ပြင်းချမိသည်။ ပြီးတော့ ညီအတွက် ဘုရားသခင်ဆီမှာ ကံကောင်းဖို့ ဆုတောင်းပေးမိသည်။

ကိုကို့ဆီ ဖုန်းဆက်ပြီးချိန်မှာတော့ သူ့ရင်ထဲမှာ ဝေဒနာတွေ တစ်စ တစ်စများပြားလာပါသည်။ ချစ်သူလေး ပျော်ရွှင်နိုင်စေဖို့ သူ ခင်းပေးတဲ့ လမ်းဟာ သူ့နှလုံးသားကို ချေဖျက်ပြီး ခင်းပေးခဲ့တာ ချစ်သူ သိမည်မထင် မျက်ရည်တစ်စက်က သူ့နှလုံးသားကို အက်ဆစ်တစ်စက်လို ထိလို့ လှိုက်စားခံနေရပြီ ....ခွာသံပြင်းပြင်းနဲ့ နင်းဖြတ်သွားမလို သူ့ရင်ခွင်က ထောင်းထောင်းကြေစေခဲ့ပါပြီ။

အခု သူ ဆိုလို သိအောင် သတင်းလွှင့်ပေးတဲ့ ဦးငွေဆိုတာက သူ့ရဲ့ စီးပွားဖက် မိတ်ဆွေ ...မနက်ဖြန်ဆိုရင် .....။



www.burmeseclassic.com

www.burmeseclassic.com



"လာ သမီး ဖုန်းဆက်တော့ သမီးမရှိဘူး ... သမီးသူငယ်ချင်း ဝင့်နီ ဆိုတာလားဆိုတော့ ဦးလေး အဲဒီကလေးမကို ဦးဖုန်းဆက်တယ်လို့ ပြောခိုင်းလိုက်တာ"

"ဟုတ်ကဲ့ သမီးလည်း ဆိုင်ကို ပြန်ရောက်ရောက်ချင်းကြားလို့ ချက်ချင်းတန်းထွက်လာတာ ..."

ဦးငွေအုန်းခိုင်က ဖုန်းဆက်တယ်လို့ ဆိုင်ကိုရောက်ရောက် ချင်း ဝင့်နီ ပြောတော့ အကြောင်းထူးပြီဆိုတာ ဆိုလိုသိလိုက်ပါ သည်။ သူမရဲ့ နောက်ဆုံး ရာဇဝင်ကြွေးကို ဆပ်ဖို့ နောက်ဆုံးအကြိမ် ကြိုးစားပြီးရင် သူမလည်း ရင်ငြိမ်းရင်ခွင်မှာ အမောဖြေချင်နေပါ သည်။ အဲသည်အချိန်ခါကြရင် ရင်ငြိမ်းကို အဖြစ်မှန်တွေရှင်းပြပြီး တောင်းပန်ရမည်ပေါ့ ...။

ဦးငွေအုန်းခိုင်က ဟိုတစ်ခါလာတုန်းက တွေ့ခဲ့တဲ့ ခြံထဲက





ဆက်တီထိုင်ခုံကိုခေါ်သွားပါသည်။ ကောင်မလေးတစ်ယောက် ကော်ဖီနဲ့ မုန့်ကို လာချပေးအပြီးမှာ ...။

"သမီး ရှာနေတဲ့ ဦးမင်းခိုင်ဆိုတာ ရန်ကုန်မှာ ရှိတယ် သမီး .."

သူမ ဦးလေးကြီးရဲ့ စကားကြောင့် လှိုက်ခနဲနေအောင် ပျော်ရွှင်သွားရပါသည်။

"တကယ်လား ဦးလေး ..."

ဦးငွေအုန်းခိုင်က သူမ ကျေနပ်ပျော်ရွှင်သွားတဲ့ မျက်နှာအနေအထားကြောင့် ပြုံး၍ ခေါင်းညိတ်ပြပါသည်။

"သမီး ပြောတဲ့ ဦးမင်းခိုင်ဆိုတဲ့ နာမည်နဲ့တော့ မဟုတ်ဘူး ...ဦးသက်ဦးခိုင်ဆိုတဲ့ နာမည်နဲ့ပဲ သမီး ..."

"ရှင် ..."

ဦးလေးကြီးစကားကြောင့် ရုတ်တရက်အံ့သြတုန်လှုပ်သွားရပါသည်။ ဒါဆိုရင် ဦးသက်ဦးခိုင်က ...။

"ကိုသက်ဦးခိုင်မှာ ဇနီးတစ်ယောက်ရှိတယ် ...ဒေါ်မိုးမိုးမြင့်လို့ခေါ်တယ် ...ပြီးတော့ သူတို့မှာ သားတစ်ယောက်ရှိတယ်။ အဲဒီသားရဲ့ အမည်က ..."

မဟုတ်ပါစေနဲ့လို့ စိတ်ထဲက အတင်းငြင်းပယ်နေပေမယ့် ...။

"ရင်ငြိမ်းမိုးတဲ့ ကုမ္ပဏီတစ်ခု ထောင်ထားတယ် ..."

ကံကြမ္မာဟာ ဆန်းကြယ်တဲ့ မော်ဆရာလို့ စာအုပ်တွေထဲက



www.burmeseclassic.com

www.burmeseclassic.com



ပြောတဲ့ စကားက သိပ်ကို မှန်ကန်နေခဲ့ပါသည်။ ဝေ့တက်လာတဲ့ မျက်ရည်တွေက မပြိုမိအောင် အားတင်းထားရပါပြီ ...ဦးလေးကြီးက သူမရဲ့ မျက်နှာကိုကြည့်၍ မမေးမြန်းမစပ်စုခဲ့တာ ကျေးဇူးတင်ရပါမည်။

"ကျေးဇူးပါပဲ ဦးလေး ...သမီးကို ပြန်ခွင့်ပြုပါဦး ..."

"အေးကွဲ့ ...အကြောင်းထူးရှိရင် ဝင်နိုင်ထွက်နိုင်ပါတယ်ကွယ် ..."

သူမ ဦးလေးကြီးကို နှုတ်ဆက်ကာ ခြံထဲက ထွက်လာခဲ့မိပါသည်။ သူမကွယ်ပျောက်သွားတဲ့အချိန်မှာတော့ ဦးငွေ သက်ပြင်းချမိသည်။ ရင်ငြိမ်းဆိုတဲ့ ချာတိတ်က အရွယ်ငယ်ပေမယ့် ရိုးသားငြိမ်းအေးတဲ့ လူငယ်လေးတစ်ယောက် သူနဲ့ဆိုရင် အသက်အရွယ်ကွာခြားသည်ဆိုပေမယ့်လည်း ရင်းနှီးမှုအတိုင်းအတာက စီးပွားဖက်ထက် ဆွေမျိုးသားချင်းလိုဖြစ်နေပါသည်။ ရင်ငြိမ်းဖြစ်ကြောင်း ကုန်စင်တွေကို ပြောပြထားပြီး အကူအညီ တောင်းလို့ ဟန်ဆောင်လုပ်ပေးခဲ့ရပေမယ့် ဒီကောင်မလေး ရင်ငြိမ်းအပေါ် ဘယ်လောက်သံယောဇဉ်ကြီးမှန်း ရင်ငြိမ်းအမည်ပြောပြကတည်းက အံ့သြထိတ်လန့်သွားတဲ့အရိပ်က သူမမျက်ဝန်းထဲမှာ အသိသာကြီးပါ ...ကံကြမ္မာဆိုတာ သူက လုပ်ဆောင်ခဲ့ရပေမယ့် ...လူတွေကို ပြန့်ပြီး နင်းချေဖျက်ဆီးဖြစ်ခဲ့တာလည်း တရားရစရာ ....





ဦးငွေ ဟန်းဖုန်းကို ဖွင့်၍ ဖုန်းနံပါတ်တစ်ခုကို ခေါ်လိုက်ပါ သည်။

"မောင်ရင်ငြိမ်းလား ...ဦးငွေ ပြောနေတာပါ ...မင်းပြောခိုင်းတဲ့အတိုင်း ဦးငွေပြောလိုက်ပါတယ် ...သူ့တော်တော် အံ့သြသွားတာ သေချာပါတယ် ..အေး ...အေး ...ကံကောင်းပါစေလို့ ဦးငွေ ဆုတောင်းပေးပါတယ် ...မောင်ရင်ငြိမ်း ..."



www.burmeseclassic.com

www.burmeseclassic.com



**အိမ်**ရောက်ရောက်ချင်း ဟန်မဆောင်နိုင်စွာ သူမငိုချလိုက်ပါသည်။ ဒေါ်လေးဝေက သူမပုံစံကြောင့် စိုးရိမ်တကြီးဖြစ်မိကာ ...သူမ ကို ဖက်ထားရင်း မေးသည်။

"သမီးလေး ...ဘာဖြစ်တာလဲ ဒေါ်လေးစိုးရိမ်လိုက်တာကွယ် မောင်ရင်ငြိမ်းနဲ့ စကားများလို့လား ...စကားများမှာလည်း မဟုတ်ပါဘူး ...။ ဟိုကလေးက ခပ်အေးအေးပဲ ...သမီးဘာဖြစ်တာလဲ ဒေါ်လေးကို ပြောစမ်းပါ ..."

သူမခေါင်းခါကာ ငြင်းဆန်မိသည်။ မျက်ရည်တွေတာ ကျိုးခဲ့ပြီ ...ရင်ရဲ့ အစိတ်အပိုင်းအားလုံး ဦးလေးကြီးရဲ့ စကားကြောင့် ဖျက်ဆီးဖြတ်တောက်ခံလိုက်ရသလိုပါပဲ မျက်ဝန်းကိုမှိတ် မျက်ရည်တွေ စိမ့်ထွက်ပြီဆိုပေမယ့် ချစ်ရသူနဲ့ ကလဲ့စားကြားမှာ ချောင်ပိတ်





ခံရမိသူက သူမ ... ဒေါ်လေးက မေးလို့မရတဲ့အဆုံး သူမကို ဒေါ်လေးရဲ့ သက်ပြင်းတွေနဲ့အတူ အခန်းထဲမှာ ထားခဲ့သည်။

ရက်စက်ရမယ့် စာရင်းမှာ ရင်ငြိမ်းနာမည်ပါလာခဲ့ပြီ ...သူမ ဘာဆက်လုပ်ရမလဲ ...မစဉ်းစားရဲအောင် ခံစားနေရတာ ရင်ငြိမ်းများမိရင် ထုံးစံအတိုင်း အလျှော့ပေးလိုက်လျှော့ပေးပါ့မလား...။

ပြီးတော့ သူမကိုဒေါ်လေးတို့ရွာမှာ မွေးခဲ့ပြီး ဖေဖေကို မုန်းတဲ့အမုန်းကြောင့် သူမကို 'မုန်း' လို့ အမည်ပေးခဲ့သည်တဲ့ မေမေ မဆုံးခင် သူမ သိတတ်စအရွယ်မှာ မေမေပြောဖူးတဲ့ စကားမေမေ တောင်းခဲ့တဲ့ ကတိတွေဟာ အခုတော့ သူမ ရင်ကို ကွဲစေဖို့ ရည်ရွယ်ခဲ့ပါပြီ ...။

မေမေဆုံးတော့ သူမ ...အပျိုဖော်ဝင်နေပါပြီ ဘွားဘွားတို့ ပိုင်ဆိုင်ခဲ့တဲ့ စည်းစိမ်ကြွယ်ဝမှုဟာ သူမလက်ထဲရောက်ခဲ့ပြီ ပြီးတော့ စနစ်တကျ အကွက်ချစီစဉ်ခဲ့တဲ့ လက်စားချေမှုတွေနဲ့ တစ်ယောက်ပြီးတစ်ယောက် သူမ လက်စားချေနိုင်ခဲ့ပါပြီ ...။

အခု တတိယမြောက် သတို့သားနဲ့ တွေ့ဆုံချိန်မှာတော့ သူ့အစွမ်းအစတွေ ဘာကြောင့် ကွယ်ပျောက်ခဲ့ရပါလဲလို့ မေးချင်သည်။

"မိမုန်း"

ဒေါ်လေးနဲ့ အတူ ဝင့်နီက ဝင်လာပါသည်။ ဝင့်နီကို ဒေါ်လေးလှမ်းခေါ်လိုက်တာဖြစ်မည်ထင်ပါသည်။ သူမ ဝင့်နီကို လှမ်းဖက် ကာ



www.burmeseclassic.com

www.burmeseclassic.com



အားကိုးတကြီးရှိုက်ငိုမိပါသည်။ ဝင့်နီကလည်း သူမ ဆံပင်တွေ ကို သပ်တင်ရင်း စိုးရိမ်တကြီးနဲ့ မေးပါသည်။

"မိမုန်း နင်ဘာဖြစ်တာလဲ …ဒေါ်လေးပြောလို့ ငါ ချက်ချင်း ထွက်လာတာ … ငါတို့ကို ပြောပြမှ နင် စိတ်သက်သာရာ ရမှာပေါ့ နော် သူငယ်ချင်း …"

သူမ ဒီစကားတွေကို ထပ်ပြောရမှာ အားအင်မဲ့နေပါပြီ …ဒါပေမယ့် သူမ အနီးမှာ တိုင်ပင်ဖော်ဆိုလို့ ဝင့်နီနဲ့ ဒေါ်လေးသာရှိသည်။ ဒေါ်လေးကလည်း ခပ်အေးအေးသမား …

"ငါ …ဦးလေးကြီးပြောပြလို့ ငါလက်စားချေရမယ့် တတိယ မြောက် သတ္တဝါရဲ့ ဖခင်ကို ငါသိခဲ့ရတယ် ဝင့်နီ …ငါရှာဖွေနေတဲ့ လူ ငါအမုန်းဆုံးလူက ရင်ငြိမ်းရဲ့ …"

"ဟင် …"

သူမဆက်ပြောလို့မရတော့ပါ …မျက်ရည်တွေ ရှိုက်သံတွေက သူမရဲ့ အဆုံးသတ်စကားကို ဖြတ်တောက်လိုက်သည်။ ကျောက် ရုပ်တစ်ရုပ်လို မျက်နှာတွေနဲ့ အံ့သြငေးကြည့်နေသူတွေက ဒေါ်လေး နဲ့ ဝင့်နီ …

"နင် တကယ်ပြောနေတာလား …မိမုန်းရယ်"

သူမခေါင်းညိတ်ပြမိပါသည်။ မယုံလောက်စရာ သတင်းစကား ကြောင့် အခန်းလေးထဲမှာ တိတ်ဆိတ်နေခဲ့ပါသည်။





အဖြစ်အပျက်တွေက မယုံလောက်စရာအလွန်လျှင် မြန်လွန်း ပါတယ်။ ဒီအတွက် …ကံကြမ္မာကိုပဲ အပြစ်တင်ရမလား … ကိုယ် နှလုံးသားကိုပဲ အပြစ်ပုံရမလား စဉ်းစားမရအောင် ဖြစ်မိပါသည်။

"နင့်ကို ဒီနေ့ မေမေ့ရဲ့ ဘဝဆိုးကို ငါပြောပြပါမယ် ဝင့်နီ …"

ဝင့်နီက သူမပြောစကားတွေအောက်မှာ အံ့အားသင့်နေခဲ့ပါ သည်။ မေမေပြောပြတဲ့ဖြစ်ရပ်တွေက သူမကိုငယ်ငယ်ကတည်းက ညအိပ်ရာဝင်ပုံပြင်လို ရှိခဲ့တာကြောင့် စိတ်ထဲစွဲထင်နေပါသည်။

"အဲဒီလူသုံးယောက်ရဲ့ ပူပေါင်းလုပ်ကြံ ယုတ်မာမှုကြောင့် ဖေ ဖေက ငါ့ကို သူ့သွေးလို့ မထင်ခဲ့လောက်အောင် မေမေ့ကို မုန်းတီး သွားခဲ့တယ် …ဖေဖေရဲ့ အမုန်းတွေကို ခံလိုက်ရတဲ့ မေမေက ငါ့ကို 'မုန်း' လို့ အမည်ပေးခဲ့တဲ့အထိ ခံစားသွားရှာတာ …ငါ့အထင်တော့ မေမေဟာ ရောဂါကြောင့် သေဆုံးရတယ်လို့ ငါမထင်ခဲ့လောက် အောင် စိတ္တဇဖြစ်ခဲ့တယ် …မေမေ သေခဲ့ရတာဟာ အဲဒီလူသုံး ယောက်ကြောင့်လို့ ငါအစွဲအလမ်းဖြစ်ခဲ့တယ် ဝင့်နီ …"

ကျွန်မရဲ့ စကားတွေကြောင့် ဒေါ်လေးက သူမကို သနားကြင် နာတဲ့ မျက်လုံးနဲ့ကြည့်ပြီး ….

"ဖြစ်ပြီးတဲ့ ကိစ္စတွေက ဖြစ်ပြီးပြီ သမီး အဲဒီဖြစ်ပြီးတဲ့ ကိစ္စမှာ တရားခံတွေက ဒီအပြစ်ကို ခံစားသင့်တာမှန်တယ် ….ဒါပေမယ့် ကိုယ်တိုင်လည်းမပြုလုပ် …အရိပ်အပြစ်ကြောင့် ခန္ဓာကိုယ်ကို



www.burmeseclassic.com

www.burmeseclassic.com



အပြစ်ဒဏ်ခံစားရမယ့်ပုံစံမျိုး ...ဒီကလေး သုံးယောက်ကို သွားလုပ်လို့ တရားပါ့မလားလို့ ငါသမီးစဉ်းစားမိရဲ့လား ... ဒေါ်လေး သမီး ရဲ့ အစီအစဉ်ကို မတားပါဘူး ...သမီးကို သေသေချာချာလေး စဉ်းစားခိုင်းနေတာ သမီးလေး ...”

ဒေါ်လေးစကားကြောင့် သူမခေါင်းကို ယမ်းခါမိသည်။ ဝင့်နီကလည်း သက်ပြင်းတွေနဲ့အတူ ....။

“ဟုတ်တယ် သူငယ်ချင်း ...ဦးမင်းခိုင်ရဲ့အပြစ်ကို ရင်ငြိမ်းကို ပုံလွဲလွှဲပြောင်းခံလိုက်ရမှာ ...တရားရဲ့လား ဖြစ်သင့်ရဲ့လား သေသေချာချာ စဉ်းစားကြည့်သင့်တယ်ဟာ ...ပြီးတော့ ...ဒီလုပ်ရပ်ဟာ နင်ကိုယ်တိုင်မှာရော သိက္ခာပိုင်းအရ ကျဆင်းသွားမှာ စဉ်းစားကြည့်မိရဲ့လား ...”

“ဟင့်အင်း ...ငါ မှားမှားမှန်မှန်ငါလုပ်ရပ်ကို စွန့်လွှတ်မှာ မဟုတ်ဘူး ဝင့်နီ ...”

“နင် ...ရင်ငြိမ်းကို ချစ်လား မချစ်ဘူးလား မိမုန်း”

စကားအရာနဲ့ ပြောခဲ့တာတောင် သူမ တုန်လှုပ်မိပါသည်။ ပျော်ရွှင်စရာ နေ့ရက်တွေ သူ့ရဲ့ အဲယုအယတွေဟာ တခြား ကမ္ဘာက အိပ်မက်တွေလို တားမြစ်ခဲ့ရမှာလားလို့ တွေးမိပါသည်။

“ငါ သူ့ကို အရမ်းချစ်တယ် ဝင့်နီ ဒီဆုံးဖြတ်ချက်ဟာ ...ကိုယ့်ကိုယ်ကို အနာကျင်ခံပြီး ဆုံးဖြတ်ခဲ့တယ်ဆိုတာငါသိတယ်။ ဝင့်နီ





မေမေကို ငါကတိပေးပြီးပြီ ...အဲဒီကတိကို ငါဖျက်လို့ ဖြစ်ပါ့မလား”

ဝင့်နီ ဆိုလိုကို ငေးကြည့်ရင်း သနားမိပါသည်။ ယုံကြည်ချက်နဲ့ ချစ်သူကြားမှာ ဗျာများနေတဲ့ ချစ်ရတဲ့သူငယ်ချင်းတစ်ယောက်ရဲ့ ကံကြမ္မာ ထပ်ပြီး ဘာတွေဖြစ်လာနိုင်မလဲ ...ဇာတ်လမ်းဆုံးရင်တော့ အဖြေထွက်လာမှာပါ ...။



www.burmeseclassic.com

www.burmeseclassic.com



"မင်း စိတ်ပျော့ညံ့တာလား ...သူ့ရဲကောင်းဆန်တာလား ကိုရင်"

ဆိုလိုဟာ ဘယ်သူလဲလို့ ကျွန်တော်ဖြေရှင်းချက်ပေးပြီးချိန်မှာတော့ စိန်ကောင်းက ကျွန်တော့်ရဲ့ လိုက်လျောမှုအတွက် အခုလိုစကားကို ဆိုခြင်းဖြစ်ပါသည်။

မြင့်ဌေးကတော့ ကျွန်တော့်ကို ငေးကြည့်နေပါတယ်။ လေပြေတွေက ရှပ်တိုက်ပြေးလွှားခြင်းကြောင့် သစ်ရွက်ခြောက်တွေ ဒရွတ်တိုက်ရွေ့လျားနေသည်။ သူ့နှလုံးသားကရော ဆိုလိုရဲ့ လေပြေလေပူကြောင့် ကျွတ်ခြောက်နေပြီလား ...။

ဒီနေ့ ကုမ္ပဏီလည်း မသွားချင်၊ စိတ်ကလည်း အာရုံများနေတာကြောင့် စိန်ကောင်းကို ဝင်ခေါ်ကာ မြင့်ဌေးတို့ ရုံးကိုသွားကာ ...ရုံး





ရှေ့က သက်သာဆိုင်မှာ ထိုင်၍ ကျွန်တော် ထွက်ပေါက်တွေကို ပြောပြနေခြင်းဖြစ်ပါသည်။

"တစ်ခုတော့ရှိတယ် ...ဒီကိစ္စတွေကို မင်းဖေဖေ အန်ကယ်ခိုင် သိလား ..."

"ဟင့်အင်း ..."

"မင်းလိမ်ညာထားတာရော ...မင်္ဂလာပွဲအထိ ဘူးပေါ်သလို မပေါ်လောက်ဖူးထင်လား ..."

ကျွန်တော် လေးကန်ကန် ခေါင်းညိတ်ပြပါသည်။

"ဒီကိစ္စတွေကို မင်းလေးညိမ်းကို ဖွင့်ပြောသင့်တယ် ကိုရင် ဘာကြောင့်လဲဆိုတော့ သူတို့က သားအဖလေ ...သူလည်း သူ့သမီးမှန်း သိချင်နေမှာပဲ...ပြီးတော့ လေးညိမ်းရဲ့ ကြိုးမျှင်တစ်ချောင်းနဲ့ ဆိုလိုရဲ့ တစ်ယူသန်မှုကို လှုပ်လို့မရအောင် ကပ်ချည်ထားဖို့အားရှိတာပေါ့ ..."

မြင့်ဌေး စကားက ဖြစ်နိုင်ချေရှိပေမယ့် ကျွန်တော် ခေါင်းခါပြမိပါသည်။

"ပြဿနာတွေ ပြေလည်သွားရင် ...အဖေနဲ့ သမီး ပြန်တွေ့ကြမှာပါ ...ဒီအချိန်မှာ ငါ လေးညိမ်းကိုမပြောချင်သေးဘူးကွာ ...အနိုင်ရမှ ကျေနပ်တတ်မယ့် ဆိုလိုရဲ့ အောင်မြင်မှုကို ငါ ပါရမီဖြည့်ပေးချင်တယ် ...ဆိုလို ကျေနပ်ပျော်ရွှင်သွားမှ ဖြစ်မယ်ဆိုရင် ငါ လို



www.burmeseclassic.com

www.burmeseclassic.com



လျှောပေးရမှာပေါ့ ...”

“မင်းအတွေးတွေက ရှုးကြောင်ကြောင် ဆန်လွန်းတယ် ရင်ငြိမ်း”

စိန်ကောင်းက အားမလိုအားမရပြောတော့ ...။

“ငါ တစ်ခါက ပြောဖူးတဲ့ အဖြစ်အပျက်ကို မင်းတို့ သတိရ လား .....”

ကျွန်တော်ရဲ့ အမေးကို မြင့်ဒွေးက ရိပ်မိသည်။

“ဘုရားမှာ ဆုံတွေ့ခဲ့တဲ့ အမိုးအိုတစ်ဦးကို ပြောတာလား ရင်ငြိမ်း”

မြင့်ဒွေးက အခြေအနေကို သဘောပေါက်လွယ်သည်။ အကဲခတ်မြန်သည်။

“အေး ...လူလေး ဒီနှစ် အကုန်လောက်မှာ သိပ်ကိုထူးခြားတဲ့ မင်္ဂလာလက်ထပ်ပွဲကို ကျင်းပဖို့ ကြုံရလိမ့်မယ် ဆိုတဲ့စကားလေ ... အဲဒီတုန်းက ငါယုံဖို့ အခက် မယုံဖို့ အခက်ဖြစ်ခဲ့တယ်။

ဒီကောင်တွေ ကျွန်တော်ရဲ့ စကားကို စိတ်ဝင်တစားနား ထောင်နေပါသည်။ ရည်ရွယ်ချက်ကြီးကြီးနဲ့ ဖွဲ့ကောင်းတဲ့ ကြမ္မာဆိုးကို ရင်ဆိုင်တိုက်ပွဲဝင်ဖို့ ကျွန်တော်အသင့်ဖြစ်နေပါပြီ။

“အဲဒီနေ့ပဲ မင်းတို့ကို ငါပြောပြခဲ့တယ်နော် ...အဲဒီက အပြန် မန္တလေးမှာ ကိုကိုကို အသည်းခွဲဖို့ ဆိုလို ...အသွားမှာ ငါနဲ့ဆုံခဲ့ရ တယ်





...ဒီအကြောင်းတွေကတော့ ကိုကိုပြောပြမှ ငါသိရတာ ဘယ်လောက်အံ့သြဖို့ကောင်းတဲ့ တိုက်ဆိုင်မှုတွေလဲ စဉ်းစားကြည့်ကွာ ငါ့ရာတာကို ပို့အပြီးမှာ ဆိုလိုကို ငါနောက်ထပ် မတွေ့ရမှာ စိုးရိမ်နေတယ်...ငါ့ရင်ထဲကို ‘အချစ်’ ဆိုတဲ့ အဓိပ္ပါယ်ဝင်လာပြီဆိုတာ လည်း ငါသိတယ် ...နောက်တစ်ကြိမ်ဆိုလိုကို ငါအတွေ့မှာ ငါ့ယုံကြည်မှုတစ်ခုထပ်တိုးလာသလို ...အဘိုးပြောသွားခဲ့တဲ့ စကားတစ်ခွန်းကို ငါသတိရတယ် သူငယ်ချင်း ...”

“ဘာစကားလဲ ကိုရင်”

စိန်ကောင်းက စိတ်စောစွာ မေးသည်။ ကျွန်တော် အားရုံပြုမိသည်။ မျက်ဝန်းတွေမှိတ်ပစ်မိသည်။

“လူတစ်ယောက်ကို လူတစ်ယောက်က မေတ္တာတရားနဲ့ ငြိမ်းချမ်းတွေ ခွင့်လွှတ်ပေးတတ်ရင် အရာရာဟာ အောင်မြင်ပါလိမ့်မယ်။ အဲဒါရန်ကို ပြိုပျက်စေတဲ့ ရင်ထဲမှာ ထားရတဲ့ ဂါထာအဆောင်လို့ သဘောထားလိုက်သား လို့ပြောပြခဲ့တယ်။ ငါယုံတယ်သူငယ်ချင်း အဲဒီယုံကြည်မှုနဲ့ ဒီမင်္ဂလာပွဲကို ကျင်းပမှာပါ ...”

စကားဆုံးတော့ မြင့်ဒွေးက ကျွန်တော့်ပခုံးကို ပုတ်၍ပြုံးနေသလို စိန်ကောင်းက လက်ဆွဲနှုတ်ဆက်သည်။

“ငါ ပြန်ဦးမယ်”

ကောက်ခါင်ခါ ပြောအပြီး ကျွန်တော် ကားဆီထွက်လာ တော့



www.burmeseclassic.com

www.burmeseclassic.com



ဟိုကောင်တွေ နားလည်ရခက်မှာ သေချာပါတယ်။ ရင်ထဲ က မွန်းကြပ်မှုတွေဟာ တစ်ယောက်ထဲ သီးသန့်နေချင်နေပါတယ်။ ဘာမှ ဆုံးဖြတ်ချက်မချသေးခင်မှာ ကျွန်တော့်ရဲ့ ကားလေးက သူမ ဆိုင်ရဲ့ မလှမ်းမကမ်းမှာရပ်သွားပါသည်။ ချစ်သူရဲ့ အရိပ်တွေရှိတဲ့ ဒီဆိုင်လေးကိုငေးကြည့်ပြီး သူမရှိနေပါလား အတွေးနဲ့ ကျွန်တော် အနားမှာရှိနေသလိုခံစားရပါတယ်။

ဆိုလို ပလက်ဖောင်းအတိုင်း လမ်းလျှောက်လာရင်း သူမ ရှေ့ ပလက်ဖောင်းဘေးကကားကို ကြည့်ပြီး ရင်ငြိမ်းရဲ့ ကားမှန်း မှတ်မိ လိုက်သည်။ ဒီဟာစ်ရက်နှစ်ရက်အတွင်း သူမ ရင်ငြိမ်းနဲ့ မတွေ့ဆုံမိ ဦးငွေပြောပြလို့သိခဲ့ရပြီးနောက် ...သူမရင်ငြိမ်းနဲ့ မျက်နှာချင်းဆိုင်ရ မှာ ကြောက်လန့်နေပါသည်။ ပထမ တစ်ယောက်ဒုတိယတစ် ယောက်မှာ သတ္တိတွေရှိသလောက် ...အခုနောက်ဆုံးတစ်ပွဲမှာ သူမ ဘာကိုကြောက်လန့်နေမှန်း မသိပါ ...။

ကားနားကို သူမအရောက်မှာ သူမ ဒရိုင်ဘာအခန်းကို ကြည့် မိသည်။ ကားထဲမှာလျော့ရဲရဲထိုင်နေတဲ့ ရင်ငြိမ်းသည် သူမရဲ့ ဆိုင်ကို ငေးကြည့်နေပါသည်။ သူမ ရင်ငြိမ်းရဲ့ မျက်နှာကိုငေးကြည့်မိပါ သည်။ ရင်ငြိမ်း သူမဆိုင်ကို ငေးကြည့်နေခြင်းထက် အာရုံလွင့် အသက်မဲ့နေသူလို ငေးနေခြင်းက ပိုဖြစ်နိုင်ပါသည်။ တစ်ကြိမ် တစ် ခါမှ မတွေ့ဖူးတဲ့ ခန့်မှန်းသိရခက်တဲ့ အရိပ်တွေက စိတ်ရှုပ်ထွေးမှု





ဆန်ဆန် ချစ်သူရဲ့ မျက်နှာမှာ တွေ့နေရပါသည်။

"ရင်ငြိမ်း ..."

"ဟင် ...."

လှုပ်နှိုးခံလိုက်ရတဲ့ လူတစ်ယောက်လို ရင်ငြိမ်းအသိဝင်လာပါ သည်။

"ဘာလုပ်နေတာလဲ ဟင် ..."

"ဩော် ...ဘာမှ မဟုတ်ပါဘူး"

သူမ သက်ပြင်းချမိပါသည်။ နောက်တော့ မရည်ရွယ်ပဲ သူမ သွားဘေးက ခုံမှာ တံခါးဖွင့်ဝင်ထိုင်သည်။ ရင်ငြိမ်းက သူမကို တစ် ချက် ကြည့်ကာကားကို စက်နှိုးကာ မောင်းထွက်သွားခဲ့ပါသည်။ ကားပေါ်မှာ တစ်ဦးနဲ့ တစ်ဦးစကားမဆိုကြ အရှိန်တော်တော်များ များ ကားကို မောင်းလာပါသည်။ ကားရပ်မှ သူမ အသိဝင်ကာ ပတ်ဝန်းကျင်ကို ကြည့်မိတော့ မြို့စွန်က လယ်ကွင်းပြင်တွေ ဘေး မှာ ကားကို ရပ်ထားမှန်းသိရသည်။

နှစ်ယောက်သား ကားပေါ်က ဆင်းပြီး ဆည်းဆာရဲ့အလှ မြင်ကွင်းတစ်ဆုံး မြင်ရတဲ့ စပါးခင်းတွေကို ငေးကြည့်မိသည်။

ညနေရဲ့ ရွှေခင်းဆည်းဆာနဲ့ ရွှေမျှော်ခင်းသည် တရားမဝှ ဆန် ဆန်သက်ဝင်ပုံဖော်နေသည်။

"ဘဝဆိုတာ အခုလို ဆည်းဆာ ရွှေမျှော်ခင်းကို လှပနိုင်ပါ့မ လား။



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ဆိုတဲ့ ချုပ်ငြိမ်းခြင်းအတွက် စတေးခံဖို့လှပနေတာ လား ဟင် ...''

ဘာအဓိပ္ပါယ်ရည်ရွယ်ချက်နဲ့ ပြောမိသည်မသိ ...စကားသံကြောင့် ရင်ငြိမ်း ဆိုလိုကိုကြည့်မိသည်။ သူမသည် စပါးခင်းရဲ့ ဟိုးတစ်ဖက်ကို ငေးကြည့်နေပါသည်။

''ကို့ အမြင်ကတော့ အမှောင်မှာ စတေးခံဖို့ လှပနေတာ မဟုတ်ဘူးဆိုလို အမှောင်ဆုံးလို ထပ်မွေးဖွားလာမယ့် မိုးသောက်ယံအတွက် သူက ချုပ်ငြိမ်းပြတာ ...''

ဆိုလို ချစ်သူရဲ့ စကားကြောင့် ငေးကြည့်မိသည်။ ဘဝကို ပုံစံအမျိုးမျိုးနဲ့ မြင်နေကြသူတွေထဲမှာ သူမရဲ့ ချစ်သူကတော့ အကောင်းဘက်ကြည့်ရှုမြင်တတ်တဲ့သူ ...ပြီးတော့ အရာရာကို ခွင့်လွှတ်တတ်တဲ့ချစ်သူ ...သူ့ကိုမှ တတိယမြောက်သတို့သားအဖြစ် ဖန်တီးပေးခဲ့တဲ့ ကံကြမ္မာကို မုန်းမိပါသည်။

''ဟင် ...ငိုနေတယ် ...''

ရင်ငြိမ်းပြောမှ ဆိုလို ကိုယ့်ပါးပြင်ကို ကိုယ်စမ်းသပ်မိပါသည်။ သူမ မျက်ရည်ကျငိုနေမိတာ သူမကိုယ်တိုင်တောင် မသိလိုက်ရပါ။ ရင်ငြိမ်းက သူမဘာလို့ ငိုလဲ မမေးပါ။ ဒါပေမယ့် သူမကတော့ ရင်ငြိမ်းရင်ခွင်ထဲကို ခိုဝင်ကာ ဖက်ထားမိပါသည်။ ပြီးတော့ ....

''ရင်ငြိမ်း ဘာတွေ ဖြစ်နေတာလဲဟင် ...''





သူမရဲ့ အမေးကြောင့် သက်ပြင်းကြိတ်ရှိုက်လိုက်တာ သူမမမြင်ပေမယ့် သူ့ရင်ခွင်ထဲကနေ ဆိုလိုသိသည်။

''ဘာမှ မဖြစ်ပါဘူး ဆိုလိုရယ် ...ကိုယ်အလုပ်ကိစ္စကြောင့် စိတ်နည်းနည်းရှုပ်ထွေးသွားလို့ပါ ...''

''အလုပ်ကိစ္စဆိုတော့ သူမ ဆက်မမေးတော့ပါ ...အဲဒီနေ့က ဆိုလိုနဲ့ ရင်ငြိမ်း ကားလျှောက်မောင်းကာ ညနေစာကို ဆိုင်တစ်ဆိုင်မှာ စားခဲ့သည်။ စားသောက်ပြီးမှ သူမကို အိမ်ပြန်လိုက်ပို့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ကျွန်တော့် ဖေဖေ ဦးသက်ဦးခိုင်ပါ ဒေါ်လေး၊ ဒီဘက်က မေမေ ဒေါ်မိုးမိုးမြင့်ပါ ဖေဖေ ဒေါ်လေးက ဆိုလိုရဲ့ ဒေါ်လေး ဒေါ်နှန်းဝေလို့ခေါ်ပါတယ် ..."

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျ"

"ဟုတ်ကဲ့ရှင် ...ကျွန်မကလည်း ကလေးတွေကိစ္စနဲ့ ဦးသက်ဦးခိုင်နဲ့ ဒေါ်မိုမိုးမြင့်တို့ကို တွေ့ချင်နေတာ ..."

ညှိစံစကားတွေနဲ့ အလုပ်ရှုပ်နေချိန်မှာ ဆိုလို ဦးသက်ခိုင်ခေါ် ဦးမင်းခိုင်ကို မမိုတ်မသုန်ကြည့်နေမိပါသည်။ ဦးမင်းခိုင်စကားသာ ပြောနေပေမယ့် ဆိုလို ဆိုတဲ့နာမည် ဆန်းဆန်းနဲ့ မိန်းကလေးရဲ့ မျက်ဝန်းအကြည့်ကို သတိထားမိပေမယ့် မသိလိုက်မသိဖာသာနေမိသည်။

"ဒါက ကျွန်တော့်ရဲ့ ညီအစ်ကိုလို ရင်းနှီးတဲ့ သူငယ်ချင်း ညိမ်း





ချမ်းလို့ခေါ်ပါတယ်"

ဒေါ်လေးဝေက တရိုတသေ ခေါင်းညိတ်ပြုံးပြပါသည်။

"ကဲ ...နှစ်ဖက်လူကြီးတွေက ကလေးတွေကို အသိအမှတ်ပြုပြီးပြီဆိုတော့ ဘယ်လို ခရီးဆက်ကြမလဲခင်ဗျာ...ပွင့်ပွင့်လင်းလင်း ပြောကြပါ အားမနာပါနဲ့ ..."

ဦးမင်းခိုင်စကားကြောင့် ဒေါ်လေးဝေက ဆိုလိုကို ဘယ်လိုလဲလို့ အဓိပ္ပါယ်နဲ့ကြည့်ပါသည်။ဆိုလို ပြောရခက်နေပါသည်။ဘာဖြစ်လို့လဲဆိုရင် သူမက သတို့သမီးဖြစ်ပြီး မင်္ဂလာပွဲကို အမြန်ဆုံးကျင်းပစေချင်သည်လေ၊အကြောင်းကိစ္စကတော့ပွဲကို မရိုးမိ အမြန် ဖြစ်စေချင်ပြီ၊

"ဖေဖေနဲ့ မေမေရော ဒေါ်လေးကိုရော သားစကားနည်းနည်း ပြောပါရစေ ..."

"ပြောလေသား ..."

ဖေဖေက စကားလမ်းကြောင်းခင်းပေးပါသည်။

"အဖြစ်နိုင်ဆုံးက သားမင်္ဂလာပွဲကို အမြန်ဆုံးကျင်းပစေချင်ပါတယ် ...အဲဒီကိစ္စအတွက် သားနဲ့ဆိုလို တိုင်ပင်ပြီးပါပြီ"

ဆိုလို အံ့သြသွားပါသည် ရင်ငြိမ်းသူမနဲ့ မင်္ဂလာပွဲအမြန်ကျင်းပဖို့ တစ်ခါမှ မတိုင်ပင်ခဲ့ဖူးပါ ...ဆိုလို ရင်ငြိမ်းကို ကြည့်တော့ ရင်ငြိမ်းကပြုံးပြပါသည်။

"သားကြီးကတော့ မင်းဖအေ့ သားပီသလွန်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးညိမ်းချမ်းစကားကြောင့် ဦးမင်းခိုင်က ရှက်ရယ် ရယ်ကာ...။

"ဟော့ကောင် ငါ့ဘာလို့ ဆွဲထည့်တာလဲ ..."

"မင်းမဟုတ်လို့လား"

လူကြီးနှစ်ယောက်ရဲ့ စကားကြောင့် ရယ်ကြပါသည်။ မင်္ဂလာပွဲကို တစ်လကျော်ကျော်အတွင်း စီစဉ်ရန် ဆွေးနွေးတိုင်ပင်ကြပါသည်။ ဖိတ်စာကိစ္စတွေအတွက်စိန်ကောင်းက တာဝန်ယူပါသည်။ ခန်းစင်ပစ္စည်း ဘယ်ဟိုတယ်ကောင်းသလဲ ပြောကြဆိုကြပေမယ့် စကားသံတွေက အသက်မပါတာ ...ရင်ငြိမ်းကိုယ်ရင်ငြိမ်း အသိဆုံးပါ။

"ရင်ငြိမ်း ...ဘာဖြစ်နေတာလဲ ဟင် ..."

"ကိုယ်ခေါင်းနည်းနည်းကိုက်လို့ ဆိုလို"

"ဆိုလို ဖက်ကြောဆွဲပေးမယ်လေ ..."

"ရပါတယ် ဆိုလိုရယ် ခဏနေရင် ကောင်းသွားမှာပါ"

ဆွေးနွေးတိုင်ပင်ပြီးလို့ ပြန်ဖို့ ပြင်ဆင်ကြတဲ့ အချိန်မှာ ဖေဖေက ဆိုလိုရဲ့ ခေါင်းကို ခပ်ဖွဖွပုတ်ကာ ထူးထူးဆန်းဆန်း စကားဆိုသည်။

"သမီး ..."

ဆိုလိုက မရယ်မပြုံး ဖေဖေက ...ကျေနပ်ဟန်အပြည့် ...။

"ငါ့သမီး ...ဒီမင်္ဂလာပွဲအတွက် စိတ်ချမ်းသာမှာပါ ..."

ဖေဖေနဲ့ ဆိုလို တစ်ဦးနဲ့တစ်ဦး အပြန်အလှန်စိုက်ကြည့်နေကြပါသည်။





မင်္ဂလာပွဲနီးလာလေလေ အလုပ်ကရှုပ်လာလေလေပါပဲ ...အခိုက ကတော့ ကျွန်တော်နဲ့ ဆိုလိုပေါ့... တစ်ခါတလေ ဘယ်သူမှ မရှိရင် စိန်ကောင်းက ပြောပါသည်။

"ကြီးကျယ်ခန်းနားတဲ့ မင်္ဂလာပွဲကြီးတစ်ပွဲ စီစဉ်နေတာ ...အဲဒီ မင်္ဂလာပွဲကြီး ပြင်ဆင်ဖို့အတွက် သတို့သားနဲ့ သတို့သမီး တစ်တပ်တအားစီစဉ်နေတာ ယုံနိုင်ဖို့တောင် မရှိဖူးကွာ ..."

ဟုတ်တော့လည်းဟုတ်ပါသည် ... လူတစ်ယောက်အတွက် မင်္ဂလာပွဲဆိုတာ မှန်မြတ်ခမ်းနားတဲ့ အိပ်မက်တစ်ခုပဲ လူတစ်ယောက် ပျော်ရွှင်မှု တစ်သက်တာဘဝမှာ မင်္ဂလာ လက်ထပ်ပွဲလည်း တစ်ခု အပါအဝင်မဟုတ်ဘူးလား အခုတော့ ...။

"ငါ့ အမြင်ပြောရရင် အစ္စရေးနဲ့ ပါကစ္စတန် မင်္ဂလာစုံတွဲလို့ မြင်တယ် စိန်ကောင်း ..."

မြင့်ဌေးရဲ့ ဟာသက ရင်နာစရာ၊ ကုမ္ပဏီကို ဆိုလို ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



တော့လည်း ထွေးထွေးအိတို့က ဆိုလိုကို စကြနဲ့ ပျော်စရာပါ …။

"မင်္ဂလာဆောင်ကျရင် ထွေးထွေးအိတို့က သတို့သမီးအရန် လုပ်ရမယ်ဆို သတို့သားအရန်က ဘယ်သူလဲ ဟင်"

စိန်ကောင်းက ခွင်ထဲဝင်လာပြီမို့ …

"ထွေးထွေးအိရယ် နှင့်အတွက် ရုပ်ရှင်မင်းသား ငှားပေးထားပါတယ် …"

ထွေးထွေးအိ အားရဝမ်းသာနဲ့ …

"ဘယ်သူလဲ"

"ဗေလုဝ …"

"ဦးစိတ်ကောက်ကြီး …မကောင်းဘူးကွာ"

ထွေးထွေးအိကိုကြည့်ပြီး အားလုံးက ဝိုင်းရယ်ကြပါသည်။

"ကဲ မောင်ရင် ဘုရားသွားမယ်ဆို …"

ကျွန်တော် ဒီနေ့ညနေ ဘုရားသွားဖို့ ဆိုလိုကို မနေ့ကတည်းက ပြောထားတာကြောင့် ဆိုလိုရောက်လာခြင်းဖြစ်ပါသည်။

"စိန်ကောင်း …မင်း ကားကို မောင်းပြီး အိမ်ကိုပို့ပေးထားကွာ"

"အိုကေ …သူငယ်ချင်း …"

ကျွန်တော် ဆိုလိုရဲ့ ကားဆီ နှစ်ဦးသား လျှောက်လာခဲ့မိပါသည်။ ကားနားရောက်တော့ ကုမ္ပဏီနားက အရှုးမ မိစန်းက ဆိုလိုကိုကြည့်ကာ လက်ညှိုးထိုးပြီး …





"နှစ်ခါ သုံးခါ မင်္ဂလာဆောင် စုန်းမကြီးက လူယောင်ဆောင် နှစ်ခါသုံးခါ မင်္ဂလာဆောင် စုန်းမကြီးက လူယောင်ဆောင်"

ဒီစာသားပဲ ထပ်ခါထပ်ခါ ဆိုကာ အရှုးမ မိစန်းက ဆိုလိုကို လှည့်ပတ်ကာ ကခုန်နေပါသည်။ အရှုးမရဲ့ စကားကြောင့် ဆိုလို မျက်နှာ သွေးဆုတ်သလို ဖြူဖွေးသွားပါသည် …။

"ဆိုလို ဆိုလို ဘာဖြစ်တာလဲဟင်"

"ဟင် …ဩော် …ဘာမှမဖြစ်ပါဘူး ရင်ငြိမ်း"

ရင်ငြိမ်းက စိုးရိမ်စိတ်နဲ့ ဆိုလိုကို ဂရုတစိုက်ကြည့်ကာ …

"ဆိုလို နေရောကောင်းရဲ့လား နေမကောင်းရင် နောက်နေ့မှပဲ ဘုရားသွားကြရအောင်လေ …အခု ပြန်နားမလား …"

ဆိုလိုက အဝေးကို အော်ကာဟစ်ကာ ထွက်သွားတဲ့ အရှုးမကိုကြည့်တော့ …

"အရှုးပဲကွာ အရှုးစကားပဲပြောမှာပေ့ါ"

"အရှုးစကား"

ရင်ငြိမ်းက သူမကို နှစ်သိမ့်ပေမယ့် ဆိုလို သူ့ရင်ထဲမှာ တိုးတိုးလေးပြောမိပါသည်။

"အရှုးစကားထူးခြားတယ် မထင်ဖူးလား မောင်ရင်" ရယ်လို့ ညည်းမိပါသည်။

"ဆိုလို နေကောင်းပါတယ် ရင်ငြိမ်းရဲ့ ဒီရက်ပိုင်းအတွင်း အိပ်



www.burmeseclassic.com

www.burmeseclassic.com



ရေးပျက်လို့ပါ ...ပြီးတော့ ဆိုလိုလည်း ဘုရားမဖူးရတာကြာပြီ — သွားရအောင် ရင်ငြိမ်းပဲ ကားမောင်းနော်"

ဆိုလိုက ရင်ငြိမ်းကို သူမ ကားသော့ပေးပါသည်။ ရင်ငြိမ်း ကားသော့ကိုလှမ်းယူကာ ကားတံခါးဖွင့်ဝင်ထိုင်ပါသည်။ ဘုရား ရောက်တော့ ကားကိုအပ်ခဲ့ပြီး ဓာတ်လှေကားနဲ့ မတက်ပဲ ...စောင်း တန်းအတိုင်း အတူတွဲကာ လမ်းလျှောက်တက်ခဲ့ပါသည်။ ဘုရား ပေါ်ရောက်တော့ ဘုရားကို အရင်ဦးချကာ တစ်ပတ်ပတ်သည် တစ်ပတ်ပတ်ပြီး ဓမ္မစေတီခေါင်းလောင်းကြီးနားမှာ နှစ်ယောက်အ တူထိုင်ရင်း ဘုရားဖူးတဲ့လူတွေကို ငေးကြည့်နေပါသည်။

"ဘုရားရိပ် တရားရိပ်မှာ ခိုလှုံရတာ အေးချမ်းတယ်ဆိုတာ မှန်တယ်နော် မောင်ရင်"

ဆိုလိုစကားကြောင့် ရင်ငြိမ်း ဒူးပေါ်မေးထောက်ကာ ငုံ့ကြည့် ရင်းပြုံးသည်။

"ဘာပြုံးတာလဲ"

"ဩော် ...ဒီက တကာမလေး ...လောကီကို စိတ်ကုန်သွားပြီ လားလို့ပါ ..."

ရင်ငြိမ်းစကားကြောင့် ဆိုလိုက ပြုံးပြီး စိန်ဖူးတော်ကို လက် အုပ်လေးချီ ရည်မှန်းဦးချကာ ...

"တစ်ခါ တလေကျတော့လည်း လူတွေဟာ စက်ရုပ်ဆန်





သွန်းတယ်လို့ဆိုလိုထင်မိတယ်ရင်ငြိမ်း ..."

"ဘာကိုလဲ ..."

"ဒီလိုလေ ...ကိုယ့်ရဲ့စိတ်ကို ကိုယ်မပိုင်ပြန်ဖူး ဖြစ်ချင်နေတဲ့ အလုပ်ကို ကိုယ်မလုပ်ရပဲ ...ပြဋ္ဌာန်းချက်တစ်ခုအနေနဲ့ ခိုင်းစေတဲ့အ လုပ်ကို လူက မလုပ်ချင်ပဲ လုပ်နေရတဲ့အခါ အဲဒီဘဝကြီးကို စိတ် ပျက်မိတယ် ရင်ငြိမ်းရယ် ..."

ဆိုလိုရဲ့ မျက်နှာက ထူးခြားသည် အိပ်မက်ဆန်သည်။ ဘုရား ရိပ်မို့ထင်ရဲ့ အေးချမ်းနေသည်။ ပြီးတော့ ဒဏ်ရာကြောင့် အနာရှိန် ဘက်ကာ ခံစားနေရသူလို ...

ကျွန်တော် သက်ပြင်းချရုံပေါ့ ... ဒီရက်ပိုင်းအတွင်း ကျွန်တော် ရဲ့ သက်ပြင်းတွေဟာ လေပွေအဖြစ် ဖန်တီးနိုင်ခဲ့ရင် ကျွန်တော် ကိုယ်တိုင် ကိုယ့်လေပွေမှာ ကိုယ်ပိတ်မိနေမှာ သေချာပါသည်။

ကျွန်တော် ရင်ပြင်တော်ပေါ် ငေးကြည့်နေမိသည်။ ဘုရားဖူး လာသူတွေက အတော်များပါသည်။

"ဟင်"

ကျွန်တော် ထပ်ပြီး စူးစိုက်ကြည့်မိပါသည်။ ဟုတ်ပါသည်။ ဟို တစ်ခါ ဘုရားမှာ ဆုံခဲ့တဲ့ ထူးဆန်းတဲ့ အဘိုးအို ...။

"ခဏနော်"

ကျွန်တော်ပြောအပြီး စိတ်မြန်ကိုယ်မြန်နဲ့ အဘိုးအိုအနီးကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားပါသည်။

"အဘိုး"

အဘိုးအိုက လှည့်ကြည့်ပြီး ...

"သြော် လူလေး ..."

ကျွန်တော် ရင်ပြင်တော်ပေါ်မှာပဲ ဦးချကန်တော့မိသည်။

"လူလေး ...အချိန်နှန်းနေပြီပဲ ..."

အဘိုး ဘာကိုဆိုလိုမှန်း ကျွန်တော်ချက်ချင်းသိသည်။

"ဟုတ်ကဲ့ အဘိုး"

ကျွန်တော် ဦးချကန်တော့ နေစဉ်မှာ ကျွန်တော့်အနားကို ဆိုလို ရောက်လာကာ ကျွန်တော့်ဘေးမှာ ရိုရိုသေသေ ဝင်ထိုင်ပါသည်။ အဘိုးက ဆိုလိုကို ဖြူစင်တဲ့ အပြုံးနဲ့ ပြုံးရင်း ....

"ကလေးမပါ ပါလာတာကိုး"

"ဟုတ်ပါတယ် အဘိုး"

အဘိုးက ခေါင်းတဆတ်ဆတ်ညိတ်ပြီး ...။

"မေတ္တာတရားသာ တုံ့ပြန်လူလေး ..."

ကျွန်တော် ခေါင်းညိတ်ပြမိပါသည်။ စိတ်တွေက ဘုရားဖူးပြီး ကြည်လင် အေးမြနေသည်။

"သမီး"

ဆိုလိုက ဘာမှမသိပေမယ့် အဘိုးကို ရိုသေလေးစားစွာမော့





ကြည့်ပြီး ...

"ပြောပါ အဘိုး"

"မေတ္တာတရားသာ အောင်နိုင်ခြင်းပဲ သမီး၊ ကဲ အဘိုးသွားဦး မယ် လူလေး ..."

အဘိုးက စကားဆုံးတော့ ထွက်သွားပါသည်။ ကျွန်တော်နဲ့ ဆိုလို အဘိုးကိုငေးကြည့်နေမိပါသည်။

"အဘိုးနဲ့ ရင်ပြင်မြမ်းက တော်တော်ရင်းနှီးတယ် ထင်တယ်နော်"

ကျွန်တော် ဆိုလိုကို တွဲကူထပေးရင်း ...

"ဒီတစ်နှစ်ထဲမှာ နှစ်ခါပဲ ဆုံဖူးတယ် ဆိုလို ..."

"အဟုတ်"

ဆိုလိုက အံ့သြဟန်ဖြင့်မေးပါသည်။

"ဟုတ်တယ် ဆိုလိုရဲ့ ဘုရားမှာပဲ ...အဘိုးနဲ့ကို ဆုံတာ နှစ်ခါပဲ ရှိတယ် ...ပထမတစ်ခါဆုံတဲ့နေ့မှာပဲ ...ညနေပိုင်း ဆိုလိုကားပျက်လို့ ဘုတာကို လိုက်ပို့တဲ့နေ့လေ ..."

"အဲဒီနေ့ကလား ..."

ဆိုလိုက တအံ့တသြမေးပါသည်။

"ဟုတ်တယ် ဆိုလို ...ကိုတော့ ထူးဆန်းတယ်ပဲပြောရမှာပေါ့ အခု နောက်တစ်ကြိမ်တွေ့တော့လည်း ...ဘုရားမှာ ဆိုလိုကိုယ် တိုင်ပါလာတာ ..."



www.burmeseclassic.com

www.burmeseclassic.com



"အဘိုးက ဘာတွေပြောလဲ ဆိုလို ..."

"အဘိုးက ...."

ကျွန်တော့် စကားကို ထိန်းချုပ်ထားမိပါသည်။

"အဘိုးက ကိုယ့်ကို စကားတစ်ခွန်းပြောတယ် ....မေတ္တာထားပါ ရန်သူလို့ထင်ရတဲ့ မိတ်ဆွေကိုတောင် မေတ္တာမပျက်စေနဲ့တဲ့"

ကျွန်တော် သူမကို မကြည့် အဝေးကို ငေးကြည့်နေပါသည်။ ဘုရားကပြန်တော့ ....

"အိမ်ကို တန်းပြန်မှာလား ...မောင်ရင်"

"ဟင့်အင်း ...ကို လေးညိမ်းတို့အိမ်ရှေ့မှာပဲ ချထားပေးခဲ့"

ကျွန်တော် အိမ်ပြန်ချင်စိတ် မရှိသေးပါ ပြီးတော့ တစ်ယောက်ထဲနေချင်သေးသည်။ ဒီအချိန် လေးညိမ်းပြန်ရောက်နိုင်မှန်းသိတာကြောင့် သူ့အတွက် ပိုကောင်းပါသည်။

လေးညိမ်းတို့ တိုက်ခန်းရှေ့ရောက်တော့ ...ကျွန်တော် ကားပေါ်က ဆင်းပြီး ဆိုလိုက်ကို လက်ပြနှုတ်ဆက်သည်။ ဆိုလိုက်ကို မြင်ကွင်းကနေ ပျောက်သွားမှ ကျွန်တော် တိုက်ခန်းသော့ကားအတိုင်း တက်ခဲ့ပါသည်။ သူ့ကို တိုက်ခန်းသော့အပို လေးညိမ်းပေးထားပါသည်။ တိုက်ခန်းတံခါးရှေ့ရောက်တော့ သော့မခတ်ထားတာ ကြောင့် လေးညိမ်းဒီနေ့ စောရောက်နေမှန်းသိရသည်။ တံခါးဝက အချက်ပေးခေါင်းလောင်းကို ခေါ်တော့ လေးညိမ်းက တံခါးဖွင့်ပေးရင်း ...။





"ဟော သားကြီး လား"

အခန်းထဲရောက်တော့ အဝတ်အစားအိတ်တွေ ပြင်ဆင်ထားပုံကြောင့် ...။

"လေးညိမ်းခရီးထွက်မလို့လား"

ကျွန်တော် မထင်မှတ်ပဲ လေးညိမ်းခရီးထွက်မယ်ဆိုတာ သိလိုက်ရတော့ စိတ်ညစ်သွားမိပါသည်။ လေးညိမ်းက ရှုံ့မဲ့သွားတဲ့ ကျွန်တော့်ပုံကြောင့် ပခုံးကို ပုတ်ကာ။

"ဟုတ်တယ် သားကြီး လေးညိမ်း အရေးပေါ် လုပ်စရာလေးပေါ်လာလို့ စိတ်ချပါကွာ ငါ့သား မင်္ဂလာပွဲ အမီအရောက်ပြန်လာမှာပါ"

"လေးညိမ်းကလဲဗျာ ...မသွားလို့ မဖြစ်ဖူးလား ...သားရဲ့ မင်္ဂလာပွဲက လေးညိမ်းရဲ့ မင်္ဂလာပွဲပဲလေ ..."

မင်္ဂလာပွဲမှာ သူ့ရဲ့ အရှုံးကို အားပေးဖော်အဖြစ် လေးညိမ်းရှိစေချင်သည်။ အဲဒီအချိန်မှာ သူ လေးညိမ်းကို လေးညိမ်းရဲ့ သမီးဟာ ဒီလိုလို့ ပြောပြကာ ဆုံတွေ့ပေးစေချင်သည်။

လေးညိမ်းက ကျွန်တော့်ခေါင်းကို ပွတ်ကာ နှစ်သိမ့်တဲ့အပြုံးနဲ့ ဆိုပါသည်။

"လေးညိမ်းကတိပေးပါတယ်။ လေးညိမ်း ပြန်လာမှာပါလို့ ကဲ ပြောပါဦး လာရင်း ကိစ္စ ..."

"သား စိတ်ညစ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ညစ်လို့"

ကျွန်ုပ်တော့်စကားကြောင့် လေးညိမ်းက စူးစိုက်ကြည့်သည်။ ပြီးတော့ လေးလေးနက်နက် စကားကိုဆိုသည်။

"လေးညိမ်း သား စိတ်တွေပျော်ပါးသွားအောင် ဘာလုပ်ပေးရမလဲ ..."

ကျွန်တော် ဘာပြောရမှန်းမသိတာကြောင့် ရုတ်တရက် လွှတ်ခနဲ ပြောမိသည်။

"သားကို သီချင်းဆိုပြ ..."

"ဘာသီချင်းနားထောင်မလဲ ...လေးလေးဆိုပြမယ်"

လေးလေးက စန္ဒရား အဖုံးကိုဖွင့်ပြီး ထိုင်မယ်လုပ်စဥ်မှာ ...။

"မုန့်တိုင်းနှင်းဆီ"

လေးညိမ်း ငြိမ်သက်သွားပါသည်။ နောက်တော့ လေးညိမ်း စန္ဒရားခလုတ်တွေကို ခပ်ကြမ်းကြမ်းဆော့ကစားကာ သီချင်းရဲ့ အဖွင့်တီးလုံးကို စတီးပါတော့သည်။

ကျွန်တော် သက်သောင့်သက်သာ ဆက်တီကုလားထိုင်တစ်ခုမှာ လျော့ရဲရဲထိုင်ပြီး မျက်ဝန်းတွေကို မှိတ်သည်။

မုန့်တိုင်းနှင်းဆီသည် အသက်ဝင်လှုပ်ရှားအားကောင်းဆဲ ...

ရွှေသမင်စာပေ



ကစဉ့်ကလျားနဲ့
ဖြစ်ပျက်သွားတာလား ကံကြမ္မာ
ရင်ခွင့်မှာ သေချာပေမယ့်...
ဇဝေဇဝါဖြစ်မိမှာ မဟုတ်ဘူးနော်...
အရှုံးလို့လည်း မတွေး...
စတေးခံခြင်းယလို့လည်း ထင်မထားတဲ့ကြားမှာ...
လှပသေသပ်တဲ့ခြားနားခြင်းရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



"သာ မင်းအန်ကယ် ဂွန် ရောက်နေတယ်"

ကုမ္ပဏီကို ဖေဖေဖုန်းဆက်တော့ ...

"ဟုတ်လား ...ဖေဖေ ...ဖေဖေမနက်ဖြန် မင်္ဂလာပွဲအမီ ဖုန်းဆက်လိုက်ပါလား ..."

"အေး ဟုတ်တယ်သား ...နောက်ပြီး မင်း ကိုကိုဆီ မင်းဖုန်းဆက်လိုက်ဦး ပြီးရင် သား (...) အဲဒီ စားသောက်ဆိုင်ကိုသိလား..။"

ကျွန်တော် အဲဒီဆိုင်ကို သိပါသည်။ ဗိုလ်ချုပ်ပန်းခြံနားက ဆိုင်ပါ။

"ဟုတ်ကဲ့ ဖေဖေ ..."

"အဲဒါဆို ကုမ္ပဏီက ဆင်းရင်လာခဲ့ ဖေဖေနဲ့ ဂွန် အဲဒီဆိုင်က စောင့်နေမယ် ..."

"ဟုတ်ကဲ့ ဖေဖေ ကုမ္ပဏီ ဆင်းရင် သားလာခဲ့မယ်"

ဖေဖေ ဖုန်းဆက်ပြီးတော့ မန်နေဂျာကိုမန်းအေးက လက်မှတ်ထိုးဖို့ ဖိုင်ကို ပေးရင် ...





"ကျွန်တော်တို့ မနက်ဖြန် ဘယ်အချိန်လာရမှာလဲ ကိုမိုး ..."

ကျွန်တော် လက်မှတ်တွေ အားလုံးကို ထိုးနေရင်း ...

"ကိုမန်း ကုမ္ပဏီက ဝန်ထမ်းတွေကို အစီအစဉ်ဖွဲ့ပြီး လှုပ်ရှားခိုင်းထားတယ် မဟုတ်လား"

"ဟုတ်ကဲ့ ကိုမိုး"

"ဒါဆိုရင် တချို့ကို ဟိုတယ်ကို ခပ်စောစောသွားခိုင်းလိုက် မပါဘဲ ခန်းမကျော်တို့ကိုတော့ ပန်းအလှပြင်ဆင်တာဖွဲ့ဆီ လွှတ်လိုက်မယ်ကိုမိုး ..."

"ကိုမန်း ကို ကျွန်တော် ဖူးလ်ပါဝါ လွှဲပြီးပြီလေ ကြိုက်သလို စီစဉ်လေ ..."

"ဟုတ်ကဲ့ ကိုမိုး ..."

ကိုမန်းအေး ပြန်ထွက်သွားတော့ ကျွန်တော့်မှာ လုပ်သင့်လုပ်ထိုက်တာတွေ ကျန်နေပါသေးသည်။ ပထမတာ်ခုက ကိုကို့ဆီ ဖုန်းဆက်ဖို့ပါ ...

"ဟယ်လို ကိုကိုလား ညီဖုန်းဆက်တာပါ"

"ဘယ်လိုလဲ ညီ ဒီအချိန် မင်းပျော်နေလား ကြေကွဲနေလား"

"နှစ်ခုလုံးပဲ ကိုကို ..."

ကျွန်တော့် စကားကြောင့် ကိုကိုက ကျွန်တော် စိတ်ပေါ့ပါးလွှတ်လပ်သွားအောင်ရယ်သည်။

"ဘာကြောင့်လဲ ညီ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်လဲဆိုတော့ ကြေကွဲနေရတာ ...သူနဲ့ ဝေးရမှာတွေးမိလို့ပဲ ကိုကို ..."

"ပျော်နေရတဲ့ အကြောင်းကရော"

"သူ့ဆန္ဒကို ဖြည့်ဆည်းပေးရတဲ့အတွက် ကိုကို ..."

"မင်း စိတ်မာတက်ကို ရှု့ချရမလား ...အပြစ်တင်ရမလား ..ခပ်စပ်စပ်ပဲညီညီ မနက်ဖြန်အတွက် ပြင်ဆင်ပြီးပြီလား ..."

ကိုကိုမေးခွန်းက အဓိပ္ပာယ်နှစ်မျိုး ...

"ပြင်ဆင်ပြီးပါပြီ မနက်ဖြန်ဆို ကျွန်တော်ရဲ့ ခံနိုင်ရည်အတွက် စမ်းသပ်ရမယ့်ပွဲပဲ ကိုကို ဒါပေမယ့် လူတွေရဲ့ သေနတ်ပြောင်းဝလိုမျက်လုံးတွေနဲ့ ကျွန်တော့်ကို ကြည့်ကြမယ့် မျက်လုံးတွေကို ရင်ဆိုင်ဖို့ ကျွန်တော့် မျက်လုံး ကျွန်တော့် ရင်ဘတ်ကို သံမဏိနဲ့ မကာရံထားဖူးလေ ..."

"ဒါဆို ဘာနဲ့ ကာရံထားလဲ ညီ ..." "မေတ္တာ တရားနဲ့ ကိုကို ..."

ကိုကိုဆီက စကားသံပျက်မလာတော့ ....

"ကိုကို ညီ ကို ဘာပြောချင်သေးလဲ"

"ဘာမှပြောစရာ မရှိတော့ပါဘူး ..Good Luck လို့ပဲ ကိုကို ပြောတော့မယ် ...ညီ"

"ကိုကို အခုကယ်ဂျွန်ရောက်နေပြီ သိလား" "သိတယ် ညီ ..."

"ကိုကိုသိတယ် ..."





ယ်ဒီ ကိုကိုဆီကို ရန်ကုန်ရောက်ရောက်ချင်း ဖုန်းဆက်တယ်ကွ"

"ဟြော် ..."

"ကဲ ...ညီ ကိုကို ဖုန်းချလိုက်တော့မယ်နော် ..."

"ဟုတ်ကဲ့ ကိုကို"

ကိုကိုဆီက ဖုန်းခေါ်ပြီးတော့ ကျွန်တော် ကိုဓမ္မအေးကိုမှာရောက်ရှိတာမှာခဲ့ပါသည်။ ပြီးတော့ ကျွန်တော် စားပွဲအံဆွဲထဲက သပ်သပ်ရပ်ရပ်ပါကင်ထုပ်ထားတဲ့ ဘူးလေးကို ထုတ်ယူလိုက်ပါသည်။ ဒါဘာ သူ့ရဲ့ နောက်ဆုံးလက်ဆောင်တစ်ခုပါ ကားပေါ်မတက်ခင် ကျွန်တော် ဆိုလိုဆီ ဖုန်းဆက်မိပါသည်။

"ဟယ်လို ဆိုလိုလား ...ကိုပြောမယ် ...နောက်တစ်နာရီကျော်ကျော်လောက်ဆို တစ်ခုခုစားဖို့ ဆိုလို စောင့်နေနော် ..."

ဆိုလိုဆီ ကျွန်တော် ဖုန်းဆက်ပြီး ကျွန်တော့် ကားကို ဆိုလို တို့မြို့ဆီ ဦးတည်ခဲ့ပါသည်။ ဒီအချိန်ဆို ဒေါ်လေးဝေ ဟိုမှာ ကျွန်တော် သိသည်။ ကျွန်တော် ခြံဝရောက်တော့ အဘဘိုင်းက ခြံတံခါးဖွင့်ပေးပြီး ...။

"ဟော လူလေးပါလား သမီးလေး မရှိဘူးကွဲ့ ဒီအချိန်ဆိုင်မှာပဲ ရှိမယ်ထင်တယ်"

"ကျွန်တော် ဒေါ်လေး ဝေ ဆီလာတာ။ အဘဘိုင်း ဒေါ်လေးရှိသား အဘ ..."

"ရှိတယ် ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



အဘဲမိုင်း တံခါးဖွင့်တော့ သူကားကို ခြံထဲမောင်းဝင်လာခဲ့ပါသည် ...ကျွန်တော် ကားပေါ်ကဆင်းတော့ ဒေါ်လေးက ...။

"ဟော ရင်ငြိမ်း သား မိမုန်း မရှိဘူးလေ ...ဆိုင်မှာပဲ ထင်တယ်" ဒေါ်လေး စကားကြောင့်ကျွန်တော် ....

"ကျွန်တော် ဒေါ်လေးဝေဆီ လာတာပါ ...."

"ဒေါ်လေးဆီ ..."

ကျွန်တော် ခေါင်းညိတ်ပြတော့ ဒေါ်လေးက တအံ့တသြ ကြည့်နေပါသည်။ ပြီးတော့ ဒေါ်လေး မျက်နှာမကောင်းမှန်း ကျွန်တော် သတိထားမိသည်။

"လာ ...ဒ ဒ:"

ဒေါ်လေးက ဦးဆောင်ပြီး ဧည့်ခန်းဆီ ခေါ်ဆောင်သွားပါ သည်။ ဧည့်ခန်းမှာ မျက်နှာချင်းဆိုင်ထိုင်မိတော့ ...။

"သား ...ဘာသောက်မလဲ အပူလား အအေးလား ..."

"မသောက်တော့ဘူး ...ဒေါ်လေး ..."

ကျွန်တော် လက်ထဲက ပါကင်သုပ်ထားတဲ့ ဘူးကို ဒေါ်လေးကို လှမ်းပေးတော့ ဒေါ်လေးက မသိမသာ မျက်မှောင်ကြုတ်ပါသည်။

"ဒီ အထုပ်က ..."

"ကျွန်တော့်ကို ကတိတစ်ခုပေးပါ ဒေါ်လေး ..."

"ဘာများလဲသား ဒေါ်လေး ကူညီနိုင်ရင် ကူညီပါ့မယ် ..."





ဒေါ်လေးဝေ မနက်ဖြန် ရင်ငြိမ်းရဲ့ ကံကြမ္မာကို နားလည်မိတာကြောင့် စိတ်မကောင်းဖြစ်မိသည်။

"ဒီပစ္စည်းလေးကို မနက်ဖြန် မင်္ဂလာပွဲနီးမှ ...ဆိုလိုက်ပေး ပေးပါ ဒေါ်လေး ဒီပစ္စည်း ကျွန်တော်လာပေးမှန်း ဒီနေ့ တစ်နေ့လုံး သူမသိစေချင်ဘူးလေ အဲဒီတောင်းဆိုမှုတစ်ခုတော့ ဒေါ်လေး ကျွန်တော့်ကို ကူညီပေးပါနော်"

ရင်ငြိမ်းရဲ့ အသနားခံ တောင်းဆိုတဲ့ မျက်ဝန်းတွေကြည့်ပြီး ဒေါ်လေး မျက်ရည်ဝဲမိချင်သည်။

"စိတ်ချပါသား ဒေါ်လေး ကူညီပါ့မယ် ..."

"ကျေးဇူးပါပဲ ...ဒေါ်လေးရဲ့ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး ဆိုလိုဆီ ဝင်စရာရှိလို့ ..."

ဒေါ်လေးဝေ ဧည့်ခန်းဝမှာ ငိုင်တွေတွေနဲ့ ဘူးလေးကို ကြည့်ကာ ကျန်နေခဲ့ပါသည်။ ပြီးတော့ မနက်ဖြန် ကျရောက်မယ့် ဒီက လေးနှစ်ယောက်ပေါ် ကျရောက်မယ့် ဝမ်းနည်းစရာတွေ တွေးမိ ကာ မျက်ရည်ကျမိပါသည်။

ဘယ်သူမှာ အပြစ်ရှိလဲ ဒေါ်လေးဝေ မတွေးချင်တော့ပါ ကံကို အပြစ်ပုံချရအောင်လဲ ဒီကလေးနှစ်ယောက်က ကံကို ဘာများသုပ်မိခဲ့လို့လဲ ...။



www.burmeseclassic.com

www.burmeseclassic.com



"ပေဟာ သတို့သား ဖောင်းကြီးလာပါပြီ"

ဝင့်နီက ကျွန်တော်ဝင်လာတော့ နောက်ရှက်ရှက်ပြောပါ သည်။ ကျွန်တော် ဝင့်နီရဲ့ စကားကြောင့် စကားတစ်ခွန်းပြောမိပါ သည်။

"ဝင့်နီရယ် ဝင့်နီပြောတဲ့ သတို့သားဖောင်းဆိုတဲ့ စကားမှာ ဖောင်းဆိုတာက နိမိတ်မကောင်းပါဘူး"

ကျွန်တော် မျက်နှာမပျက်အောင် ပြောမိပါသည်။ ကျွန်တော့် စကားကြောင့် ကျွန်တော် မျက်နှာမပျက်ပေမယ့် ဝင့်နီက အိုးတိုးအမ်း တမ်း ဖြစ်သွားသလို ဆိုလိုက ခေါင်းကို ငုံ့သွားပါသည်။ အခြေအနေ ကို ဝင့်နီက အမြန်ဝင်ထိန်းပါသည်။

"ဪ နောက်တာပေတာပါ ရင်ငြိမ်းရယ် ဖြစ်နေလိုက်တာ"

"သွားတော့မလား မောင်ရင်"

"ဟုတ်တယ် ဆိုလို ...သွားဦးမယ် ဝင့်နီ အိပ်မရေးပအောင် အိပ်ထားနော် မနက်ဖြန် မင်္ဂလာပွဲမှာ ပြန်တွေ့ကြတာပေါ့ ..."





ကျွန်တော် ဝင့်နီကို နှုတ်ဆက်ခြင်းက အပြီးအပိုင် နှုတ်ဆက် ခြင်းပါ ... ကျွန်တော်နဲ့ဆိုလို့ အေးချမ်းတိတ်ဆိတ်တဲ့ ဆိုင်လေးတစ် ဆိုင်ကို ရွေးချယ်ခဲ့ပါသည်။ ဒီတစ်နေ့ဟာ သူမနဲ့ ကျွန်တော်အတွက် နောက်ဆုံးခွဲခွာခြင်း ညနေခင်း တစ်ခုဆိုတာ ကျွန်တော်သိသလို သူမလည်း သိနေသည်။ မသိခြင်းတစ်ခုက သူမ ကျွန်တော် သိနေ တာကို မရိပ်မိခြင်းပါပဲ ...

အစားအသောက်တွေ လာချပေးချိန်အထိ ကျွန်တော်နဲ့ဆိုလို တစ်ဦးကို တစ်ဦး စကားမဆိုမိကြပါ။

ကျွန်တော် အစားအသောက်ကို တိတ်တိတ်လေး စားနေမိပါ သည်။ အဲဒီလိုစားနေရင်း တစ်ဦးတစ်ယောက်က ကျွန်တော့်ကို ငေး ကြည့်နေသလို ခံစားရတာကြောင့် ကျွန်တော် မော့ကြည့်တော့ ဆို လို မျက်ရည်တွေနဲ့ ကျွန်တော့်ကို ငေးကြည့်နေတာကို တွေ့ရပါ သည်။

"ဘာလို့ ငိုနေရတာလဲ ဆိုလို"

သူမ ခေါင်းကိုငုံ့ကာ မျက်ရည်ကို သုတ်ရင်း ခေါင်းခါပြမိပြီး ...။

"ဘာမှ မဟုတ်ပါဘူး မနက်ဖြန်မင်္ဂလာပွဲမှာ မေမေမေမေတို့ မရှိတော့ အားငယ်လို့ပါ ...။"

ကျွန်တော် ဆိုလို လိမ်ညာမှန်း သိပေမယ့် ...

"ဘာ အားငယ်စရာရှိလို့လဲ ဆိုလိုရယ် ဒါ တစ်နေ့ဖြစ်ရမယ့် ကိစ္စပဲ ဆိုလိုဖြစ်ဖြစ် ကိုယ်ဖြစ်ဖြစ် ခွဲခွာခြင်းဆိုတာကို လွန်ဆန်လို့မ



www.burmeseclassic.com

www.burmeseclassic.com



မရတာ ...”

“မဟုတ်ဘူး”

ဆိုလို ခေါင်းငုံ့ကာ နာကျင်တဲ့အသံနဲ့ ငြင်းဆန်သည်။ ဆိုလို ကျွန်တော့်ကို ဘယ်လောက်ချစ်မှန်းကျွန်တော်သိသည်။ သူမ မနက်ဖြန်ခွဲခွာရခြင်းအတွက် မရင်ဆိုင်ရဲနိုင်တာလည်း ကျွန်တော်သိ သည်။ သူမရဲ့ ရွေးချယ်မှုအတွက် ကျွန်တော် အဆင်သင့်ဖြစ်နေပေ မယ့် ဆိုလို အဆင်သင့်မရှိဟန်တူသည်။

“ရင်ငြိမ်း”

မျက်ရည်တွေနဲ့ ကြည့်နေတဲ့ ချစ်သူကို အားပေးစကားပြောဖို့ ကျွန်တော် ဒီလိုအချိန်မှာ ရွေးစရာ စကားလုံးမရှိခဲ့ ...။

“ရင်ငြိမ်းကို တို့ဘဝမှာ တစ်သက်မှာတစ်ခါသာ ဖြစ်ခွင့်ရှိတဲ့ အချစ်နဲ့ ချစ်မိခဲ့တယ်ဆိုတာ ယုံကြည်ပေးပါနော်”

“ယုံပါတယ် ဆိုလို”

“ဘာအကြောင်းကြောင့် ဖြစ်ဖြစ် မယုံမကြည် မဖြစ်ပါနဲ့နော်”

“စိတ်ချပါ ဆိုလို”

“ကဲ ..ကိုယ်တို့ ပြန်ကြရအောင် ဆိုလိုကို ရင်ငြိမ်းဆိုင်လိုက်ပို့ပေးမယ် ...”

သူမ ခေါင်းညိတ်ပြပါသည်။

ကျွန်တော် ကားပေါ်မတက်ခင် ...။





“ရင်ငြိမ်း”

ကျွန်တော် ကားတံခါးဖွင့်လျှက်သား ...သူမက ကျွန်တော် နဖူးပြင်ကို ခပ်ဖွဖွနမ်းရှိုက်သည်။ မျက်ရည်အထိအတွေ့ကို ကျွန်တော်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"သား အရက်သောက်မလား"

ဖေဖေ တစ်ခါမှ ဒီလို စကားကို မပြောဖူးပါ။ အန်ကယ်ရွှန်က ဖေဖေ့ကို ကြည့်သည်။

"ကျွန်တော် မသောက်ချင်ဘူး ဖေဖေ"

ဖေဖေခေါင်းညိတ်သည်။

"ဖင်း လေးညီမ်း ပြန်ရောက်ပြီလား"

"မရောက်သေးဘူး ...ဖေဖေ"

ကျွန်တော့် ဖြေသံကြောင့် အန်ကယ်ရွှန်က အားလုံးကို ရည်ရွယ်ပြီး စကားကိုဆိုသည်။

"ဒီအချိန် ဒီကောင်ပါ ရှိသင့်တယ် မင်းကြီး"

ဖေဖေက ခေါင်းညိတ်ထောက်ခံဟန်ပြသည်။

"ဖေဖေတို့ ပြဿနာတွေက သားတွေဆီ လာရိုက်ခတ်တဲ့ ကိစ္စ





ဖေဖေရော မင်းအန်ကယ်ရွှန်ပါ တောင်းပန်ချင်လို့ မင်းကိုခေါ်လိုက်တာ သား ..."

"သား သိပြီးပါပြီ ဖေဖေ"

"ဘယ်လို ..."

ကျွန်တော့် စကားကြောင့် ဖေဖေရော အန်ကယ်ရွှန်ပါ အံ့ဩသွားရပါသည်။

"ကိုကို သားကို ပြောပြဖူးတယ် ဟို ဖေဖေနဲ့ ...အန်ကယ်ရွှန်တို့ ...ဟို ...ကန်တော့ မနှင်းဆီ ...."

"မဟုတ်သေးဘူးသား ..."

"ဗျာ ..."

"ဖေဖေတို့ မမှားခဲ့ဖူး ..."

ကျွန်တော် အံ့အားသင့်ရပါသည်။ အန်ကယ်ရွှန်ကလည်း ခေါင်းတညိတ်ညိတ် ...

"ဟယ်ရီ သိတာသမျှကို သားကို ပြောပြမှာပေါ့ ...အဲဒါတွေက အမှားတွေ အန်ကယ်လည်း ရှက်လည်းရှက်တာနဲ့ ဟယ်ရီကို ထပ်ရှင်းမပြခဲ့တော့ပဲ အပေါ်ယံသာ ပြောခဲ့တာ ဘာလို့လဲဆိုတော့ မန္တလေးတစ်မြို့လုံးက အန်ကယ်တို့ကို တစ်မျိုးထင်နေလို့ပဲ"

"ဒါဆို သားက သိသိကြီးနဲ့ တမင်မင်္ဂလာပွဲကို ဖျက်ဖို့လိုက်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လေးပင်စွာ ခေါင်းညိတ်ပြပါသည်။

"ဒီအကြောင်းတွေကို သမီး သိလား ..."

"ဟင့်အင်း ..."

ဖေဖေက သက်ပြင်းရှိုက်သည်။ ပြီးတော့ စိတ်မကောင်းဟန်နဲ့ ကျွန်တော့်ကို ကြည့်ကာ ...။

"ဖေဖေ စိတ်မကောင်းပါဘူးသား ...ဖေဖေနဲ့ အန်ကယ်ဂျွန် သားရဲ့ကောင်မလေးကို အဖြစ်မှန်အားလုံးကို ရှင်းပြမယ်ဆိုရင်ရော"

ကျွန်တော် ခေါင်းခါပြမိပါသည်။

"မဖြစ်ဘူး ဖေဖေ ဆိုလိုရဲ့ စိတ်ကို သားသိတယ် ...ဒေါ်နှင်းဆီက ဆိုလိုငယ်ငယ်ကလေးတည်းက ဒီအကြောင်းတွေကို အိပ်ရာဝင်ပုံပြင်လို ရိုက်သွင်းလာတာ ဖေဖေ ...ဆိုလိုက မှိုင်းအမိခံရတဲ့ ကောင်မလေး ကျွန်တော် ရှင်းပြလည်း မတိုးတော့ဘူး ဖေဖေ သူ့စိတ်ချမ်းသာအောင် ကျွန်တော် ဒီမင်္ဂလာပွဲကို စီစဉ်လိုက်ရတာ ဖေဖေ"

ဖေဖေ ကျွန်တော့်ကို ကြည့်ကာ မျက်ရည်ဝဲသည်။

"စိတ်မကောင်းမဖြစ်ပါနဲ့ ဖေဖေရယ် အဲဒီက ဆိုလိုနဲ့ သူ့အဖေလေး ညိမ်းတို့ ပြန်တွေ့ဖို့ ကိစ္စက ပိုအရေးကြီးတယ်လေ ..."

"သားရဲ့ စိတ်ဓာတ်ကိုတော့ အန်ကယ်ဂျွန်လေးစားသွားပြီ ...မနက်ဖြန် သားရဲ့ ဘေးမှာ အန်ကယ်ဂျွန်တို့လည်းရှိမှာပါ။ အတူတူမျှဝေခံစားကြတာပေါ့ကွာ ..."





အန်ကယ်ဂျွန်က အားပေးပါသည်။

"ဒီကောင်ကွာ အရေးထဲ ခရီးသွားရတယ်လို့ ..."

ဖေဖေကျွန်တော်နဲ့ အန်ကယ်ဂျွန် စကားတွေ ပြောကြပေမယ့် အသက်မဝင်ပဲ စကားတွေ ပြောနေကြသလို ရှိနေတာ လူသုံးယောက်လုံးသိသည်။

ဘာများတတ်နိုင်မှာလဲ ...။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ နဲ့ အန်ကယ်ဂျွန်က သတို့သားဝတ်စုံကို
ဆင်မြန်းပေး သည်။ ဖေဖေက သူ့ဆီလျှောက်လာကာ ...။

"သမီးက ဘာလို့ အိမ်မှာမ ပြင်ပဲ ဟိုတယ်ကို သီးသန့်လာ
တာလဲသား'

မေမေက ဘာမှ မသိပဲ မေးလိုက်တဲ့ စကားကြောင့် ကျွ
တော်ခေါင်းငုံ့မိပါသည်။ အန်ကယ်ဂျွန်က ချောင်းတစ်ချက် ဟန်ပြ
သတ်ပေးကာ ...။

"ဩော် မိုးမိုးရယ် ...အခုခေတ် ဖက်ရှင်က ဒီလိုပဲ ကလေးတွေ
သူတို့ကျေနပ်သလို လုပ်ကြပါစေဟာ ..."

"မကြားဖူးပေါင်တော် ...အဲလို ဖက်ရှင်မျိုး ထင်ပါ ..."

"ကျွန်တော် ဟိုတယ်ခန်းမမှာ ဧည့်သည်တစ်ယောက်မှ မရှိ
အရင်ရောက်ချင်တယ် ဖေဖေ"





ဖေဖေက အန်ကယ်ဂျွန်ကို ကြည့်တော့ အန်ကယ်ဂျွန်က ခေါင်းညိတ်ပြပါသည်။ ဖေဖေက မေမေကို လှမ်းပြောပါသည်။

"မိုး ...ဂျွန်နဲ့ ငါရယ် သားရယ် အရင်သွားနှင့်မယ် ...မင်း စင်သီယာနဲ့ ဧည့်ခံပွဲ ကျင်းပဖို့ နာရီဝက်အလို မှန်းပြီးလာခဲ့ ..."

"ဘာဖြစ်လို့လဲ ...အတူသွားမယ်လေ ..."

အန်တီ စင်သီယာဆိုတာ အန်ကယ် ဂျွန့်ဇနီး ...

"ငါ ပြောသလို လုပ်စမ်းပါ မိန်းမရယ် ကိစ္စတစ်ခုရှိလို့ မောင်စိန့် ကောင်း မင်းတို့ကို လာကြိုလိမ့်မယ်"

"ကဲ ကဲ သဘော အဲဒါသာ ကြည့်တော့ စင်သီယာရေ ...ယောကျာ်းတွေများ အသက်ကြီးလာလေလေ အိမ်က မိန်းမနဲ့ အတူသွားရမှာ ရှက်လာလေလေပဲ"

ဒေါ်မိုးမိုးမြင့် စကားကြောင့် အန်တီ စင်သီယာက ရယ်သည်။

"ကဲ ...သွားကြရအောင် သား"

အန်ကယ်ဂျွန်က ကားကိုမောင်းသည်။ ဖေဖေနဲ့ ကျွန်တော်က နောက်ခန်းမှာ ထိုင်ပါသည်။

ဟိုတယ်ရောက်တော့ မြင့်မြေးနဲ့ အခမ်းအနားအလှဆင်သူ တချို့နဲ့ ဝိုင်းဝန်းကူညီပေးကြသော ကုမ္ပဏီဝန်ထမ်းအနည်းငယ် သာရှိသည်။

အလှဆင်ထားတဲ့ သတို့ သားသတို့သမီးနာမည်တွေကို ...



www.burmeseclassic.com

www.burmeseclassic.com



ပါ လိုက်ကာစမှာ ပင်အပ်နဲ့ ထိုးနေချိန်ဟာ ကျွန်တော့် နှလုံးသားကို ပင်အပ်နဲ့ ထိုးလိုက်သလို စစ်ခနဲ နာကျင်စေပါသည်။

ကျုံရှုံ့ရှုံ့နိမ့်ဖို့ ကျင်းပတဲ့ မင်္ဂလာသဘင်ပွဲမှာ ဓာတ်လိုက်ကျော်ကြီးက ရောက်နှင့်နေတာ ဘယ်သူသိမလဲ ဖေဖေနဲ့ အန်ကယ် ဖွန်က ဧည့်ခံတဲ့ စားပွဲဝိုင်းတစ်ဝိုင်းမှာ အတွေးကိုယ်စီနဲ့ ထိုင်နေပါသည်။

ကျွန်တော် သတို့သား သတို့သမီး အတူယှဉ်တွဲထိုင်တဲ့ မင်္ဂလာစင်မြင့်ထက်က ကတ္တီပါ ဖုံးခင်းထားတဲ့ ဆိုဖာပေါ်မှာ ထိုင်မိ သည်။ နံဘေးက နေရာလွတ်ကို ကြည့်မိရင်း စိတ်ကူးထဲမှာ ဆိုလို သတို့သမီးဝတ်စုံနဲ့ ရောက်ရှိလာသလို စိတ်ကူးယဉ်မိသည်။

စိတ်ကူးဆိုတာ အငွေ့ပျံပျောက်ကွယ်တဲ့ အရာပါပဲချစ်သူရယ်...။

"သူငယ်ချင်း"

ခေါ်သံကြောင့် လှည့်ကြည့်တော့ စိတ်မကောင်းဟန်နဲ့ ကျွန်တော့်ကို ကြည့်နေတဲ့ မြင့်ဌေး ....။

"သိပ်မကြာခင် လူတွေရောက်လာတော့မယ် ...မင်းရှောင်နေပါလား"

ကျွန်တော် မြင့်ဌေးကို ပြုံး၍ ခေါင်းခါပြမိသည်။





**သိပ်**မကြာခင် အချိန်ဆို သူမရဲ့ မင်္ဂလာအခန်းအနားက စတင် ပါတော့မယ်၊ အဒီ မင်္ဂလာပွဲ မတင်ကျင်းပမယ့် အချိန်မှာ သတို့သမီးရောက်မလာတော့မယ့် မင်္ဂလာပွဲအဖြစ် သိခဲ့ကြားခဲ့ရပြီး မင်္ဂလာပွဲဖျက်သိမ်းကြောင်း ကြေညာခြင်းနှင့်အတူ ကျွန်မ သိပ်ချစ်တဲ့ ချစ်သူ သွေးပျက်ကြေကွဲခြင်း ခံစားထိခိုက်မှာ သေချာပါသည်။ သူမ တစ်ညလုံးငိုထားမှုကြောင့် မျက်လုံးတွေမို့နေပါပြီ ဒီအခန်းမှောင်ပိတ်ထဲမှာ သူမ ညကတည်းက ထိုင်နေမိခဲ့သည်။ ခေါ်လေးဟာ ထမင်းလာပို့ပေမယ့် သူမ မစားဖြစ်ခဲ့။ ကျွန်မ အားယူကာ မတ်တတ်ထရပ်လိုက်ပြီး လိုက်ကာတွေကို ဆွဲဖွင့်လိုက်ပါသည်။ နောက်ပြီး လေးလံတဲ့ ခြေလှမ်းတွေနှင့်အတူ နံရံယောင်က ဗီရိုကြီးဆီ လျှောက်ကာ သွားမိသည်။

ဗီရိုကို ဖွင့်လိုက်တဲ့အခါ သူမရဲ့ ရှေ့မှာ ပလတ်စတစ်နဲ့ အုပ်ထားတဲ့ သတို့သမီး ဝတ်စုံတစ်စုံ လွန်ခဲ့တဲ့ နှစ်တွေက ပထမဦးဆုံး



www.burmeseclassic.com

www.burmeseclassic.com



သတို့သားတစ်ယောက်အတွက် ရည်စူးပြီး ရွေးချယ်ထားတဲ့ ဝတ်စုံ ဝတ်စုံမှာ နှစ်နဲ့ သတို့သားအမည်ကို ကပ်ထားပါသည်။ သူမ စိတ္တဇ ကပ်ညှိနေသလို ထိုဝတ်စုံကို လှမ်းယူလိုက်ပြီး ကြမ်းပြင်ပေါ် လွှင့်ပစ်မိသည်။ နောက်ထပ် ဗီရိုတံခါးကို ဖွင့်တော့ ဒုတိယ သတို့ သမီးဝတ်စုံ ခုနှစ်နဲ့ လူနာမည်က ကပ်ပြားမှာ ကွဲပြားသွားခဲ့သည်။ နောက်ဆုံး ဗီရိုတံခါးရှေ့မှာ သူမ ရပ်နေမိသည်။ ဗီရိုတံခါးလက် ကိုင်ကို လှမ်းကိုင်မိချိန်မှာ သူမရင်တွေ ရှူးတက်သွားပါသည်။ ရင် ဘတ်ကို ဖိကာ တံခါးကို ဆွဲဖွင့်သည်။ မျက်ရည်တွေကြားက မှုန်ဝါးဝါးနဲ့ မြင်ရတဲ့ သတို့သမီးဝတ်စုံတစ်ခု ခုနှစ်ရေးမထား နာမည် ထိုးမထား။ သူမ မက် မောမြတ်နိုးမှုနဲ့ တယုတယ ဝတ်စုံကို လှမ်းယူကာ ရင်ခွင်ထဲ အသာ ဆွဲယူပွေ့ဖက်ပြီး ဒူးထောက်ထိုင်ချကာ ရှိုက်ကြီး တငင်ငိုမိပါသည်။

"သမီးလေး ..."

ဒေါ်လေး အသံမှန်းသိသည်။

"ဆိုလို ..."

ဒေါ်လေးနဲ့ ဝင့်နီက သူမဘေးမှာ တစ်ဖက်တစ်ချက်အတူ ဝင် ထိုင်ကာ သူမကို ထိမ်းပေးထားပါသည်။

"မနေ့က မောင်ရင်ငြိမ်း ဒေါ်လေးဆီ ရောက်လာတယ် သမီး"

သူမ အံ့သြသွားပါသည်။ ဒေါ်လေးနဲ့ ဝင့်နီတို့လည်း အဖြစ်အ ပျက်တွေအတွက် မျက်ရည်အဝဲသား ...





"မင်္ဂလာပွဲနီးချိန်ရောက်ရင် ဒီဘူးလေးကို သမီးကို ပေးပေးပါ ဆိုလို့ ..."

ဒေါ်လေးပေးတဲ့ လက်ဆောင်ဘူးလေးကို ကျွန်မ လှမ်းယူ လိုက်ပါသည် ...။

"ဖွင့်ကြည့်လေ သူငယ်ချင်း ..."

ဝင့်နီက သတိပေးပါသည်။ သူမက မဖွင့်ဘဲ ငေးကြည့်နေတာ ကြောင့် ဝင့်နီက ဘူးကို ဖွင့်ကြည့်သည်။

"ဟယ် ..."

သူမ ဘူးလေးထဲက ရုပ်တုလေးကို ကြည့်ပြီး ရင်ထဲနင့်ရှိုက်သွားပါ သည်။ မျက်ရည်တွေက ဆက်ငိုဖို့ အင်အားမရှိတော့။ ဘာကြောင့် ဒီရုပ်တုလေးကို ရင်ငြိမ်းပေးရတာလဲ ...။

ဟစ်ခါ ဒီလိုရုပ်တုလေးကို ဝယ်ရင်း ကွဲဖူးခဲ့သည်။ ထိုရုပ် တုလေးကို သူမရဲ့ ခုတင်ခေါင်းရင်းက စားပွဲလေးပေါ်မှာ အကွဲအ ကျိုင်း အမှတ်တရ ထားခဲ့ပါသည်။

"ဒီမှာ စာတစ်စောင်ပါတယ် မိမုန်း ..."

ကျွန်မ ဝင့်နီလှမ်းပေးတဲ့ စာကို ဖွင့်ဖတ်ကြည့်မိတော့ ...။

(ချစ်ရတဲ့ ဆိုလို ။ အကြိုးအကြောင်းအလာတွေနဲ့ ပြည့်နှက်နေတဲ့ ဆိုလိုရဲ့ ရင်ခွင်ကျေနပ်နိုင်ဖို့ ကိုယ် မင်္ဂလာပွဲကို စီစဉ်လိုက်တာပါဆိုင်ငို့ ...)

ဒါဆို ရင်ငြိမ်း ကြိုသိနေခဲ့တာပေါ့ ...ဘာကြောင့် တမင် အချိ



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်ရတာလဲ ရင်ငြိမ်း မျက်ရည်စက်တွေ စာရွက်ပေါ် ဖိတ်စင်သည်။

(ဆိုလို ပျော်နေမယ်ဆိုရင် ကျွန်တော် ကျေနပ်ပါကယ်။ ဆိုလို ဖြစ်စေချင်တဲ့ ဆန္ဒအတိုင်း အရုက်တကဲ့ အကျိုးနည်းဖြစ်စေမှုတွေနဲ့ မင်္ဂလာပွဲကို တက်ရောက်လာသူတွေကို ကျွန်တော် ရင်ဆိုင်ရမှာပဲပေါ့ ...အရေးကြီးဆုံးက ဒီပွဲကို ဆိုလို ဆန္ဒအတိုင်း ဖြစ်စေဖို့ မဟုတ်လား၊ ကျွန်တော် ပြောပြမယ် ဆိုလို ...ကမ္ဘာကျော် ပန်းချီဆရာ ဗင်ဂိုးလိုက သူချစ်သူ လိုချင်လို့ သူ့နားရွက်ကို ဖြတ်ပြီး လက်ဆောင်ပေးခွင့်မရှိပေမယ့် ချစ်သူလိုချင်တဲ့ အရှုံးနဲ့ အရှုက်ရခြင်းကို ကျွန်တော် ခံယူပြီး လက်ဆောင်အဖြစ် ကျွန်တော်ပေးရပါတယ်။

တစ်ခါက ကျွန်တော်ပြောတဲ့ လမင်းဝိညာဉ် ပုံပြင်ကို ဆိုလို သတိရရဲ့လား ချစ်သူရဲ့ အကြံအစည်ကို သိပေမယ့် ...လနတ်သားက ချစ်သူနဲ့ အလင်းရောင်ကို ဖန်ဆင်းပြီး ဝဲပျံပြတယ်ဆိုတာလေ.. အခု ကျွန်တော် ဝိညာဉ်တွေလည်း အရှုံးရဲ့ ကောင်းကင်မှာ အရှက်တရားနဲ့ ဝဲပျံနေပါပြီ ...။

နောက်ဆုံးတော့ အချိန်တန်ရင် ကျွန်တော့် ဝိညာဉ်ဟာ အမှောင်ကျတော့မယ့် အဖြစ်မှန်း ကျွန်တော်သိရက်နဲ့ ...။)

စာက ဆုံးသွားခဲ့ပြီ ...တစ်ခန်းလုံး တိတ်ဆိတ်နေသည်။ ကျွန်မ ဘေးက ဝင့်နီ ဘာကြောင့် ထွက်သွားမှန်းမသိ ...မျက်ဝန်းတွေ ...။





"မခေါ်တဲ့ ဧည့်သည်က ရောက်လာပြီ သား ..."

ဖေဖေက ကတ္တီပါဘူးလေးပါမယ့် ပါကင်ဘူးမှန်းသိသည်။

"သား လူလည်းစုံနေပြီ သမီးရောက်မလာသေးဘူးလား"

ဖေဖေက မျက်စိမျက်နှာ ပျက်ပျက်နဲ့ လက်ကနာရီကို ကြည့်ကာပြောသည်။

"လမ်းမှာ ဖွဟဲ့...တစ်ခုခုများ ဖြစ်နေလား မသိဘူး"

မေမေ သူတို့အနားက ပြန်ထွက်သွားပါသည်။ ကျွန်တော်တို့ကာယကံရှင် စိတ်ချမ်းသာဖို့ ပါကင်စက္ကူဘူးလေးကို ဖွင့်လိုက်ပါသည်။ ကျွန်တော့် ဘေးမှာ အပြင်လူတွေမရှိ ဖေဖေ အန်က[illegible]နဲ့ စိန်ကောင်းနှင့် မြင့်ဌေးသာရှိသည်။ စိန်ကောင်းက အ[illegible]မကြည့်ရဲဟန် မျက်နှာလွှဲသည်။

ကျွန်တော့် လက်တွေ တုန်ယင်မနေ အထုပ်ထဲမှာတော့ [illegible] တွေးထားမိသည့်အတိုင်း အနက်ရောင် နှင်းဆီ တ[illegible] စာတစ်စောင် ဆုတ်ဆိပ်တစ်ခု လဲလျောင်းနေပါသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



စာကို သူ ဖွင့်ဖတ်ကြည့်မိသည်။

(ဒီစာကို ဖတ်ပြီးချိန်မှာ "မုန်း" ဆိုတဲ့ မိန်းကလေးတစ်ယောက်ကို ရင်ငြိမ်းမုန်းတီးသွားမှာ သေချာပါတယ် ရင်ငြိမ်းရယ် ...

နှင်းဆီ တခွေ)

လိုအပ်တာထက်ပိုမပြော ဒီပစ္စည်းတွေကို မြင်ရုံနဲ့ ပွဲကပြီးပြီလို့ ယူဆပုံ ဆိုလို စိတ်ကူးထားပုံရပါသည်။

အပြန်အလှန်ပေးခဲ့တဲ့ လက်ဆောင်တွေချင်းမှာ ရည်ရွယ်ချက်တွေက ကွဲပြားခြားနားစွာ ပုံဖော်နေပါသည်။ ဒီအချိန် ကျွန်တော့်ရဲ့ ချစ်သူလည်း ကျွန်တော် ကြိုတင်ပေးခဲ့တဲ့ လက်ဆောင်ဘူးလေးကို ရနှင့်လောက်ပါပြီ ....။

နာရီက အချက်ပေးသံ ထိုးပြီး မင်္ဂလာပွဲကို စတင်ကျင်းပဖို့ အတိတ်နိမိတ်က မင်္ဂလာပွဲကို ဖျက်သိမ်းဖို့ သတိပေးသံလား ကျွန်တော် ခွဲခြားမရခဲ့ ...။

"သား မင်္ဂလာပွဲ ဖျက်သိမ်းကြောင်း ကြေညာလိုက်တော့မယ်"

ကျွန်တော်ခေါင်းညိတ်ပြမိပါသည်။ အန်ကယ်ဌွန်းက ဖေဖေကိုပြောသည်။

"မင်း မိန်းမနားမှာ မင်းသွားနေ မင်းကြီး တော်ကြာ ရှောဖြစ်သွားမှာ စိုးရိမ်ရတယ် ...အစီအစဉ် ဖျက်သိမ်းကြောင်းကို စကားလှအောင် ငါကြည့်ပြောမယ်"

ကျွန်တော် အားလုံးရဲ့ အကြည့်ကို တရားဝင် ရင်ဆိုင်ကြည့်ဖို့ စင်မြင့်ထက်မှာ မက်တတ်ရပ်လိုက်ပါသည်။





အန်ကယ်ဌွန်းက ခပ်လှမ်းလှမ်းမှာ ...၊ အန်ကယ်ဌွန်းဘေးမှာ စိန်ကောင်း။ စိန်ကောင်းရဲ့ ဘေးမှာ မြင့်မြေး ...စင်မြင့်ထက်ရဲ့ ရှေ့ဆုံးဝိုင်းမှာ အစီအစဉ်ကြေညာမယ့် မိန်းကလေးက ပဝါစကို ဆွဲဆန့်သည်။

အဲဒီ မိန်းကလေး ရှေ့က မိုက်ခရိုဖုန်းကို အန်ကယ်ဌွန်း လှမ်းယူတော့ မိန်းကလေးက ကြောင်တောင်တောင်နဲ့ အန်ကယ်ဌွန်းကို ကြည့်သည်။ ကျွန်တော် မျက်ဝန်းကို မှိတ်မိပါတယ် ...ကျွန်တော် စောင့်ကြိုနေတဲ့ အချိန်ကာလ တစ်ခုကို ခံနိုင်ရည်ရှိရှိနဲ့ ဖြတ်သန်းမမယ်လို့ တွေးမိထားခြင်းသည် အမှားတစ်ခုလို့ အခုတော့သိခဲ့ပြီ အန်ကယ်ဌွန်း ကိုင်ဆုတ်ထားတဲ့ မိုက်ခရိုဖုန်းကိုကြည့်ပြီး ကိုယ့်ရင်ထဲက အသွေးအသားတစ်ခုကို ဆုပ်ကိုင်ထားသလို ခံစားမိပါတယ်။

ကျွန်တော့်ဘေးက စိန်ကောင်း စိတ် ဖုန်းသံကြားရသည်။ စိန်ကောင်း ဟိုတယ်အပြင်ကိုထွက်သွားပါတယ်။

အန်ကယ်ဌွန်းရဲ့ ရှုတတ စကားသံ ....

"မင်္ဂလာပွဲကို တက်ရောက်ချီးမြှင့်ကြတဲ့ ..."

ကျွန်တော်လေးပင်တဲ့ ခြေလှမ်းတွေနဲ့ လူတွေအလယ်ကနေ ဖြတ်လျှောက်ကာ ထွက်လာတော့ မျက်ဝန်းတွေက ကျွန်တော့်ကို နားမလည်နိုင်စွာ ကြည့်နေသည်။ မင်းလိုချင်တာ အခုလိုဖြစ်ရပ်မဟုတ်လား ဆိုလို ...

"ဂုဏ်သရေရှိ လူကြီး လူကောင်းအားလုံးကို ကျွန်တော် ခွင့်မရာကနေ ကြေညာချင်ပါတယ်"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်အပေါက်ဝမှာ စိန်ကောင်းအပြင်ကို ကြည့်နေတာ တွေ့သည်။ အဲဒီအချိန်မှာ အရေးပေါ် ဆေးရုံကားက ဥသြသံနှင့်အတူ ဟိုတယ်ထဲ ချိုးကွေ့ဝင်လာသည်။ စိန်ကောင်း က ကျွန်တော့်ကို ခလောတကြီး လှမ်းကြည့်ကာ ..

"ကိုရင် ... ဝင့်နီ ဖုန်းဆက်တယ် ...၊ ဆိုလို ..."

စကားသံက တဝက်တပျက်၊ အဝင်ဝက ညှော်ကြိုကောင်မလေးတွေက ဆေးရုံကားကိုကြည့်ကာ ...

"ဟိုတယ်ထဲမှာ ဘာဖြစ်လို့လဲ မသိဘူး"

ကျွန်တော် ငိုင်တွေတွေနဲ့ သက်ပြင်းချကာ လှည့်ထွက်တော့ ...။

"သူငယ်ချင်း ...ငါ"

ကျွန်တော် စိန်ကောင်း စကားကိုလည်း မကြားချင်၊ ဘဝတစ်ခုလုံး နာကျင်ဆုံးရှုံးပြီးသိမှတော့ ဘာမဟုတ်တဲ့ မျှော်လင့်ချက်သေးသေးလေးကို ဖက်တွယ်မထားချင်တော့ ...၊ ဒီအချိန်ဟာ ကိုယ်တွေးထားတဲ့ အချိန်လေး..၊ ဒီဖြတ်သန်းမှုက သူမ ကျေနပ်ပျော်ရွှင်စေမယ့် နှလုံးသားနဲ့ ရင်းလိုက်ရတဲ့ အလျော်အစား ..၊

ဆိုလို ကျေနပ်မှာပါ ... ကိုယ်ပိုင် ဆိုင်လိုက်ရတဲ့ ဒဏ်ရာ အနာတရကို ဆုလာဒ်လို့ပဲ သဘောထား လိုက်တော့မယ် ချစ်သူ ...။

"မင်းရဲ့ ဆိုလို ကို ဆေးရုံကားနဲ့ ပို့လိုက်ရတယ် ..."

"ဟင် ..."

ရင်ထဲမှာ စိုးထိတ်မှုက အရှိန်အဟုန်ပြင်းပြင်း ကျွန်တော်



BURMESE CLASSIC .com



အလန့်တကြားနဲ့ စိန်ကောင်းကိုကြည့်ကာ ...

"ဆိုလို ဘာဖြစ်လို့လဲ စိန်ကောင်း ..."

"ဟယ် အံ့ပါရဲ့တော် ...ဘာဖက်ရှင်ထွင်တာလည်း မသိဘူး၊ သတို့သမီးက ဆေးရုံကားနဲ့ လာရတယ်လို့ ..."

ကောင်မလေးစကားကြောင့် ကျွန်တော် ဆေးရုံကားရှိရာကို ကြည့်တော့ ... "ဆိုလို ..."

ကျွန်တော် အလိုရှိနေတဲ့ သတို့သမီးလေး ဆိုလိုက သတို့သမီးဝတ်စုံကို ဖရိုဖရဲနဲ့ ဝတ်ဆင်ကာ ကားပေါ်က ကမန်းကတမ်း ဆင်းလာပါသည်။ ဝင့်နီ က ဆိုလိုရဲ့ ဆထုံးကို ပြုတ်မကျအောင် ကလစ်နဲ့ ထိုးရင်း နောက်ကလိုက်သည်...ပြီးတော့ လေးညီမ်း ... ဆေးရုံကားမောင်းတဲ့ ဒရိုင်ဘာနဲ့ ဟိုတယ်လုံခြုံရေး ဝန်ထမ်းက စကားများနေပါသည်။

ဟိုတယ်ထဲက ကြေညာသံကလည်း တပြိုင်နက် ...။

"ဝမ်းနည်းစွာနဲ့ မင်္ဂလာပွဲကို ဖျက်သိမ်းကြောင်း ..."

"ဟာ ဒုက္ခပဲ ..."

စိန်ကောင်း က အခြေအနေကို နားလည်စွာနဲ့ ဟိုတယ်ထဲ ဝင်ပြေးကာ မိုက်ကိုင်ထားတဲ့ အန်ကယ်ဌွန်ကို အကျိုးအကြောင်း သွားပြောနေသည်။ ကားဆရာနဲ့ ဟိုတယ်ဝန်ထမ်းက အခုထိ ပြဿနာဖြစ်နေတုန်း။

"ကားဆရာ...၊ ဘာဖြစ်လို့ ဟိုတယ်ထဲ ဥသြဆွဲပြီး မောင်းဝင်လာရတာလဲဗျ ... ကျွန်တော်တို့ ဟိုတယ်က ခင်ဗျား ဆေးရုံကား



www.burmeseclassic.com

www.burmeseclassic.com



ကို ခေါ်ထားလို့လား ..”

ကျွန်တော် လက်မောင်းကို လာကိုင်တဲ့ သတို့သမီးက ရယ်နေတုန်း ...။

“ဟာဗျာ ...ကျွန်တော့်ဟာ ကျွန်တော် ဆီထည့်ဖို့ သွားနေတုန်း သူ အတင်းတားပြီး၊ လိုက်ပို့ခိုင်းလို့ပေါ့ဗျာ ... မေးလည်းကြည့်ဦး”

ဆိုလို က မော့ကြည့်သည်။ မခြောက်သေးတဲ့ မျက်ရည်စကို ကျွန်တော်အသာ သုတ်ပေးတော့ ...။

“ရင်ငြိမ်း တို့ကို စိတ်နာနေလားဟင် ...”

ကျွန်တော် အပြုံးနဲ့ ခေါင်းခါပြပါသည်။

“ဘာတွေဖြစ်ကြတာတုန်းကွ ...”

ဖေဖေနဲ့ အန်ကယ်ဂျွန်က ဟိုတယ်ထဲက ပြေးထွက်လာပြီး ကျွန်တော်တို့နှစ်ယောက်ကို ဝမ်းသာပီတိနဲ့ ငေးကြည့်နေတဲ့ လေးငြိမ်းကို မေးပါသည်၊ လေးငြိမ်းက ဖေဖေနဲ့ အန်ကယ်ဂျွန်ကို ရှင်းပြနေပါသည်။

“ဘယ်လိုကြောင့် ...”

ကျွန်တော်ရဲ့ အမေးကို သူမက ကျွန်တော် နှုတ်ခမ်းကို လက်နဲ့ ထိပြီးတားသည်။

“ဖေဖေ အချိန်မှီ ရောက်လာတယ်လေ ...ဖေဖေ သက်သေ အနေနဲ့ ဦးမိုးကောင်းကို ခေါ်လာလို့ပေါ့ ...”

“ဒါဆို လေးညီမ်းက ဦးမိုးကောင်းနဲ့ တွေ့ခဲ့တာပေါ့ ...”

ဆိုလိုက ချစ်စရာကောင်းတဲ့ အပြုံးနဲ့ ခေါင်းညိတ်ပြပါသည်။





“ဘယ်လိုလဲဟင် ဆိုလို အမြန်ပြင်လာတာ အဆင်ပြေပုံမလား”

ဆိုလို့စကားကြောင့် ကျွန်တော် ကြည့်မိသည်။ ချွေးစို့နေပေမယ့် ဒီအချိန်မှာ အရမ်းကို လှနေသည်ဟု မြင်မိသည်။

ဝင့်နီက မော်ကြီးပန်းကြီးနဲ့ ရောက်လာပြီး ....။

“ကဲ အလွမ်းသယ်မနေနဲ့ ဟိုမှာ စိန်ကောင်း ပရိသတ်ကို မနည်းဖြေရှင်းနေရတယ် ...ဟဲ့ ဆိုလို ... ဆံထုံး ပြုတ်ကျမယ်နော်”

“ပြုတ်ကျကျ .... မကျကျ မင်္ဂလာဆောင်ဖြစ်ဖို့က အရေးကြီးတယ်။ ဟုတ်တယ်နော် မောင်ရင် ...”

ဆိုလို့ စကားကြောင့် ကျွန်တော် သဘောကျစွာ ရယ်ပြီး ...။

“ဒါပေါ့ ...”

ဝင့်နီက မျက်စောင်းထိုးပြီး ...။

“လိုက်လည်း လိုက်တဲ့ အရူးစုံတွဲ ...ကဲ မြန်မြန်ခန်းမထဲဝင်”

ကျွန်တော်တို့ ခန်းမထဲ ဆိုလိုနဲ့အတူ လျှောက်တော့ ပရိသတ်တွေက ကြောင်တောင်တောင်နဲ့ ကြည့်နေကြပါသည်။

“လေးညီမ်းက ဘယ်လိုသိတာလဲ ဆိုလို”

ကျွန်တော် ခပ်တိုးတိုးလေး မေးတော့ ဆိုလိုက ဆံထုံးကို ပြုတ်မကျအောင် လှမ်းထိမ်းကာ ခပ်တိုးတိုးလေး ဖြေသည်။

“စိန်ကောင်း ပြောပြတာတဲ့ ...”

ဆိုလို့ စကားကြောင့် ကျွန်တော် စိတ်ယဲကဖနေ တွေးမိပါသည်။ မင်္ဂလာပွဲပြီးရင် ကျေးဇူးရှင်ကြီးကို ထိုင်ကန်တော့သင့်သည်လို့ ...။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင် ..."

"ဟင် ..."

ဆိုလိုက အပေါ်ကို မျက်ဝန်းပင့်ပြကာ ...။

"ဝင့်နီ အမြန်ထုံးပေးထားတဲ့ ဆံထုံးဟ ပြုတ်ကျတော့မယ် ထင်တယ် ..."

"ကျကျကွာ ...ဆံထုံးမရှိလည်း မင်္ဂလာပွဲက ဖြစ်ပါတယ်"

ကျွန်တော် စကားကြောင့် ကျွန်တော် သတို့သမီးလေးက အားရပါးရဟန်မဆောင်နိုင်စွာ ရယ်ချတော့ ဆံထုံးက ပြုတ်ကျသွားကာ မင်္ဂလာ သီချင်းဆိုနေတဲ့ အဆိုတော်က အဆိုရပ်သွားကာ ပါးစပ်အဟောင်းသားနဲ့ ကျွန်တော်တို့ကို ကြည့်သည်။ ပရိသတ်တွေလည်း ကြွန္ဓေမရတဲ့ သတို့သားနဲ့ သတို့သမီးကို ကြည့်နေကြပါတယ် ...။

ကျွန်တော့်ရဲ့ သတို့သမီးလေးက ခပ်တည်တည်နဲ့ ဆံထုံးကို ပြန်ကောက်ကာ လှမ်းမှာပိုက်ထားပြီး ကျွန်တော် လက်ကိုတွဲကာ ဆက်လျှောက်ပါသည်။

ကျွန်တော်သိနေပါတယ် ...

သူမရင်ထဲမှာ အညှိုးအာဃာတတွေ အစား အပျော် (သို့မဟုတ်) လမင်းရဲ့ ဝိညာဉ်ရှိနေမှာကိုလေ ...။

ဒိနိုင်းခ

ရွှေသမင်စာပေ

BURMESE CLASSIC .com

www.burmeseclassic.com